www.dhammaransi.com

# မုံရွာမြို့လယ်တီဆရာတော်ဘုရား

ကြီးနှစ်ပါး။ နှီးနှောတိုင်ပင်၍။ စီရင်
တော်မူသော။ မူရင်းတွင်
နောက်ထပ်အန္တရာယ်
ကင်း၊ စီမံချက်များကို။ ထည့်သွင်း၍
စီရင်အပ်သော

# ရောဂန္တရဒီပကာကျမ်း

—— S ——

စာအုပ်ရှင်၊ မန္တလေးမြို့၊
ရတနာပုံမြန်မာစာအုပ်တိုက်ဆိုင်
မင်းကတော်ကြီး
သား မောင်ဘထူး

www.dhammaransi.com

# နိဒါန်း

ခုလောက၊ဘုံဘ၀နိုက်၊ ဒုက္ခထွေထွေ၊ခံနေ
မပဲ၊ဆင်းရဲကြီးစွာ၊ရှိနေ ကြကုန်သော၊ဝေနေယျ
များစွာ၊ သတ္တဝါခပဲတို့အား၊ ထိုဆင်းရဲ မှုမျိုးမှ၊
လွတ်ကင်း၍၊သုခဆိုသော၊ ချမ်းသာလမ်း၊ ချမ်း
သာစခန်းသို့ ရောက်ပေါက် နိုင်ကြရန်၊နည်းညွှန်
လမ်းပြ၊ဓမ္မဒေသက ဖြစ်တော်မူသော၊မဟာကရု
ဏာ တော်ကြီးသခင်၊ ရှင်ပင် မြတ်စွာ၏၊ သာသ
နာတော်မြတ်နိုက်၊ လောကဗ္ဗစရိယာဆိုသော အ
လုပ်မှုမျိုးကို၊အားကြိုး ရွက်ဆောင်တော်မူလျှက်၊
ပြောင် မာတင်ဟန်း၊ ငါးကြန်ရုံညီ၊ ဂုဏ်အင်္ဂါ
...ချောင့်၊မဟာတလ၊ဒီပရိုက်ချုန်း၊ရွှေဘုန်းတေဇာ
...မှာကြီးရင့်၊ဘုန်းတန်းပွင့်၍၊ကဲမြင့် ထင်ပေါ်၊
...ကျော်ကြားသေါသတင်းဂုဏ်ထူးရှိတော်မူသေါ
...ရှာမြို့၊လယ်တီ ဆရာတော်ဘုရားသည်၊ ယခု
...လောက၊ခေတ်သမယ ကြီးဝယ်၊ပွါးစီး ဖြစ်ပေါ်
...သော၊ကပ်ဥပါဒ်ဆိုး၊ရောဂါမျိုး၊နိမိတ်၊ပဋိတ်
...သော ဝေဒနာ၊ ကြမ်းတမ်း ယုတ်မာ စွာတို့
...၏၊သတ္တဝါတို့၊ပူဗျာ လောင်ကျွမ်း၊ ပင်...
ဒုက္ခနေကြ သည့်ကို၊ မြင်တွေ့ကြား ...

www.dhammaransi.com



သည်မှ။နေ့ညမအားစေစင်းစားဆင်ခြင် တော်မူ၍။ ကြည်ဖြူသနားခြင်းရှိသော်၊မဟာ ကရုဏာတော် ဖြင့်။ သတ္တဝါ တို့အား၊ ထိုဖြစ်ပွားသော ရောဂါ ဘေးမျိုးတို့မှ။လွတ်ကင်းချမ်းသာကြစေရန်၊နည်း ညွှန်သမ်းကြောင်း၊ ဆေးဒေကာင်းပမာ။ ကျမ်းစာ တခုကို။ပြုစုတော်မူမည် ကြံချည်တော်မူသည့်အခ တိုင်း၊ ၁၂၇၀ပြည့်နှစ်။ မော်လမြိုင်မြို့၌၊ ဝါတော် မှီတင်း။ သီတင်းသုံးနေတော်မူစဉ်ဝယ်။ရင်း မော် လမြိုင်မြို့။ရတနာဘုံမြင့်ဆရာတော်ဘုရားကြီးနှင့် နှီးနှောတိုင်ပင်၍၊စီရင်ပြုစုတော်မူအပ်သော

(ရောဂနိဒ္ဒေဒီပနီ)

ကျမ်းစာကို။ ပဋ္ဌမပုံနှိပ်၍ပြီးပါကြောင်း။ ။

၁၂၇၂ခုနှစ်၊တပို့တွဲလဆန်းတွင်း။ မန္တလေး ... တော်သို့ လယ်တီ ဆရာတော် ဘုရားကြီး ... ကိုယ်တော်တိုင် ကြွတော်မူ၍၊ အများ ပြည်သူ အား ကပ်ဥပါဒ်မှ၊ ကင်းလွတ်ကြရန်၊ ပရိတ် ... လုပ်နည်း၊ပရိတ်မီးလုပ်နည်း အကျွရာတံဆိပ်လုပ် နည်းစသောနည်းလမ်းအမျိုးမျိုးတို့ကို၊ နေ့ည ... တဖန်အသစ်စီမံတော်မူပြီးသျှင်။ရင်း ရောဂ ... ဒီစာအုပ်တွင်၊ ထည့်သွင်းဖြည့်စွက်၍ ... ပ်လုပ်ဆောင်ရန်၊ မန္တလေးမြို့ ...

တော်ကြီးအရှေ့ဘက်။ အပြင်တန်း ခရိုင်နံ့ပါတ် ၃-၄-၅။ ရတနာပုံ၊ မြန်မာ စာအုပ်တိုက်ဆိုင်ရှင်၊ မင်းကတော်ကြီး မညွန့်သို့၊ ဆရာတော်ကြီးကိုယ်တော်တိုင်။ ပေးအပ် ချီးမြှင့် တော်မူပါ၍၊ အများပြည်သူတို့အား အသက်၏၊ အန္တရာယ်။ ကာကွယ်ရန်ရည်သန်တောင့်တပြီးလျှင်။ ပုံနှိပ်လုပ်ဆောင်ပါသည်။ အများပြည်သူအပေါင်း သူတော်ကောင်းတို့ဆောင်ရွက်ကြည့်ရှုနိုင်ကြပါစေကုန်သတည်း

www.dhammaransi.com

# ရောဂန္တရဒီပနီကျမ်း

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) မော်လမြိုင်မြို့၊ရတနာဘုံမြင့်ဆရာတော်၊
(၂) မုံရွာမြို့လယ်တီဆရာတော်၊

ဆရာတော်ကြီး-နှစ်ပါးတို့သည်သဘော
ာင်လျက်၊ အသက်ထက်ဆုံး၊ မိမိတို့တွေ့
၍လာခဲ့ကြသောကပ်ရောဂါအကြောင်း
ကို၊သေချာစွာဘောင်ပြုလျက်၊
မ်းစာကို နိုင်ငံမြို့ရွာ နှံ့ပြားအောင် အား
ာသူသည်၊နိုင်ငံမြို့ရွာ၏အသက်ကိုကယ်
ဖြစ်၏။ အသိန်းမကသော လှူသူကြွင်းသွား
ာ်အား၊ ဓိပိတဒါနကိုပေးလှူသူမည်၏၊
စာကိုကြည့်ရှုသူတို့သည်လည်း၊အမှတ်
ာမကြည့်ကြရကုန်၊အသက်မှုကြီးဖြစ်ချေ
အဲပ်ကြပ်ကြီးရေပိုက်၍ကြည့်ရှုကြကုန်ရ

# ရောဂန္တရဒီပနီကျမ်း။

## (၁)ပဌမအခန်း။

မြို့ရွာတို့နှိက်ကပ်ဥပါဒ်ဆိုက်ရောက်လိမ့်မည်
ကိုတင်ကူး၍သိနိုင်ရာသောနိမိတ်များ။

၁ ခွေးသည်သတ္တဝါတို့အထူးဆူအူခြင်း။

၂ နေ့အခါနှိက်။ ကျီ သတ္တဝါတို့။ အထူးဆူညံခြင်း

၃ ညအခါနှိက်၊အိပ်နေရာသစ်ပင်တို့မှ၊ကျီး သတ္တဝါတို့ထကြွလှုပ်ရှားခြင်း။

၄ ညအခါနှိက်၊ ကုတ်ကချူးခေါ်သော ငှက် ဆိုးတို့မည်တွန်ခြင်း။

၅ မြစ်ရိုးမြစ်စဉ်မြို့ရွာတို့မှ၊မိမိတို့မြို့ရွာအိပ် ကမ်းသို့၊တပ်လှေ၊တပ်သင်္ဘောဆိုက်လာ သည်ဟုအိပ်မက်မြင်မက်ခြင်း။

၆ ကုန်းမြို့- ကုန်းရွာတို့မှာ၊ မိမိတို့ မြို့ရွာသို့၊ တပ်ဆိုက်လာသည်ဟု။မြင်မက်ခြင်း။

၇ အချို့သောမြို့ရွာတို့နှိက်။နေ ဝင်ရီတရော မှာခါမှာ။မိမိတို့မြို့ရွာသို့၊တပ်ချီ၍လာသည် ကို။ကိုယ်တိုင်ဒိဋ္ဌတွေ့မြင်ကြခြင်း။

၈ မိမိတို့မြို့တွင်းရွာတွင်းသို့။သူရဲခေါ်သော လူနီကြီးများဝင်လာသည်။ဘီလူးခေါ်သော

www.dhammaransi.com



လူနက်ကြီးများဝင်လာသည်။သူဘက်ခေါ်
သော လူဖြူကြီးများ ဝင်လာသည်။ ဝက်
ကောင်ကြီးများဝင်လာသည်။ နွားမတန်း
ခန့်ရှိသော- ခွေးကောင်ကြီးများ ဝင်လာ
သည်။တထွာတမိုက်ခန့်အမွေးရှိသောရေ
သူဘက်ကောင်ကြီးကျန်းသူဘက်ကောင်
ကြီးများဝင်လာသည်ဟု။ မြင်မက်ခြင်း။

၉ မည်သည့်အိမ်ပေါ် တိုက်ပေါ်သို့ဥင်း။မိမိ
အိမ်ပေါ် တိုက်ပေါ် သို့ရင်း။ထိုအကောင်
ကြီးများတက်သည်ဟုမြင်မက်ခြင်း။

၁၀ ညအခါ၌မိမိတို့မြို့တွင်းရွာတွင်းမှာထိုအ
ကောင်ကြီးများ သွားလာ၍။ နေသည်ကို။
ကိုယ်တိုင်ဒိဋ္ဌတွေ့မြင်ကြခြင်း၊မိမိတို့ဝင်း
ထဲ ခြံထဲမှာ။တိုက်နေသံဘေး၊အိမ်နောက်
ဘေးများ၌ကိုယ်တိုင်ဒိဋ္ဌတွေ့မြင်ကြခြင်း။

၁၁ နေ့ဝင်စအခါ မြို့ရွာအနီးမှာ တွေ့မြင်ကြ
ခြင်း။

၁၂ ညအခါ။ မြစ်ရေထဲ၊အင်းရေထဲမှ၊ တက်
လာ၍၊မြို့တွင်းရွာတွင်းသို့ဝင်ကြသည်ကို
ရင်း၊အိမ်ပေါ်၊တိုက်ပေါ်သို့တက်ကြသည်
ကိုရင်းမြင်မက်ခြင်း။

www.dhammaransi.com

# ရောဂန္တရဒီပနီကျမ်း။

၁၃ မြစ်ဆိပ်များမှာလှေနှင့် နေကြရာ။နေဝင်စ
အခါ။ မြစ်ရေထဲမှ၊ဘွားခနဲ၊ဘွားခနဲ ပေါ်
ကြ၍။မြို့တွင်းရွာတွင်းသို့။ဝင်ကြသည်ကို
ဒိဋ္ဌတွေ့မြင်ကြခြင်း။

၁၄ ရေထဲမှပေါ်လာ၍မိမိတို့လှေပေါ်သို့တက်
လာသည် ကိုရင်း။ သူတပါး လှေပေါ်သို့
တက်လာသည်ကိုရင်း။ ကိုယ်တိုင်ဒိဋ္ဌတွေ့
မြင်ကြခြင်း။

၁၅ မြို့တွင်း ရွာတွင်း။ဝင်းတွင်း ခြံတွင်းတို့၌
မိန်းမနက်ကြီးများကိုတွေ့မြင်ကြခြင်း။

၁၆ လူနေပါးသောအိမ်ကြီးတိုက်ကြီးကျောင်း
ကြီးများနှက်၊ အိမ်အောက်။အိမ်ပေါ်။တိုက်
အောက်။ တိုက်ပေါ်၊ ကျောင်းအောက်။
ကျောင်းပေါ်တို့မှာပင်တွေ့မြင်ကြခြင်း။

၁၇ မြို့တွင်းရွာတွင်းသို့ ဆင်တွေဝင်သည်၊
ကျားတွေဝင်သည်·နွားတွေဝင်သည်ကျွဲ
တွေဝင်သည်ဟုမြင်မက်ခြင်း။

၁၈ မြို့တွင်းရွာတွင်းမှာ မီးလောင်သည်ဟုမြင်
မက်ခြင်း။ထားပြတိုက်သည်ဟု မြင်မက်
ခြင်း။ ရုပ်သေးပွဲ။ဇာတ်ပွဲ။ခံသည်ဟု မြင်
မက်ခြင်း။

www.dhammaransi.com



၁၉ နေ့အခါ၌ မြို့တွင်းရွာတွင်းသို့။ ကျားဝင်ခြင်း။သစ်ဝင်ခြင်း။ တောယုန် ဝင်ခြင်း။ သမင်ဒရယ်ဗသော၊ တောတိရစ္ဆာန်တို့ ဝင်ခြင်း။သောကြက်တွေ့ဝင်ခြင်း။

၂၀ ညောင့်တုန်းမြို့များကဲ့သို့။အိမ်ပေါ်၊တိုက်ပေါ်တို့မှာ အခိုး တလူလူ ထသည်ကိုမြင်ရခြင်း။

၂၁ ဟာသံတမြို့များမှာကဲ့သို့။ညအခါနှင့်မြို့တွင်းရွာတွင်းမှာအပုပ်အနံ့လှိုင်ခြင်း

၂၂ မြို့ပေါ်ရွာပေါ်မှာ ကျီးလင်းတ များစွာတို့ ဝဲခြင်း။

၂၃ မြို့ပေါ်ရွာပေါ်မှာ မိုးစပ်းတိမ်းနီ၊မိုးစပ်းတိမ် ဝါတို့သောက်ခြင်း။

၂၄ မြို့တွင်း ရွာ တွင်းမှာ။ ယင်ကောင်ကြီး ယင်ကောင်ငယ်တို့ အထူး များပြားခြင်း။

၂၅ အိမ်တွင်းတိုက်တွင်းမှာ။အိမ်မြှောင်၊ယင်မှက်၊ကြွက်သတ္တဝါတို့ကျ၍ယုတ်တရက်သေဆုံးသည်ကိုတွေ့မြင်ကြခြင်း။ အသေကောင်များစွာကိုတွေ့မြင်ကြခြင်း။

၂၆ နွားကျွဲသတ္တဝါတို့၌ ကပ်ရောဂါကျရောက်လိုသော်။ ညအခါ၌၊နွားခြံ ကျွဲခြံတို့မှ။နွား

ကျဲ့ဘို့ တရှန်းရှန်းရှိခြင်း၊ နေ့အခါတောအ
ရပ်၌တော ခြုံရှိရာတို့မှ တရှန်းရှန်းလန့်ခြင်း။
၂၇ မြင်းတို့၌ဝင်း။ သိုးဆိတ်တို့နှက်ဝင်း။ ကာ
ဥပါဒ်ဘျခေါ်လိုသော်။ ထိုအတူ။ တစုံတခု
ဘောဘက်ပြန့်မှုပေါ်လာခြင်း။

---

ဤအလုံးစုံသော တိုက်နိမိတ်များသည်။ ကပ်ရောဂါ ဆိုက်ရောက်လိုသော်။ ရှေးရှေးအခါတို့၌လည်း။ အရို့အစဉ်။ ထင်လျှား၍လာခဲ့ကြ၏။ ။ ယခု၂ဋ္ဌဘ်ရောဂါ။ ပေါ်ပေါက်လာရာ၌သည်း။ ထိုထိုမြို့ရွာတို့မှာထင်လျှားစွာ။ တွေ့မြင်သိရှိ၍ နေကြသောနိမိတ်များပေတည်း။ ၊ပြိတို့မြို့ရွာတို့၌ဤနိမိတ်များ တစုံတခုဖြစ်ပေါ်တွေ့မြင်ကြသည်ရှိသော်။ ငါတို့မြို့ရွာသို့။ ဘီလူးသူဘက်တို့ လာရောက်ကြကုန်ပြီ။ ယနေ့လား။ နက်ဖန်လား။ ငါတို့မြို့ရွာမှာကပ်ရောဂါဖြစ်ခြေတော့မည်ဟုအမှန်သိကြကုန်ရာ၏။ ရပ်ကွက်။ တိုက်အိမ် တို့မှာထင်မြင်ခဲ့သော်။ ထိုရပ်ကွက်။ ထိုတိုက်၊ ထိုအိမ်တို့မှာသိကြကုန်ရာ၏။

ကပ်ရောဂါဖြစ်လိမ့်မည်ကိုတင်ကူ၍သိနိုင်
ရန်နိမိတ်များကိုပြဆိုခဲ့ပြီး၏။

www.dhammaransi.com



## (၂) ဒုတိယအခန်း။

လောကဝ်၌ တစ္ဆေ မှင်စား၊ခေါ်ကြသောနတ်ယုတ်၊နတ်ညံ့မျိုးတို့လည်းများစွာရှိကြကုန်၏၊အကြီးအကျယ်အန္တရာယ်ကို မပြုနိုင်ကြကုန်။ချော်ရုံ၊ လှန့်ရုံ၊ ခေါင်းမူးရုံ၊ ခေါင်းသေးရုံ၊ သူငယ်ကလေးများကို၊အငိုတိုက်ရုံ တတ်နိုင်ကြကုန်၏၊ အကောင်သဏ္ဍာန်လည်း ငယ်ကြကုန်၏၊သားစိမ်းစား၊ငါးစိမ်းစား မဟုတ်ကြကုန်၊လူတို့မြဲ စားနှပ်စားပေါက် ကိုရှာကြီးကောက်ယူ၍ စားသောက်နေထိုင်ကြကုန်၏။ ။အစိမ်းသားရဲသူဘက် ခေါ်သောဘီလူးမျိုးတို့သည်သာလျှင်အကြီးအကျယ်အန္တရာယ် ကင်ဥပါဒ်ကို၊ ပြုနိုင်ကြကုန်၏၊ထိုဘီလူးတို့သည်။ကျွန်းဘီလူး။မြေဘီလူးရေဘီလူးဟူ၍သုံးမျိုး ရှိကြကုန်၏၊ ကျွန်းဘီလူး ဆိုသည်ကား၊မြို့တွင်းမြို့ပြင်၊ရွာတွင်းရွာပြင်၊သစ်ပင်ကြီး၊ဝါးပင်ကြီးထန်းပင်ကြီး၊ပေပင်ကြီး တို့နိုက်၎င်း။ ဂူဟောင်း၊ လိုဏ်ဟောင်း၊စရပ်ဟောင်း၊ကျောင်းအိုကျောင်းပျက်၊ဘုရားပျက် စသည်တို့နိုက်၎င်းတောကန္တာရ၊တောင်ကန္တာရ၊ သဲကန္တာရနိုက်၎င်း၊များသောအားဖြင့်သုသါန်သင်းချိုင်းတို့၌နေကြ

၁၈၄၈

www.dhammaransi.com



ကျန်သောဘီလူးတို့ကို။ကျ ႈဘဲမိလူးဆိုသည်။ ။မြေ ဘီလူးဆိုသည်ကား။မြေထဲနှိုက် နေကြကုန်သော မြေဘုတ် ဟူ၍ ခေါ်သော ဘီလူးမျိုး။ မြေထဲမှာ တွင်းလိုဏ်ရှိရာဝင်၍ မြို့ရွာတည်ထောင်၍ နေကြ ကုန်သော၊ ကျတ် ခေါ်သော မြေဘီလူးတို့ကို ဆို သည်။ ။ရေဘီလူး ဆိုသည်ကား၊ ပင်လယ်ထဲ ၌၎င်း၊မြစ်ထဲ အင်းထဲအိုင်ထဲ ချောင်းအိုး ရေကန် အိုတို့၌၎င်း။ သမုဒ္ဒရာ အလယ်။ ကျွန်းငယ်တို့နှိုက် ၎င်း။နေကြကုန်သောဘီလူးတို့ကိုဆိုသည်။ရန်ခ ရန် ခါ ပင်လယ်နှိုက် သွားကြကုန်သော ဖျော်သင်္ဘော တို့ကို။နှောင့်ရှက်တတ်ကြကုန်၏။ ။အခွာနခွာ မြို့အစရှိကုန်သော။ကောင်းကင်မြို့တို့နှိုက် နေကြ ကုန်သောကောင်းကင်ဘီလူးတို့သည်၊ ရှိကြကုန် သေး၏။ထိုတွင်တန်းခိုးငယ်သောဘီလူးတို့သည်၊ ဝမ်းရောဂါမျှကိုသာပြုလုပ်နိုင်ကြကုန်၏၊တန်းခိုး ကြီးသော ဘီလူးတို့သည် မှကား ငရှိဘ် ရောဂါ ဝမ်းရောဂါနှစ်ပါးတို့ကို။ပြုလုပ်နိုင်ကြကုန်၏။ ။ ရေဘီလူးတို့သည်၊လူတို့၏ အသွေးအဆီ ကျွဲနွား တို့၏အသွေးအဆီတို့ကို၊ စားသောက်ခြင်းငှာပင် လယ်မှတက်လာကြကုန်၍မြစ်ရိုးမြစ်စဉ် တလျှော် မြို့ရွာတို့နှိုက်ကပ်ဥပါဒ်ကို ပြုလုပ်ကြကုန်၏၊ယခု

www.dhammaransi.com



အခါ၌မူကား၊မိုးရထိါးလမ်းတံလျှော်ကိုလည်းရှော်ကြကုန်ရိပ်ထင်၏။ မြို့ရွာရှိကုံးဘိလူး။မြေဘိလူးတို့သည်လည်း ယောနွှောလျက် လိုက်ကြကုန်၏။ ညအခါနှိုက်ရင်ဝကွက်ဝ ဝတ်တက်အသင်းများသောမြို့ရွာ။ ရဟန်းသင်္ဃာတို့ ကျောင်းတိုက် မှ နံက်စောစောထ၍ဝတ်တက်ခြင်းများသောမြို့ရွာတို့ကိုရှောင်ကွင်းတတ်ကြ ကုန်၏။အကြင် မြို့ရွာတို့မှ၊ညအခါနှိုက်ဝင်း။ နံနက်စောစောနှိုက် ဝင်း။ ပရိတ်တော်ကြီး၊ ဂုဏ်းတော်ကြီး။ မေတ္တာပို့ကြီးများ။ ရွတ်သံ။ဘတ်သံ၊ဆိပ်၏။ ရှင်ရှင်လူလူသင်းအောင်အိပ်၏။ထိုမြို့ရွာတို့သို့ရောကြကုန်သည်ရှိသော်။နေ့အခါမြို့ပြင်ရွာပြင်မှာ။သုသာန် သင်္ချိုင်းများနှိုက်ဝင်း။လူသူအရောက် အပေါက်နည်းပါးရာ။စရပ်ဟောင်း။တန်ဆောင်းဟောင်း။ ကျောင်းအို။ကျောင်းပျက်။သစ်ပင်တောခြုံတို့နှိုက်ဝင်း နေကြကုန်၏၊ ရေဘိလူးတို့သည်။ မြစ်ထဲ အင်းထဲမှာလည်း နေကြကုန်၏၊ ညအခါ လူသူ နည်းပါးသော တောမြို့ တောရွာ ဖြစ်ခဲ့ သော်။ နေဝင်၍မှောင်ရီလျှင်၊ မြို့တွင်းရွာတွင်းသို့။ဝင်ရောက်ကြကုန်၏။ခွေးတို့သည်။အရိပ်အသွင်မြင်ကြကုန် သဖြင့်ဆူအူကြကုန်၏၊ လူသူ ထူထပ်သော မြို့ကြီး

www.dhammaransi.com



တို့နှိက်မှုကားလမ်းကြီးလမ်းငယ်တို့နှိက် လူသူရ ထား အသွားအလာ ပြတ်စဲရာ။ ဆယ်နာရီ။ ဆဲ့တစ်နာရီစီတနိုမှာမြို့တွင်းရွာတွင်းသို့ဝင်ရောက်ကြကုန်၏၊ ။နေ့အခါမှာသည့်မြို့ပြင်ရွာပြင်မှာတွေ့ရှိကြသော၊ နွားကျွဲလူသူတို့ကိုမှိုတွယ်၍မြို့တွင် ရွာတွင်းသို့ဝင်တတ်ကြကုန်၏။လက်နှိက် ဒုတ်ထား လက်နက်၊ သူ့ခါး မီးစ၊ ပါရှိသောသူများကိုမမှိုတွယ်ဝံ့ကြကုန်။မိန်းမယောကျာ်းအကြီး အငယ်မဆိုမေါင်းချထားငယ်ကိုအသွားထုတ်ဘော်ချ်စွဲမြဲကြကုန်ရမည်။ ။ညအခါနှိက်၊ မြို့တွင်းရွာတွင်းသို့ဝင်ရောက် ကြကုန်ပြီ၊ လျှင် မီးအလင်းမရှိဘဲ၊ မှောင်မဲမဲနှင့်အိပ်ပျော်၍နေကြသော ငင်းခြံတိုက်အိမ်ကိုရှာကြကုန်၏၊ ။တွေ့ရှိကြသောအခါ။ အကာအရံ မလုံခြုံသော တိုက် အိမ် ဖြစ်ခဲ့သော် တိုတ်ပေါအိမ်ပေါသို့တက်ကြကုန်ပြီ၊ လျှင် အိပ်ပျော်၍နေကြသောလူတို့ကို။ ကိုယ်တွင်း ကိုယ်ပတို့နှိက်။တွယ်ကပ်ကြကုန်လျှက်၊ ပဋိတ်ဖျားရောဂါ။ဝမ်းရောဂါတို့ကိုပေး၍ အသွေးအဆီ တို့ကို။ ရုတ်ယူမျိုသောက်ကြကုန်၏၊ ။အိပ်မပျော်သော်လည်းထိပ်လန့်အောင်ပြု၍ထိပ်လန့်ခြင်းဖြစ်သော သူကိုဘမ်းနိုင်ကြကုန်၊ ။အိပ်ပျော်သောသူ

ငယ်တို့၌ရင်း။ လူနာတို့၌ရင်း။ ခံတွင်းပေါက်မှအ
သဲအဒရူတ်တို့ကို။ နှုတ်ယူတတ်ကြကုန်၏။ လည့်ဖွဲ့
အင်းဝတ်ထားခြင်း။ လည်ဘင်းနှိုက် ပရိတ်ချည်။
မန္တာန်ချည်။ ဝတ်ထားခြင်းများသည်။ ကွယ်ကာ
တတ်၏။ ။အကာအရံလုံခြုံလှ၍အိမ်နှပေါ်တိုက်
ပေါ်သို့။မတက်နိုင်ရှိခဲ့သော်။အိမ်အောက်။ တိုက်
အောက်တို့နှိုက်ရင်း။နောက်ဘေးနောက်တံရှိ။တဲ
အုံးကျိုက်။ အိမ်သာစသည်တို့နှိုက်ရင်း။ သစ်ပင်
ထန်းပင်တို့နှိုက်ရင်း။ နေကြကုန်၍။ ညအခါနှိုက်
အခို လွှတ်ခြင်း။အနံ့လွှတ်ခြင်း။ကိုယ်တိုင်ပြခြင်း။
အိမ်မက်နှိုက် ပြခြင်းတို့ဖြင့် အိမ်သူအိမ်သားတို့
ကိုသာဘမ်းယူတတ်ကုန်၏။ ဝင်းတွင်းခြံတွင်း
နှိုက်ပံရိတ်ရေ။မန္တာန်ရေ။ပရိတ်သဲမန္တာန်သဲကြဲ
ထားခြင်းများသည် ကွယ်ကာတတ်၏။ သစ်ပင်
ထန်းပင်များနှိုက် ဟောတုပဌယော စသည်တို့ကို
ပတ်မိအောင်ရေးထားခြင်း။အင်းအိုင်ဂါထာများ
ကပ်ထားခြင်းသည်ထိုသစ်ပင်ထန်းပင်တို့အပေါ်
မှာမနေနိုင်အောင်ကွယ်ကာတတ်၏။

ဤစကားနှိုက် အခိုးလွှတ်ခြင်း ဆိုသည်ကား
မိမိတို့ကိုယ်မှ မိမိတို့တန်ခိုးဖြင့်အခိုးတို့ကို။ လွှတ်
ကြကုန်၏။ထိုအိမ်နှိုက်ထိုအခိုးထိခိုက်သမျှသော

သူတို့သည်။အိပ်မပြောင်-ယင်-မှက်-ကြွက်-သတ္တဝါတို့မှစ၍၊ရောဂါဥပါဒ်ကပ်ရောက်ကြကုန်၏။ ။ပင်လယ်ကမ်းနား၊ အင်းကြား-အိုင်ကြား၊ တောတောင်များနှိုက်သွားသာ၍နေကြကုန်သောသူတို့သည်။ ထိုအခိုးမျိုးကို သူရဲခို ဟူ၍ ခေါ်ရိုးအစဉ်ရှိကြကုန်၏။သွားရာလာရာတို့နှိုက်မြေမှဒင်း သစ်ပင် တောခြုံများမှဒင်း၊ အခိုးတလူလူ တက်ကြွ၍နေသည့်ကိုမြင်ကြလျှင်လွတ်လွတ်ရှောင်ကွင်း၍သွားကြရမည်။ ထိုအခိုး ထိခိုက်လျှင် ဥပါဒ်ဖြစ်တတ်သည်ဟူ၍သားစဉ်မြေးဆက်ပြောဆိုဆုမ္မရိုးရှိကြောင်းကို။ငါတို့အားလျှော်ထား၍။ကြားသိရဘူး၏။ ။မန္တလေးမြို့မှာ၊ပဋ္ဌတ်ရောဂါဖြစ်နေစဉ်အခါ၊ မန္တလေးမြို့နေ၊ မိတ်ဆွေများတသို့အနောက်နိုင်ငံမှ။ပေးလိုက်သည့်စာတခု မှာသည်။မန္တလေးမြို့နှိုက်။ပဋ္ဌတ်ရောဂါဖြစ်နေသည်ကြားပါသည်။ရန်ကုန်မြို့။မျက်မှန်တိုက်ဆိုင်များမှာတဆဲ့ငါးကျပ်တန်။ မျက်မှန်တမျိုးရှိပါသည်၊ဝယ်ယူထားကြပါလမ်းရှောက်သည့်အခါမှာဒင်းမျက်မှန်နှင့်ရှေ့သို့မြှော်ကြည့်၍ ရှောက်ကြပါလျှင်၊အခိုးတလူလူထ၍နေသည်ကိုမြင်ကြပါလိမ့်မည်၊ထိုအခိုး ထိမိလျှင်၊ပဋ္ဌတ်ရောဂါဖြစ်တတ်ပါသည်၊

www.dhammaransi.com



လွတ်အောင် ရှောင်ကြပါလေဟုပါ၏။ ။ဆာရာ ဝန်မင်းများသည်သည်းဥကဲ့သို့သော အခိုးများ ကိုအလွန်ကြောင့်ကြစိုက်ကြပေကုန်၏။ ။မြေ မှထွက်သော အခိုးမျိုးသည်။မြေဘိလုး။ မြေနဂါး တို့၏အခိုးမျိုး ပေတည်း မြေစွပ် မြေခြင်း ဘိနင်မြေ ခြင်းများသည်။ ထိုအခိုးအန္တရာယ်ကို ကွယ်ကာ နိုင်၏။ ။ထိုအခိုးမိသောသူကိုမြေဘိလုး။မြေနဂါး တို့သည်။မြေမှလျှောက်၍ဝမ်းတွင်းရင်တွင်းတိုင် အောင်ဝင်ရောက်ကြကုန်၍။ အသဲအဆုပ်တို့မှအ သွေးအဆီတို့ကို ရပ်ယူမျိုသောကြကုန်၏။ မြေ ချင်းဝတ်၍ မြေဘွဲ့အင်းဝတ်ထားခြင်း။ မြေစောင့် ဆေးထိုးထားခြင်း။ ချည်မန်းကွင်းဝတ်ထားခြင်း များသည်ကွယ်ကာနိုင်၏။ ။ဤပဋိဘိကပ်ရောဂါ ကိုဗုဒ္ဓဘာသာကျမ်းဂန်တို့နှင့်( အဟိဝါတရော ဂါ)ဟူ၍ခေါ်၏။ မြေနဂါးတို့၏ လေအခိုးသင့်၍ ဖြစ်သော ရောဂါဆိုလိုသည်။ကာဠရောဂါ ဟူ သောစကားနှင့်ကာဠသဒ္ဒါကား မည်းနက်သော အနက်ကိုဟော၏။ ။ မည်းနက်သော အဆင်းရှိ သော ဘိလုး ကောင်ကြီးတို့ ပြုလုပ်၍။ ဖြစ်သော ရောဂါမျိုး ဆိုလိုသည်။ယခုနောက် ကာလမှပေါ် ပေါက်လာသောရောဂါ မျိုးဖြစ်၍ ကာလရောဂါ

www.dhammaransi.com



ဆိုသည်ကား တင်ကြဘတ်၏။ ။မီးသူရဲ၊ အနိုးသူရဲ၂ မျိုးရှိကြသည်တွင်၊ မီးသူရဲမျိုးသည်။ အညာဒေသမှာပင် တွေ့မြင်ထင်လျှားကြ၏။ ပင်လယ်ကမ်းနား တလျှောက်မှာ၊ သူရဲ၂မျိုးလုံးပင် ထင်လျှားကြ၏။ ။မြေရေတို့နှင်းကဲ့ရှိသော၊ ဝါတ်တို့၏။ဘောက်ပြန်ခြင်းကြောင့်ဖြစ်သောအနိုး အမျိုးလည်းရှိကြ၏၊ဆေးဝါးကုသ၍လွယ်၏။ ။ဘီလူးတို့သည် အဖျားဆေး။ အနာဆေးတို့ကိုလူတို့ခံဘွင်းထဲမှ၊သွင်းသောအရိပ်လည်းထင်၏၊ ။လူဘဝနှင့်ဗေဒင်ပညာ။ဆေးပညာ၊ အင်းပညာဂါထာမန္တရား ပညာများကိုတတ်ကြကုန်သောသူတို့သည်၊ သေလွန်၍၊နတ်ဘဝ။ ဘီလူးဘဝသို့ရောက်ကြ ကုန်သည်ရှိသော်၊ ထိုဘဝနှင့်လည်းတတ်မြဲ တတ်ကြကုန်၏၊ ။စိန်-၁-ဘင်းခေါ်သောဆေးကြောက်-၃-ညက်ဖွာ ကျိတ်၊ ပဋိတ်ရောဂါဖြစ်သူကို၊နှာခေါင်း-၂-ဘက်နှိုက်မှို့စေခန့်နှာနှပ်၊အကျိဘ်ပေါ်ခဲ့သော်။ ထက်ဘက်ချော်ကိုကျက်အောင်ကျို၍ ထို ရေညှိနွှေးနွေးနှင့် ကြပ်ကြပ်နယ်ရမည်၊လူနာ၏ ခေါင်းရင်းကနေ၍ စက်ကြိးတဆဲ့သုံးပါ မန္တရားကိုအခေါက်များစွာနာနာရွတ်ရမည်၊၊ဤကားဘဦးသေါသူအိမ်မက်နှိုက်

www.dhammaransi.com



ရှိသော နည်းသုံးပါး တည်း။ နာဆေးမှာ။ အိပ်မက်တွင်းနိုက်ကိုယ်တိုင်ပြ၍ သင်ဘယ်သူလဲဆိုသော်။ငါမြေဘိလူ ဟုဆို၍။ ပဋိတ်ရောဂါဖြစ်နေသူကို မသေစေလိုသော်။ ဤနာကို နှပ်ရမည်ဟုပြော၍မြေတွင်းသို့ဝင်လေ၏။ပဋိတ်ရောဂါကိုထိုသုံးနည်းနှင့်ကုသ၍၊ လူ ၂ ကျိတ်မျှလောက်ချမ်းသာရကြောင်းကို။ ပျောက်ပြီးသူများနှင့်တကွ ငါတို့အားလျှောက်ထားကြားသိရဘူး၏၊ ။ပြောချင်ယုံလွယ်သောသူသည်၊ လမ်းလွဲအမ်းများလည်းများတတ်၏၊ ပညာလည်း ပွါးတတ်၏။ နည်းမှန်နည်းကောင်းကိုလည်းများစွာတွေ့တတ်၏၊ ပြောလျှင် မယုံတတ်သောသူသည်။လမ်းလွဲ လမ်းများလည်းနည်းပါး၏။ ပညာလည်း မပွါး။ နည်းမှန်နည်းကောင်းကိုလည်းမတွေ့။မိမိအိပ်မှါရောဂါရေးအနာရေးနှင့်တွေ့ကြုံခဲ့လျှင်မလုပ်ဘတ်။မကြံဘတ်ပြီ။ မိမိ သားမယားမှာ ကပ်ဥပါဒ်ဖြစ်သော ခဲ့သော်ကိုးကွယ်ရာမဲ့ ဖြစ်၍နေကြ၏၊သတိ ရှိကြပါစေကုန်။ ။အိပ်အောင်နိုက်ခိုကပ်၍ဗျွတ်အပ်သောအခိုးတို့၏ထိပါးခြင်းဖြင့်အပူအပြင်းဖျားသောအခါ၊ထိုသူ၏ကိုယ်မှ ဆိပ်မွှေ့လှစွာသော ပိုးတို့နှင့်တကွထွက်ကြသောအခိုးတို့၏ ကူးစက်ခြင်းဖြင့်

www.dhammaransi.com



ထိုအိမ်မှါကျန်ရှိသောသူတို့ကိုလည်းထိုရောဂါမိ တတ်၏။ ထိုအိမ်သို့ ခိုကပ်မိကြသော ဘီလူးတို့ သည်။ထိုအိမ်၌လူကျန်မှ ထွက်သွားတတ်ကြကုန် ၏၊ရောဂါဖြစ်သောသူကို ကြည့်ရှုပြုစု၍မနေသဲ။ အိမ်နောက်ဘေးကို ဘောက်၍ အမြန်ထွက်ပြေး သောသူတို့မှလွတ်နိုင်ကြကုန်သည်ဟု။ ဓမ္မပဒအ ဋ္ဌကထာကျမ်းနှိုက် လာ၏၊ ကြည့်ရှုပြုစု၍နေပြန် လျှင် လက်၌ထားလက်နက်ဆိုင်စွဲ၍ ကြည့်ရှုပြုစု ကြကုန်ရမည်။ကိုယ်နှိုက်လည်းအကွယ်အကာရှိ သူတို့မှ ကြည့်ရှု ပြုစုကြ ကုန်ရမည်၊ လူနာသည် ကြည့်ရှုသောသူကိုမျက်လုံးကိုမှုး၍၊ပါးစပ်ကိုပြု ၍။လျှာကိုထုတ်၍။ ရှုပ်ရှပ်သံမည်၍၊ ချောက်လှန့် တတ်၏၊ကြောက်လန့်ခြင်းအနည်းငယ်ရှိခဲ့လျှင်ကြောက် ရွံ့သူကိုထိုဘီလူးဘမ်းမိပြန်၏၊ ၊လူနာရှိစဉ်အ ခါထိုအိမ်နှိုက်အိပ်ပျော်အောင်။ မအိပ်ကြရကုန်။ အိပ်ပျော်သူကိုလည်း ဘမ်းတတ်၏၊ အခြားအိမ် သို့သွား၍ သော်လည်း အိပ်ရမည်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကိုအမြဲရွတ်၍ပရိတ်ချည်မန္တာန်ချည်များ ကိုဝတ်၍၊ ကြည့်ရှုပြုစု ကြကုန်ရမည်။ သူနာကာ ချောက်ခဲ့သော်၊ဓားကိုပြကြကုန်ရမည်။ ၊အပူအခ ပြင်းများသောအခါ၊တကိုယ်လုံးမှာအသွေးအဆိ

www.dhammaransi.com



တို့သည်။ပွက်ပွက် ဆူကြ၍။ ထကြ ကုန်၏၊ ရပ်ယူခြင် ၄ါလွှယ်ကုန်၏။ အကြောပုံဘို့မှရပ်ယူမှု သောက်ကြကုန်၏။ နှလုံးတွင်း။ အသဲတွင်း။ အဆုပ်တွင်းတို့မှသွေးများစွာပါရှိသောအခါ ထိုသူသေရ၏။ လည်ချောင်းမှ ရပ်ယူသည်လည်း များ၏။ လည်ချောင်းမှာသွေးကုန်ပျောင်သေရ၏။ ။အသက်ကိုးနှစ်ရွယ်၊ဆယ်နှစ်ရွယ်တို့မှစ၍။နှစ်ဆယ်ရွယ်နှစ်ဆဲ ငါးနှစ်ရွယ်တို့၏။ အသွေးအဆီဘို့ကို သာ၍ အလိုရှိကြ ကုန်၏၊ အပျိုအရွယ်။သူငယ်မ ကလေးတွေကို။သာ၍ ကြောင့်ကြရ၏၊မိမိတို့မြို့ရွာ၌ ထိုရောဂါပေါ်ပေါ်လာခဲ့သော် သမီးပျိုသားပျိုတို့ ထိုထိုရောဂါကင်းရှင်းရာ။ မြို့ရွာတပါးသို့အမြန်ပို့ဆောင်၍၊ထားကြကုန်ရမည်။ ထိုကဲ့သို့ပို့ဆောင်၍၊မထားနိုင်ရှိခဲ့သော်၊အထက်နှိုက်ပြဆို လက္ခဏာသောအကွယ်အကာတို့ကိုလုံလောက်စွာပြုလုပ်၍ထားကြရမည်။ သားစိမ်း ငါးစိမ်း။ စားမှုများကိုလည်းရှောင်ကြစေရမည်။

အချို့သောဘီလူးတို့သည်၊ ညအခါနှိုက်လူတို့ သွားလာရာ ထိုထိုနေရာမှ-ချောင်းမြောင်းချောက် ထန့်၍။ကပ်ရပ်ကြကုန်၏၊မြောင်[illegible] မှက်လရိုက် [illegible] ပုပ်ရေပုပ်[illegible]

(၄၃၇၈) ကမ္မာအေး

www.dhammaransi.com



သူအရောက်အပေါက်နဲ့ပါးရာ။ မြေနိုက်နေလျှော် အရိုလွှတ်၍ဘမ်းခြင်း။ ချောက်လှန်၍ ဘမ်းခြင်း တို့ဖြင့်၊ဘမ်းတတ်ကြကုန်၏။ ညအခါ၌အိမ်ပေါ် တိုက်ပေါ် မှဆင်းသူတက်သူ၊ထွက်သူဝင်သူမရှိ ကြစေရာ။အဖျားမတိုက်ဘဲ၊ဝမ်းတွင်း ရင်တွင်း သို့ဝင်ရောက်၍ အဆွေးအဆိတ်တို့ကို စုပ်ယူရာ၌မူ ကား၊အိပ်ချင်မူးတူးဖြစ်၍အိပ်ရာမှာသေဆုံးတတ် ၏၊ ၊သွေးမကုန်၍၊ထိုအခါ မသေခဲ့သော်စုပ် ယူရာ၌နာနိုက်အသဲနာ။အဆုပ်နာဖြစ်၍ နောက်မှ သေဆုံးတတ်၏၊ဆေးကောင်းလှ၍ဆေးကုဆရာ လိမ္မာပါလျှင် ချမ်းသာတတ်၏၊ ယခုအခါ၊ဆရာ ဝန်မင်းတို့သည် ဤကဲ့သို့သော အနာမျိုးများနိုက် အကုအသ-အလွန်လိမ္မာကြပေကုန်၏။

ရေဘီလူးတို့သည်၊ မြစ်ရေထဲ၊ အင်းရေထဲ၊ အိုင်ရေထဲ၊ကျွင်းရေထဲမှာလည်းဘမ်းတတ်ကြကုန် ၏ မိမိတို့ရှိရာနိုက်ကင်းဥပါဒ်ရှိနေသောအခါမြစ် ရေထဲ၊ အင်းရေထဲ၊ အိုင်ရေထဲသို့ဆင်း၍။ ရေခပ် ခြင်း။ ရေချိုးခြင်းများကို ဆင်ခြင်ကြကုန်ရမည်။ ရေ၌သော်လည်းပရိတ်သဲ၊ မန္တာန်သဲများကို ပစ် ကြ၍ထားကြရမည်။ ။အချို့သောမြေဘီလူးတို့ သည်၊ဝမ်းတွင်းသို့ မရောက်မူ၍။ အောက်အဘို့

www.dhammaransi.com



နှိုက်သွေးတို့ကို ရုပ်ယူကြ၏၊ မထနိုင်။မသွားနိုင်
အချိန်ခါရောက်ခြင်းအဆစ်အရင်းဖောရောင်ခြင်း
အဆစ်အမျက်ကိုက်ခဲခြင်းတို့ဖြင့်။ တဖြည်းဖြည်း
သေးဆုံးတတ်၏။ ။ဥဏ္ဏာလုံဂါထာကြီးနှင့်ရေ
ပြည့်အိုးကို-၃၇ ခေါက်မန်း၍။နေ့စဉ်ရေချိုးရာ၊
သုံးရက် မျှနှင့်ပျောက် ငြိမ်းသူကို တွေ့ဘူး ၏။
ဩြာင်းဟောဟောတိသျှဩ၊ တိသျှဩချိုးသောဂါ
ထာကိုဥဏ္ဏာလုံဂါထာဆိုသည်။ ။ကောင်းညှင်း
ဆန်ကိုချက်၍နွားချေးနှင့်နှိုင်းခြင်းစပ်ထန်းလျက်
အတန်ငယ်ထဲ့၊ ဖောရောင်ရာ ကိုက်ခဲရာဌာနတို့
နှိုက်ထူထူအုံ၍ ပိန်းရွက်အုပ်။ ၎င်းအထက်နှိုက်
အဝတ်စည်း။နံနက်တခါ ညတခါလဲ။ လူဘဦးမှာ
အိပ်မက်နှိုက်ရသော ဆေးနည်း။ ဤဆေးနှင့်လုပ်
၍။အမြန် ပျောက်ဘူးသူ ယခုထင်ရှားရှိ၏၊ ။

လူနာ၏ ကိုယ်မှာအပနှိုက်နေ၍ အကြောဆုံတို့
မှအသွေးအဆီတို့ကိုရုပ်ယူကြသောအခါ။ရုပ်ယူ
ရာဌာနနှိုက် အကျိတ်အဖု၊ အလုံး အခဲတို့သည်
ဖြစ်ပေါ်ကုန်၏။ နောက်နှိုက်ဘော်ပြအံ့ သော
သဏ္ဍကုဋ္ဋုံဆေးကို ရေနံနှင့် ပျော်၍ နယ်လိမ်း။
အလယ်၌ အမာအဆန်ကျန်ရှိခဲ့သော်အုံ၍ တား။
လက်ဘက်ရေနွေးနွေးနှင့်သော်လည်းနယ်ရ၏။ ။

ထိုဟိလူးသူဘက်တို့ကို။ ဒိမိတို့ ကိုယ်တွေ့ဗိုမှ မြင်လို ကြသည်ရှိသော်။ ကပ်ဥပါဒ် အားကြီးစွာ ဖြစ်နေသောအရပ်မှာ။ အများအိပ်ပျော်၍နေကြ သောအခါ၊ တညလုံးမအိပ်မူ၍ အရပ်ဝှင်းနိုက် လှည့်လည်ချောင်း မြှောင်း၍ ကြည့်ရှုကြပါလျှင်။ ခွေးအထူးသူအရူရာဌာနနိုက်ငင်း။ လမ်းဆုံလမ်းခွ၊ လမ်းမလမ်းမြှောင်တို့၌ငင်း၊ ဝင်းတွင်းခြံတွင်းအိမ် အောက်အိမ်နောက်တို့နိုက်ငင်း၊ ငါးတောင်ခြောက် တောင်ခန့်၊ အရပ်မြင့်သော လူနီကြီး။ လူနက်ကြီး။ လူဖြူကြီး။ မိန်းမနက်ကြီး။ အဝတ်တန်းဆာ ဆင် ယင်၍ ပကတိမြန်မာလူမိန့်မအသွင်နှင့်ဆံပင်ဖါး လျားချလျက်။ သွားလာ၍နေကြသော မြန်မာအ မိမ်းမ။ သူ့ရဲ့မများ။ ဝက်နှင့်တူသောအကောင်ကြီး များ။ ခွေးကြီးနှင့်တူသောအကောင်ကြီးများသွား လာ၍နေသည်ကို မြွေလ-သာလျှင်ထင်လျှားစွာ တွေ့မြင် တတ်ကြ၏။ မြွေလ-မသာလျှင်။ မထင်မ လျှားသာမြင်ကြရ၏။ ၊မြင်ကြသည်ရှိသော်အ သာကြည့်၍မနေရ။ အတင်းလိုက်၍။ ပစ်ခပ်။ နှင် ထုတ်ကြပြီးလျှင်လမ်းစဉ်တလျှောက်။ ဝင်းပေါက် ခြံပေါက်။ အိမ်တံခါးပေါက်တို့နိုက်၊ ထင်းအမှိုက် တို့ကိုမီးထည့်၍ထားကြရမည်။ ၊ပဋိတ်ရော

www.dhammaransi.com



ဂါဝမ်းရောဂါနှင့်သေဆုံး၍သွားကြကုန်သေါသူ တို့သည်လည်း၊ ဘယ်လိုအကောင်ကြီးကိုမြင်ပါ သည်ဟု တွေတွေလာလာပြောဆို၍ သေဆုံးရှာ ကြသူအများပင် ရှိကြကုန်သည်။ အချို့သူတို့နှစ် ပြော၍သွားရာမှ၊လည်၍ လာကြသောအခါ၊တွေ တွေလာလာတွေ့မြင်ခဲ့ကြသည်ကို ပြောဆိုနိုင်သူ တို့လည်းအများပင်ရှိကြကုန်သည်။ ။လောက နိုက်ပဋိတ်ရောဂါ၊ ဝမ်းရောဂါများနှင့်စပ် လျက် သူရဲသူဘက်စကားကိုပြောဆိုခဲ့သော်၊ အချို့သူ တို့မယုံကြည်ကြကုန်၊မယုံကြည်သူမသိတတ်သူ အမှတ်တမဲ့နေကြသူများသေလေ၊ဘီလူးသူဘက် တို့ပြုချင်တိုင်းပြုခွင့်ရလေလေဖြစ်၏။ ဥပမာကား တခုသောရပ်ရွာနိုက်ခိုးတတ်သောသူ တယောက်ရှိ ၏၊ ညတိုင်လျှင် အရပ်ထဲမှာလှည့်လှည့်၍ ခိုး၏။ သိသေါသူတဦးတယောက်က၊အရပ်ထည်းမှါပြော် ပျက်သမျှ၊သင်းအတတ်ချည်း ဖြစ်သည်ဟု ပြော ဆိုရာ၏။ ထိုသူ၏ စကားကို၊ မယုံကြည်သူ။ မ သိတတ်သူ၊အမှတ်တမဲ့ နေကြသူများခဲ့အံ့၊ ထို သူခိုးအခွင့်သာ၏၊ခိုးချင်တိုင်းခိုးနိုင်၏၊ ယုံကြည် သူသိတတ်သူ၊ကြောင့်ကြစိုက်သူများခဲ့အံ့၊ထိုသူ ခိုးမလှုပ်သာပြီ၊ဤဥပမာအတိုင်း၊ ဘီလူးသူဘက်

www.dhammaransi.com



တို့ကိုမယုံကြည်သူ၊မသိတတ်သူ။ အမှတ်ဘမဲ့နေကြသူတို့သည်၊ဘီလူးသူဘက်တို့၏၊ အမှုကို ဖုံးဖွက်ကြကုန်၍ဘီလူး သူဘက်တို့ကိုကူညီကြသကဲ့သို့ရှိကုန်၏၊ယုံကြည်သူ၊သိတတ်သူ။ ကြောင့်ကြစိုက်သူ၊ပြောဆိုသူများခဲ့လျှင် ဘီလူးသူဘက်တို့သည်ထိုမြို့ထိုရွာကို။ဝေးစွာ ရှောင်ကွင်း ကြကုန်လတ္တံ့။

ဘီလူးသူဘက်တို့၏ အကြောင်းအရာကို
ပြဆိုခဏ်းပြီး၏၊

---

## (၃) တတိယခဏ်း။

ထိုဘီလူးသူဘက်တို့သည်၊ မိမိတို့တန်ခိုးဖြင့် မိမိတို့ ကိုယ်ကို။လူတို့က မမြင်ရအောင်၊ ကွယ်ပျောက်နိုင် ကြကုန်ငြားသော်လည်း၊ ဒုတ်လက်နက်။ဓါးလက်နက်၊လေးလက်နက်၊မြှားလက်နက်တို့၏။အဝထိအခိုက်ကိုမကွယ်နိုင်ကြကုန်၊ အခွံခဲကျောက်ခဲ။သောက်လေး။သရေပန်လေးတို့၏၊အထိအခိုက်ကို။မကွယ်နိုင်ကြကုန်။သေနတ်အမြောက်အစရှိသောလက်နက်ကြီးတို့၏၊အထိအခိုက်ကိုမှ

www.dhammaransi.com



ကားဆိုဘွယ်မရှိ။ ။လောကနိုက်ထန်ခိုးရှိသော
ဂါထာမန္တရား။ဆေးဝါး။ အင်းအိုင်တို့၏ အရှိန်
အဝါကိုလည်းမကွယ်နိုင်ကြကုန်။ ဗိတ်မန် တင်း
တင်းနှင့်ပြင်းထန်စွာရှုတ်ဖင့်ကြသောပရိတ်တော်
ဂုဏ်တော်။ ပါဠိတော်တို့၏အရှိန်အဝါကိုလည်း
မကွယ်နိုင်ကြကုန်။ ။ပဒါးဓါတ်။ သံဓါတ် ဗိန်
ဓါတ်။ဆေးဒါန်းဓါတ်။ရှမ်းဓါတ်။ ကန့်ဓါတ်။ဒုဗ္ဗါ
ဓါတ်။ဟင်းရိုင်းဓါတ်။အစရှိသောဓါတ် ဆေးတို့
ကိုရင်းထိုဓါတ်ဆေးတို့၏။ အခိုးအရှိန် တို့ကိုရင်း
အလွန်ကြောက်ကြကုန်၏။ ။မီးခဲ။မီးတောက်။
မီးပေါက်။မီးဘွားတို့၏အထိအခိုက်ကိုလည်း အ
လွန်ကြောက်ကြကုန်၏။ ။မိမိတို့အရပ်နိုက်
ကပ်ဥပါဒ်နှင့်ကြောင့်ကြစိုးရိမ်ရှိနေကြသောအခါ
အိမ်တွင်းတိုက်တွင်းမှာကန့်ခိုး။ရှမ်းခိုး။ဆေးဒန်း
ခိုးများကိုမှိုင်းပေး၍။နေ့ဝင်လျှင်။ဝင်းခြံတံခါးတို့
၌ထင်းအမှိုက်တို့ကိုမီးထည့်၍ယောက်ျားဖြစ်သူ
တို့က။တညလုံး။မအိပ်ကြဘဲ။ထားလက်နက်ကိုင်
စွဲ၍မိမိတို့၏။ဝင်းထဲခြံထဲမှာ သွားလာလှည့်လည်
၍နေကြသော်ရင်းအိမ်ပေါ်တိုက်ပေါ်မှနေ၍လော်
လေး။သရေပဉ်လေးတို့နှင့်။ဝင်းထဲ ခြံထဲမှာ။တွန်း
တိုင်စသည်တို့ကို။တပြုတ်ပြုတ်။ အဖြုတ်ဖြုတ်ပစ်

ခပ်သိမ်းပေး၍နေကြသောသင်ရင်း၊ထိုဝင်း။ ထိုမြို့တွင်း
ယို့သူ့ခိုးထားပြတ်ရှိလည်း မဝင်နိုင်ကြကုန်။ဘီလူး
သူဘက်တို့လည်း မဝင်ပုံကြကုန်၊ ။အဆုထောက်
သောခဲ့ခုခက်၊ ဆီးခက်။ ရှားစောင်းခက် အစရှိ
သောသစ်ခက်ဝါးခက်တို့ဖြင့်အဆီအနိုက်ကိုလည်း
ကြောက်ကြ ကုန်ဖြေ၊ မလုံခြုံသော အဘော အရံ၊
နံရံကြမ်းပြင်း၊ဝင်းတံခါး။ အိမ်တံခါးတို့မှာ။ထိုအ
ခက်များကပ်၍ထားကြကုန်ရမည်။ ။အိမ်မှထွက်
သွားကြသောအခါလက်၌ ဆူးခက်များကို ကိုင်
သွါးကြရမည်ဆူးခက်ကိုယမ်း၍သွါးလျှင်မကောင်
ပ်ကြကုန်။နေဝင်၍ မှောင်ရီလျှင်ဝင်းထည်း၊ မြို့ထဲ
တိုက်ထည်းအိမ်ထည်းမှဒါတ်ယမ်းဖြင်းထားနှင့်
မီးစနှင့်ယမ်းခြင်း၊ဆူးခက်နှင့်ယမ်းခြင်းများကိုပြု
လုပ်ကြကုန်ရမည်။ ။ပရပ်။ဘိန်းခိုးရေနံ။ကတြာ
စေးအစရှိသော။ အလွှန်ပြင်း သော အနံ့ တို့ကို
လည်းမခံနိုင်ကြကုန်၊ ထို့ကြောင့် အမိုးရ မင်းတို့
သည်။အိမ်တို့နိုက်ဆေးရည်ပက်မှ ရေနံသုတ်မှုတို့
ကိုအားထုတ်ကြပေကုန်ဖြ၊ ။ပြင်းထန်သောတီး
နှက်သော မောင်းကြီးသံ။ဘင်ကြီးသံ။ကြေးသံ။
သံသံ၊ရိုက်နှက်သံ။ သေနတ်သံ။မီးပြောက်သံ။ဒိ
ပြောက်သံတို့ကိုလည်းမခံနိုင်ကြကုန်။ ကြားဘန်

www.dhammaransi.com



များ၍ကြွားနေကြဖြစ်ခဲ့မှုကား။အခေါ်အတန့်ခံနိုင်ကြဖြစ်ရာ၏။ အနံ့မျိုးတို့နှိက်ရင်း၊ ပရိတ်ဂါထာကမ္မဝါတို့နှိက်ရင်း။ထို့အတူတည်း။ကျွားရဘန်များလျှင်ရင်မြဲတည်း။ ။လက်နက်ဆေးဝါးဓါတ်ခိုးများထိခိုက်မှုနှိက်။နာသေခံအောင် ထိခိုက်လျှင်နာကုန်၏။သေလောက်အောင် ထိခိုက်လျှင်။သေကုန်၏။ ။ဤလောကနှိက်။ဘီလူး သူဘက်။အစိမ်းသူရဲ။ပုံး၊နတ်။တစ္ဆေ။မြေဘုတ် တို့သည်၊ လူသတ္တဝါမျှမက။ ပေါများ ကြကုန်၏။ စစ်ပွဲနှိက်ကျဆုံးကြကုန်သော သူတို့နှင့်။ သတ်၍ သေဆုံးကြသောသူ။ကပ်ရောဂါနှင့် သေဆုံးကြသောသူတို့သည်။ထိုဘဝတို့သို့ ရောက်တတ်ကြကုန်၏။ သူတို့ကြောင့် ဖြစ်ရသော ရောဂါ ဥပါဒ် မျိုးတို့လည်းအလွန်ပေါများကြကုန်၏၊သူတို့ကို။ကွယ်ကာရန်။နှိပ်နင်းရန်။နှင်ထုတ်ရန် နည်းလမ်းမျိုး၊သူတို့ပြုလုပ်သောအနာရောဂါတို့ကို။ ကုသရန်နည်းလမ်း မျိုးတို့သည်လည်း၊ ကမ္ဘာပေါ်မှာ၊အစဉ်အဆက် အားဖြင့်အလွန် များပြားစွာ ရှိကြကုန်၏။ သို့ရာတွင်ပဋိတ်ရောဂါ ဝမ်းရောဂါ၊လူနာရှင်တို့မှာ၊သူရဲ၊သူဘက်တို့အား အစားကျွေးမှုကို ရှေးဦးစွာဂရုစိုက်ကြကုန်ရမည်။အစားကျွေးပြီးမှကု

သ၍လွယ်မည်။ ။ရှေးသူဟောင်းတို့သည်။သား
ငယ် သမီးငယ်ရှိကြကုန်သည် ရှိသော်။ထိုသား
ငယ်သမီးငယ်တို့အား။ဘွားမြင်စကာလမှစ၍ထို
အန္တရာယ်မျိုးတို့ကို ကွယ်ကာရန်။အမိဖြစ်သူတို့
ကား။မြို့စောင့်နတ်။ ရွာစောင့်နတ်။ အိမ်စောင့်နတ်။
ချောင်းတွင်းမြိုင်တွင်းရှိ သစ်ပင်စောင့်နတ်၊မိရိုးဖလာ
နတ်တို့အား။မပြတ်ပူဇော်ပသခြင်း။ အဘဖြစ်သူ
ဝိဒ္ဓကသူငယ်တို့၏လည်ပင်း၊လက်ခြေတို့၌။လည်
ပွဲ။လက်ပွဲ။ခြေပွဲပြုလုပ်၍ပေးခြင်း။ သားငယ်သ
မီးငယ်တို့ကို။ဆွေထဲမျိုးထဲဝယ်၊အသက်အရွယ်
ကြီးရင့်သောသူတို့အား။ရံခါရံခါ ရှိခိုး ပူဇော်က
န်တော့စေခြင်း။သားငယ်သမီးငယ်ရှိစဉ်အတွင်း။
အစားအသောက် အညှော်အသင်းမှ စ၍ရှောင်
ကြဉ်အပ်သောအမှုတို့ကို မိဘဖြစ်သူတို့က၊ရှောင်
ကြဉ်ကြခြင်းများကိုပြုလေ့ရှိကြကုန်၏။ သူငယ်
တို့ အသေအပျောက်နည်းပါးကြကုန်၏။ မြို့ရွာ
များအလွန်စည်ကားကြကုန်၏။ ။ယခုကာလ
၌မူကား မိဘဖြစ်သူတို့မှာ ထိုအလိမ္မာမျိုးမရှိကြ
ကုန်ပြီ။ သားငယ် သမီးငယ်တို့ကို အန္တရာယ်
ဥပါဒ်။ကင်းရှင်းကြစေရန်ဉာဏ်ပရိယာယ်မျိုး။ လိမ္မာ
ရင်ကျေးရှိကြစေရန်။ဉာဏ်ပရိယာယ်မျိုး မရှိကြကုန်

www.dhammaransi.com



ပြီ၊မသင်ဘဲနှင့် တတ်နိုင်ကြသော ကမ္မဿကာ။တ ရားနှင့်သာ လွှတ်ထားကြကုန်၏။အန္တရာယ်သာ လျှင်အလွယ်တကူ။ယူသော ငင်သော ရှိကြအောင် မိမိတို့အသက်၊သားငယ်သမီးငယ်တို့၏ အသက် တို့ကိုမကွယ်မကာ၊ပထားပစ်ထားကုန်၏။ပရိတ် မေတ္တာပါဠိပေပရိယတ်အာဘတ်အရွတ်နည်းပါးကြ ကုန်သဖြင့်။အန္တရာယ်၏ လာလမ်းကိုရှင်လင်း၍ ထားကြကုန်၏။ အမဲသား ငါးသားတို့ကိုမပြတ် စားကြခြင်း။အပျော်အပါးလိုက်စားခြင်း။အမူးအ ယစ် များခြင်းတို့ဖြင့်အန္တရာယ်တို့၏ အကြိုက်။ အရိုက်တရားလက်ဆောင်ပဏ္ဏာများကိုသားကြီး စား အားထုတ်ကြကုန်၏။ ။ဤစကားရပ်၌။ မြို့ စောင့်နတ်။ ရွာစောင့်နတ်။ အိမ်စောင့်နတ်။ ရက္ခ စိုရ်း။ဘုမ္မစိုရ်း။ မိရိုးဘလာ နတ်တို့အား။ မပြတ်မ လင်ပူဇော်ပသခြင်းအမှုသည်၊ လူတို့အားအသက် ရှည်ရာ ရှည်ကြောင်း ကောင်းမြတ်သော အလေ့ ဖြစ်သည်ဟူ၍၊ငါတို့မြတ်စွာဘုရား များစွာဟော တော်မူသည်။ အချို့သော သူတို့သည်။ထိုနတ်တို့ ကိုမရိုမသေပြောဆိုပြုလုပ်ကြကုန်၏။ထိုသူတို့မ ကျန်းမမာ ရှိသောအခါ၊သေအောင် ပြုတတ်ကြ ကုန်၏ ။သားငယ် သမီးငယ် ကလေးများ တို့ကို

www.dhammaransi.com



ပေါ်လာတိုင်းသေအောင်ပြုလုပ်တတ်ကြကုန်၏။ ယခုအခါ၌ အလွန်ကြမ်းကြုတ်စွာသောရောဂါ ဥပါဒ်ထူထပ်များပြား၍နေကြ၏။စီးပွါးရေးဥစ္စာ ရေး၊ပညာရေးများ ထက်၊ကပ်ဥပါဒ် အန္တရာယ် ကိုကွယ်ကာရန် အရေးသည်၊အကြီးဆုံးသောအ ရေးဖြစ်၏။ဆရာကောင်း သမားကောင်းများနှင့် ပေါင်းဘော်ဆက်ဆန်၊ ရှါကြံအားထုတ်ပြုလုပ်စီ မံ၍လက်ကိုင်လက်စွဲအမြဲကိုယ်စီရှိကြစေရမည်ထို သို့မရှိခဲ့သော်။မိမိတို့မြို့ရွာ၌ဥပါဒ်အန္တရာယ်ပေါ် ပေါ်လာလျှင်၊ စောစောကတင်ကျူး၍ အန္တရာယ် ကင်းရှင်းရာမြို့ရွာတပါးသို့တိမ်းရှောင်ကါနေကြ ကုန်ရမည်။ထိုသို့မတိမ်းမရှောင်နိုင် ရှိနေခဲ့သော်။ နေ့အခါ၌သာ၊မြို့တွင်းရွာတွင်းမှာနေ၍၊ညအခါ၌ မြို့ရွာမှ ထွက်ပြီးလျှင် တောဥယာန်၊တောအရပ် များမှာနေကြကုန်ရမည်။ ၊တောသမင်များကဲ့သို့ အမှတ်တမဲ့ ဖြစ်၍နေခြင်းငှါမသင့်။ တောသမင် တို့မည်သည်။မိမိတို့အသင်း၌။ဘေးရန်ထိ၍ သေ ဆုံးသည့်ကိုမြင်ခဲ့သော်၊နှလုံး ညှိုးငယ်ရှိကြကုန် ၏။ပြီးလျှင် မေ့ကြကုန်၏။ နေ့ခံကိုကျန်ရှိသော သမင်တို့သည်။ ဤကဲ့သို့သော၊ ဘေးရန်မှအစဉ် လွတ်ကင်းကြရန်အကြံအစည်လုလ္လဝိရိယမရှိကြ

www.dhammaransi.com



ကုန်ပြီ။ ထိုအတူယခု အခါ၌လည်း ကပ်ဥပါဒ်ဖြစ်ဆဲအခါ၌သာညှိုးညှိုးငယ်ငယ်ရှိကြကုန်၏။ ။

ပြီးလျှင် ပျောက်ကြကုန်၏။ နောက်ကိုငါတို့မြို့ရွာသို့၊ ဤကဲ့သို့သောကပ်ဥပါဒ်မလာရအောင် ဘယ်လိုကြံကြလုပ်ကြမည်ဟူသော လုလ္လဝိရိယမရှိကြကုန်ပြီ၊ တောသမင်များကဲ့သို့ နေ့လိုက်ကြကုန်၏။ ထိုသို့နေကြခြင်း၌မသင့်၊ မသိမလိမ္မာ သူတို့နှင့်သေအတူ ရှင်အတူ၊ သဘောတူ၊ လိုက်ရော၍ကြောင့်ကြမဲ့ နေခြင်း၌ မတော်။ ။အန္တရာယ်ကို ကွယ်ကာရန် နည်းမှန် လမ်းမှန် ကိုပင်ရရှိပါသော်လည်း ပြုလုပ်သူကပြုလုပ်ပုံညံ့ဖျင်း၍နေပြန်လျှင်အန္တရာယ်မကင်းတတ်။ ဥပမာကား။ လက်နက်ကြိယာဘယ်လိုပင်ကောင်းသော်လည်းလက်နက်ကိုင်ယူ၊ ပစ်ခပ်သူညံ့ဖျင်း၍နေခဲ့လျှင်ရန်သူကို မနိုင်သကဲ့သို့တည်း။ ။ပရိတ်တော်၊ ဂုဏ်တော်၊ ပါဠိတော်၊ ဂါထာ မန္တရား ဆေးဝါးအင်းအိုင်များသည်၊ လက်နက် ကြိယာမျိုး ဖြစ်ကြ၏။ ရွတ်ဘတ်သုံးစွဲကြသူများသည်၊ လက်နက်ကိုင်ယူပစ်ခပ်သူများဖြစ်ကြ၏၊ အန္တရာယ်၏ အင်အားကိုသိ၍မိမိတို့ပြုလုပ်သောအန္တရာယ်ကင်းမှု၏ အင်းအားက၊ အဆများစွာ-သာလွန်လေအောင်၊ ကြံ

www.dhammaransi.com



ဆောင်ပြုလုပ်တတ်ကြပါမှအန္တရာယ်ကို။ ကွယ် ကာချခံနိုင်ကြမည်၊ လောကန္တ ပရိတ်တော် ဂုဏ် တော်များကိုဘာတ်ရွတ် ကြပါလျှက် အန္တရာယ် မကောင်းရှိနေကြသည့်မှာ။ပရိတ်တော်။ ဂုဏ်တော် များအတွက်မဟုတ်။ဘာတ်ရွတ်ကြသူ ရှင်လူတစု တို့၏။အလုပ်အကြံဥါဏ်ဝိရိယည့်ဖျင်းမှုအတွက် သာမှတ်ရမည်၊ ။ဆေးဝါးဘယ်လိုပင်ကောင်း ပါသော်လည်း။ဆေးတိုက်သူညံ့ဖျင်းလျှင်အနာမ ပျောက်သကဲ့သို့တည်း။အနာ အားကြီးလှ၍ဆေး တကျပ်သားတိုက်မှ။ပျောက်ငြိမ်းမည်ကို။ တမူး သားတိုက်၍ရပ်နေဘိ။ အနာမပျောက်ဆေးအတွက် မဟုတ်၊ဆေးတိုက်သူညံ့ဖျင်းမှုအတွက်သာတည်း ဤနည်းတူမှတ်၊ ။သိဟိုဠ်ကျွန်းများမှာ၊ အစဉ် အဆက်။ယခုထက်တိုင် အန္တရာယ်ကင်း ပရိတ် ရွတ်ပုံကား။မြို့ရွာတို့၌ကပ်ဥပါဒ်ပေါ်ပေါက်လာခဲ့ သော်မြို့လုံးရွာလုံးတညီတညာတိုင်ပင်၍မြို့တွင်း ရွာတွင်းမှာ၊သင့်တင့်ရာဌာနတို့၌။မဏ္ဍပ်ကနား ဆောက်လုပ်ပြီးလျှင်။မြို့ရွာရှိ သံဃာတော်များကို သျှောက်ကြားပင့်ဘိတ်ကြကုန်၏၊ မြို့ရွာရှိသံဃာ တော်ရှိသမျှတို့သည်၊ အကုန် လာရောက်ကြကုန်၍၊ ပရိတ်ကြီးစာကို ကိုင်ကြကုန်ပြီးလျှင်။ ချနစ်ရက်

ပတ်လုံး။ နေ့မစဲညမစဲ၊ အလဲအလှယ်နှင့် ကမ္ဘဝါ
ဘတ်သကဲ့သို့၊ ဘဏ်ရွတ်ကြကုန်၏။ အဆုံးနေ့၌၊
အာဋာနာဋိယသုတ်ကြီးကို ဘတ်ကြကုန်၏၊ မြို့
ရွာနေသူလူတို့သည်၊ ထိုခုနစ်ရက်အတွင်းမှာ။ အ
လုပ်အကိုင်မရှိကြရ။ ပရိတ်ရေပရိတ်ချည်။ ပရိတ်
ပန်း။ ပရိတ်သဲ တို့ကိုပြုလုပ်ကြကုန်၍၊ အိမ်ယာ။
ဝင်းခြံတို့ကိုကာရံခြင်း။ မိမိတို့မြို့ရွာကိုကာရံခြင်း
ရပ်ရကွက်ရကိုကာရံခြင်းနတ်များကိုပူဇော်ပသ
ခြင်း။ ပရိတ်တော်ကို အလှည့်အလည် နာခံခြင်း။
သံဃာ တော်ကို ကျွေးမွေး လှူဒါန်းခြင်း တို့နှင့်
သာနေကြရကုန်၏။ မြို့ရွာရှိဆေးသရာတို့ကလည်း
မိမိတို့တတ်သိလိမ္မာရှိသမျှ မြို့ရွာအကွယ်အကာ၊
ရပ် အကွယ်အကာ၊ အိမ်ယာ ဝင်းခြံအကွယ် အ
ကာတို့ကို စီရင်ပြုလုပ် ကြကုန်၏။ အန္တရာယ်မ
ကင်းသည်ဟူ၍၊ မရှိ သိပ်ငြိကျွန်းမည်သည့်နဂိုရ်
ရင်း၌ဘိလူးကျွန်းသက်သက်ဖြစ်၏။ ငါးပါးသီလ
ကိုဂရုပြုကြခြင်း။ သားငါးစားသောက်မှုနည်းပါး
ခြင်း ပရိတ်ရွတ်ပုံ နေရာကြခြင်းတို့ကြောင့်။ ယခု
အန္တရာယ်များပြားကြသည့်၊ ခေတ်အခါမှာပင်။
အန္တရာယ် ကင်းရှင်းပေ၏။ ခုနစ်ရက် ပတ်လုံး။
နေ့မစဲညမစဲ၊ အလဲအလှယ်နှင့်။ ပရိတ်ရွတ်နည်း

www.dhammaransi.com



သည်၊ဓမ္မပဒအဋ္ဌကထာ၊ဒီဃာယုဝတ္ထု၌ပါလာပေ သည်။ ။ဝေသာလီပြည်မှာ။ကာဠဂါဒိ ဖြစ်စဉ်အခါ။ရှင်အာနန္ဒာ ပရိတ် ရွတ်နည်းကား။ ဝေသာလီ ပြည်တွင်းမှာ။ လူသန့်လူမြန့် ကာလသား ပေါင်း ထောင်ခေါင်းတင်း များစွာ ခြံရံလျက်။ လမ်းခရီးတ လျှောက် ရှော်သွား၍။ နေ့ဝင်သည့်မှအရုဏ် တက် သည့်တိုင်အောင်ရွတ်ပေ၏။ ရှင်အာနန္ဒာကတိုင် ၍၊လူသန့်လူမြန့်ဝေသာလီ ပြည်သားကာလသား တို့က။ တညီတညာရွတ်ဆိုကြရန်၏၊ (လိစ္ဆဝိ ကုမာရေဟိပရိဝုတော။)ဟူသောအဋ္ဌကထာပါဠ် ၏နေသည့်အဓိပ္ပါယ်။

အန္တရာယ်ကိုနိုင်တတ်သောကြိယာ
မျိုးကိုပြဆိုခြင်းပြီး၏။

## (၄) ဝတ္ထုခန်း။

နိုင်ငံမြို့ရွာတို့၌ကျရောက်ပေါ်ပေါက်၍ နေသော ကပ်ရောဂါမျိုးသည်၊နိုင်ငံမြို့ရွာအစိုးရမင်းများ၏ အကွယ်ဖြင့်လည်းပျောက်ငြိမ်းတတ်၏။ ပျောက်ငြိမ်းရန်

www.dhammaransi.com



အဘယ်သို့ပြုအပ်သနည်းဟူမူကား၊ အစိုးရမင်း
တို့သည်၊မိမိတို့အုပ်ချုပ်ရာမြို့ ရွာကို၊သူခိုးထားပြ
တို့လာရောက်တိုက်ခိုက်လိမ့်မည်ဟု၊ ကြောင့်ကြစိုး
ရိမ်ခြင်းရှိခဲ့သော်ငြား၊ လာရောက်တိုက်ခိုက်၍နေ
ကြသည်ကိုကြားသိခဲ့သော်ငြား၊ အဘယ်သို့စီမံ
အားထုတ်ပြုလုပ်ကြလိမ့်မည်နည်း၊ထိုနှင့်တပ်တူ
စီမံအားထုတ်ပြုလုပ်ကြပါလျှင်၊သူခိုးထားပြအခိုး
အတိုက်လည်းလွတ်ငြိမ်းလတ္တံ့၊ဘိလူး သူဘက်
တို့ထကြွသောင်းကျန်းမှု၊ ကပ်ဥပါဒ်အန္တရာယ်
လည်းအမှန်လွတ်ငြိမ်းလတ္တံ့၊ ၊စီမံပြုလုပ်ပုံကား
တောမြို့တောရွာတို့၌၊ မြို့ရွာအရံ ဆူးစည်းတံခါး
ဝင်းခြံ အရံဆူးစည်းတံခါးလုံခြုံစေရမည်၊ အန္တ
ရာယ်ဖြစ်ရန်နိမိတ်တစုံတခု ပေါ်လာခဲ့သော်ငြား
အနီးအစပ်မြို့ရွာ၌၊ ကပ်ဥပါဒ်ဖြစ်နေရာ၊မိမိတို့မြို့
ရွာသို့ကူးလာမည်ကိုစိုးရိမ်ခွင့်ရှိခဲ့သော်ငြား၊ မြို့တံ
ခါးရွာတံခါးတို့၌၊ ကင်းအုပ်ကင်းစောင့်ထားကြ
စေရမည်၊နေဝင်လျှင်မှောင်မလာမီ၊ တံခါးတို့ကို
လုံခြုံစွာပိတ်စေ၍၊တံခါးတွင်၌ထင်းအမှိုက်တို့ကို
မီးထဲ့၍၊တံခါးတခုတခုလျှင်၊လက်နက်ကိုင်စွဲသူ
လူ ၂ ယောက် ၃ ယောက်တို့၊နံနက်အရုဏ်တက်သည့်
တိုင်အောင်မအိပ်ကြကုန်မူ၍၊တံခါးတွင်း၌ စောင့်

www.dhammaransi.com



လိုသွား၍နေကြစေရမည်၊ မြို့ဖြင့်ရွာဖြင့်မှာရှိနေကြ သောဘိလူးသူဘက်တို့သည်၊ မြို့တွင်းရွာတွင်းသို့ မဝင်ဝံ့ကြကုန်။

မြို့တွင်းရွာတွင်းမှာရှိနေကြကုန်သော ဘိလူးသူဘက်တို့ကိုလည်း၊ မြို့ရွာနေလူတို့နှင့်မြို့ရွာအစိုးရမင်းများကြီးကြပ်၍၊ သေနတ်သက်နက်။ အချက်သုံးရာတန်သည်။ ငါးရာတန်သည်ပစ်ဘောက်တီး ခေါက်ချိန်းချောက် နှင်ထုတ်ကြရမည်။ ညအခါ၌ မြို့တွင်းရွာတွင်းမှာနေ့အခါနှိုက် မြို့ဖြင့်ရွာဖြင့်မှာ သုံးညသုံးနေ့ နှင်ထုတ်ကြပါလျှင်။ ဝေးရာဌာနသို့ ထွက်သွားကြကုန်လတ္တံ့။ မြို့တွင်းရွာတွင်းနှိုက် ၎င်း။ မြို့ဖြင့်ရွာဖြင့်နှိုက်၎င်း။ မသက်သာရာ ဌာနတို့ သည်ရှိတတ်ကြကုန်၏။ သည်နေရာမှာ မသက်သာ ပါသည်။ သည်သစ်ပင်မှာ မသက်သာပါသည်ဟု ပြောဆိုကြရာ။ မသက်သာရာဌာနတို့၌သုသာန်သင်း ပြိုင်းမှစ၍အထူးအားထုတ်ချိန်းချောက်နှင်ထုတ်ကြ ရမည်။ ။ထိုမြို့ရွာဆိုင်ရာအရေးပိုင်မင်း။နယ်ပိုင် မင်းမြို့ပိုင်မင်းများကိုယ်တိုင်မသက်သာရာဌာနများ သို့သွားရောက်ကြကုန်၍။ (ဤမြို့ဤရွာသည်ငါတို့ အုပ်ချုပ်ဆိုင်ပိုင်သော မြို့ရွာဖြစ်သည်၊ နင်တို့ဘိ

www.dhammaransi.com



လူးမျိုး သူ့ဘက်မျိုးသူရဲမျိုး နတ်ဆိုးနတ်ဝါးတို့သည်။မြို့ရွာကိုဖျက်ဆီးသူများဖြစ်ကြကုန်သည်။ဝါတို့ မြို့ရွာနယ်ပယ်မှ အပြန်ထွက်သွား ကုန်ကြရမည်။မထွက်မသွားမခံနိုင်ငြားတုံ။နေကြကုန်သည်ရှိသော်။သေနတ်လက်နက်။အချက်ကိုးရာ။မိုးကြိုးရွာသကဲ့သို့။ ရစ်ပျက်နှာဝိုင်းအုံ့လျက်။ တဟုန်တည်းပစ်ခပ်ကြကုန်လိမ့်မည်) ဟု၍သုံး ခေါက်ပြန်ကာ အမိန့် နှင်ထုတ်စာ ဘတ်ကြားကြကုန်ရမည်။ ၎င်းစာကိုလည်း ထိုမသက်ာရာအရပ်တို့၌ကပ်ထားကြကုန်ရမည်ဤကဲ့သို့အားကြီးစွာပစ်ခပ်မည်ကိုအလွန်ကြောက်ကြကုန်၍။ ဧကန်ထွက်သွားကြကုန်လတ္တံ့ အင်္ဂလိပ်လူမျိုးတို့အမိန့်နှင်စာဖြစ်ချေသည်ကောင်း၏။

ကပ်ရောဂါကျရောက်ဖြစ်ပွါး၍နေသောမြို့ရွာတို့၌လည်း အပိုးရမင်းတို့သည်။စစ်သည်တပ်သားအမြောက်အများတို့နှင့် တကွ။ တိုက်စည်တိုက်မောင်း အတွင်ဆော်လျက်။ သေနတ်လက်နက်။ အချက်များစွာပစ်ဘောံလျက်။တမြို့လုံးတရွာလုံး။ အုန်းအုန်းသည်း။ညာသံကျေးကျော်။ဟစ်အော်သူလိုက်။ ရိုက်နှက်တီးခေါက်။ ချိန်းချောံနှင်

ထုတ်ကြပါလျှင်။ နေ့ချင်းညချင်း အမှန်ပျောက်ငြိမ်းလတ္တံ့။ရောဂါဖြစ်နေသူ လူနာများရှိခဲ့လျှင်၊ အကြောင်းအရာကိုပြောကြား၍နှားပေါက်နှစ်ဘက်နှိုက်ဝါဂွမ်းကိုမာမာလိပ်၍၊ လုံစွာပိတ်ထားစေရမည်။ကျမ်းဂန်တို့၌။ပဲမှုန့်ကိုနားတွင်း၌ဆို့ထားရမည်ဟုလာ၏။ ရန်ကုန်မြို့၊ မန္တလေးမြို့များကဲ့သို့။မြို့ကြီးများ ဖြစ်ခဲ့လျှင်၊ မြို့တွင်းမှာပင် ဘိလူးသူဘက်တို့။ခိုကပ်နေထိုင်ရန်အလွန်များ၏။လူမျိုးကွဲလည်းအလွန်များ၏၊ အန္တရာယ်ကိုနှင်ထုတ်မှု၌တမြို့လုံးစိတ်ရောကိုယ်ပါ ညီညွတ်စွာဖြစ်နိုင်ခဲ၏။ထို့ကြောင့် ထိုကဲ့သို့သောမြို့ကြီးများ၌ရှေးဦးစွာဘိလူးသူဘက်တို့၊ ကြိုက်တတ်သောဗလိနတ်စာတို့ကို။လုံလောက်စွာစီစဉ်ပြီးလျှင်။ (ယခုအခါဤမြို့ဤရွာ၌ရှိနေကုန်ကြသောဟောဘိလူးသူဘက်တို့။နက်ဖြန်အခါ။မည်သည့်အချိန်နာရီမှစ၍မည်သည့်အရပ်ဌာနမှာ။ ဘိလူးသူဘက်တို့အားမြို့သူမြို့သားတို့က။ ဗလိနတ်စာကောင်းမွန်စွာ ကျွေးမွေးကြကုန်လိမ့်မည်။ နက်ဖြန်အခါ၊ မည်သည့်နာရီအချိန်တွင်။ မည်သည့်အရပ်ဌာနသို့။သင်တို့လာရောက်ကြကုန်ရမည် )။ ။ဟုစည်မောင်းလှည့်လည်စေ၍၊သုံးရက်တိုင်တိုင် ကျွေးမွေးပြီးမှ

နှင့်ထုတ်ကြကုန်ရမည်။ သူခိုးထားပြ တိုက်ခိုက်မှု
နှင့်ထပ်တူ။ထိုထိုမြို့ရွာ နယ်ပယ်ကို။ အုပ်ချုပ်ကြ
ကုန်သော အစိုးရ မင်းတို့သည်။ အသီးအသီး-
ကြောင့်ကြစိုက်ထုတ်ကြပါမှုကား။ ဤကပ်ဥပါဒ်
အန္တရာယ်သည်။ဤနိုင်ငံမှအမြန်ထွက်သွားလတ္တံ့။
ယခုကပ်ဥပါဒ်ဖြစ်ကြရာမှာလည်းအိမ်တို့ကိုသန့်
ရှင်းစေခြင်း၊ရေနံသုတ်ခြင်း၊ဆေးရည် ဖြန်းပက်
ခြင်း။မြို့ပြင်သို့ထုတ်ခြင်း။ပဋိတ်ဆေး ထိုးခြင်းတို့
ဖြင့်။ အစိုးရမင်းတို့ ကြောင့်ကြ စိုက်ကြပေကုန်
သဥ္စအတွက်။သက်သာရာ အပုံကြီးရကြပေကုန်
သည်။ ။လောကနှိက် ကပ်ကြီးသုံးပါးရှိကြ၏။
လူတို့ချင်းချင်းတိုက်ခိုက်သတ်ဖြတ်မှုကပ်ကြီးတ
ပါး။ရိစ္ဆာန်းခေါင်၍။ အစာရေစာ ငတ်မွတ် ခေါင်း
ပါးမှု-ကပ်ကြီးတပါး။ကပ်ရောဂါ ကြရောက်မှု
ကပ်ကြီးတပါး၊ ထိုသုံးပါးတို့တွင်။ ကပ်ရောဂါ
ကျရောက်မှုသည်။ နိုင်ငံသူ နိုင်ငံသားတို့အပေါ်
မှာ အကြီးဆုံးသောကပ်ကြီးဖြစ်၏။အကြောင်းမူ
ကား၊တနိုင်ငံလုံး၏။အသက် အန္တရာယ်ကြီး ဖြစ်
သတည်း။ထိုကြောင့် နိုင်ငံရှင်အစိုးမင်းတို့သည်။
ထိုကပ်ဥပါဒ်ကြီးအတွက်နတ်ဆိုးတို့ကြောင့်ဖြစ်
သည်ဟူသော အယူစကားကိုလည်း။အမှတ်တခု

www.dhammaransi.com



ထားရှိ၍ နှတ်ဆိုးတို့နှင့်စပ်ဆိုင်သော၊အမျိုးအမျိုး သော ကပ်ရောဂါ ငြိမ်းရာ ငြိမ်းကြောင်း၊ နည်း လမ်းများကိုရုံစမ်းကြကုန်ရာသတည်း။ ။ဤကား နိုင်ငံရှင်အစိုးရမင်းတို့၏ဘန်ခိုးအာဏာ၊အလိမ္မာ ဝိရိယတို့၏၊ အစွမ်းဖြင့်။နိုင်ငံ မြို့ရွာတို့နှိက် ကပ် ရောဂါ ကင်းရှင်းရာသောနည်းလမ်းများကိုပြဆို ခန်းတည်း။

---

## (၅) ပဉ္စမခန်း။

နိုင်ငံမြို့ရွာတို့၌ ကျရောက်ပေါ်ပေါက် လျက် ရှိနေသော ကပ်ရောဂါ မျိုးသည်၊ ဆရာဝန်မင်း များ၏၊အစွမ်းဖြင့်သည်း။ပျောက်ငြိမ်းတတ်၏။ ။ ဘိလူးသူဘက်တို့မည်သည်၊လူတို့၏ပကတိမျက် စိဖြင့် မြင်ကောင်း ကြသည် မဟုတ်၊ မိမိတို့တန် ခိုးဖြင့်တမျိုး တပုံပြောင်းလဲ၍ နေသောအခါများ နှိက်သာ မြင်ကြကုန်၏။ ။ပကတိ မျက်စိဖြင့် မမြင်ကောင်း သော်လည်း၊ ဘိလူးသူဘက်၊ အ စိမ်းသူရဲ၊နှတ်ဆိုးနှတ်ဝါးတို့၏၊ဆိုင်ရာဆေးဝါး ပညာများနှင့် ပြုလုပ်သည် ရှိသော်၊ထိခိုက်၏။ နာ သောက်အောင်ထိချောင်နှာ၏၊ သေလောက်အောင်

ထိလျှင်သေ၏။ ။သို့ရာတွင် ဥရောပ တိုက်
သား၊ဆရာဝန်မင်းများတို့သည်။နတ်ဆိုး နတ်ဝါး
တို့နှင့် စပ်သော ဆေးဝါး ပညာမျိုးများကို၊ အခ
လေ့အကျင့် အစုံအစမ်း မရှိကြ ကုန်သေးသည်
ဖြစ်၍၊ပဋိဃာတ်ရောဂါ၊ ဝမ်းရောဂါတို့ အတွက်၊အခ
ကြိအဘန့်၊ကြင်တဲ လျက်ရှိနေကြကုန်၏။ ။(ဤဂ
ဠုတ်ရောဂါသည်၊နှစ်ပေါင်းနှစ်ထောင်ကျော်လောက်
စဉ်ကပင်။ ရောမနိုင်ငံမှအစပြု၍၊ ဥ ရောပတိုက်
တွင်ဖြစ်ခဲ့ဘူးသည်ကား၊ကြာရှည်လှလေပြီ။စော
စောက တင်ကူး၍၊ တရေပ်တကျေး၊ ထွက် ပြေး
တိမ်းရှောင်မှု၊အိမ်ယာတိုက်တာများကိုသန့်ရှင်း
စေမှုတို့မှ တပါး၊ ယခုတက်တိုင် ဆေးမတွေ့နိုင်
ကြကုန်သေး၍အနောက်နိုင်ငံဖြစ်၊မှတ်ရကြီးများ
မှာ၊ဘတ်ရှု တွေ့မြင်ဘူးရ၏၊ ဘီလူး သူဘက်တို့
ကြောင့်ဖြစ်သည်ဟူ၍၊အယူမရှိကြသောကြောင့်
ယခုတက်တိုင်ဆေးမတွေ့နိုင် ရှိနေကြကုန်သည်။
၎င်းမှတ်ရကြီးများမှာပင် အချို့သူတို့က၊ နတ်ဆိုး
တို့ပြုလုပ်၍ဖြစ်သည်ဟုအယူရှိကြကြောင်းကိုမှာ
ဆိုသောစကားများလည်းပါရှိ၏။ ။ဗုဒ္ဓဘာသာ
ကျမ်းဂန်၊ ဟိန္ဒူ ဘာသာ ကျမ်းဂန် တို့၌၊ နတ်
ကောင်းမျိုး၊ နတ်ဆိုးမျိုး ဟူ၍ ၂မျိုးသာရှိ၏၊ ဤ

www.dhammaransi.com



ကမ္ဘာပေါ်မှာ။ နှစ်သက္ကရာဇ်ပေါင်း။ အသောင်း
များစွာက။ ဖြစ်ပေါ်၍ လာခဲ့ကြကုန်သော။ဗေဒင်
ကျမ်းဟောင်း နက္ခတ်ကျမ်းဟောင်း။ဆေးကျမ်း
ဟောင်းတို့မှာလည်းများစွာလာရှိ၏။ ဗုဒ္ဓဘာသာ
ကျမ်းဂန်တို့မှာ မူကား၊လူ့ဘုံမှ အထက်ကောင်း
ကင်အရပ်၌။နတ်ဗြဟ္မာတို့ နေရာ။ကောင်းကင်ဘုံ
ကြီးပေါင်း။ ကောင်းကင်နိုင်ငံကြီး ပေါင်း- ၂၆
ဘုံ။ ၂၆-ခြောက် နိုင်ငံလာရှိ၏။နေ လတို့သည်လည်း
နတ်တို့နေရာဘုံဗိမန်တို့ပေတည်း၊နက္ခတ်အပေါင်း
တာရာ အပေါင်း၊ကြယ်အပေါင်းတို့သည်လည်း။
နတ်တို့နေရာ ဘုံဗိမာန်တို့ ပေတည်း၊ စတုမဟာ
ရာဇ်နတ်ပြည်ခေါ်၏။ ထိုမှအထက်၌ အဆင့် အ
ဆင့်တည်ရှိကြကုန်သောနတ်ပြည်ကြီးပေါင်း။ ၅
ပြည်ထောင် ရှိကြကုန်၏၊ဘုရားတို့ကို ချခံသော
မာရ်နတ်မျိုးသည် အထက်ဆုံးနတ်ပြည်မှာ ရှိနေ
၏။ ၊ထိုမှအထက်၌ ဗြဟ္မာဘုံပေါင်း နှစ်ဆယ်ရှိ
၏၊ထိုနှစ်ဆယ်တွင်၊ ပထမဈာန် သုံးဘုံခေါ်သော
အောက်ဆုံးဗြဟ္မာပြည့် သုံးပြည့်ကိုအုပ်စိုးသောမဟာ
ဗြဟ္မာမင်းကြီးကို။နတ်လူအများ အောက်ဘုံသား
တို့က။ထာဝရဘုရားဟူ၍။နှစ်ပေါင်း အသိန်းများ
စွာ၊ကမ္ဘာဦးအခါမှစ၍၊ယခုတိုင် ကိုးကွယ်ရှိုးပြု

ကြကုန်၏၊အထက်ပြဖွာပြည်တို့ကိုမူကား ဈာန်အဘိညာဉ် ရသောရသေ့၊ရဟန်းတို့မှသာ သိနိုင်ကြကုန်၏။ ။လူတို့နှိက်ဥပါဒ်အန္တရာယ်ကို ပြုတတ်ကုန်သောနတ်ဆိုးတို့သည်လည်း၊ ကောင်းကင်မြေရေတို့နှိက် အနှံ့အပြား ရှိနေကြ ကုန်၏။ မြန်မာလူမျိုးတို့မှာ နတ်ကောင်းမျိုးတို့ကို၊ သမာဒေဝ နတ်မျိုးခေါ်၏။နတ်ဆိုးမျိုးတို့ကို။မိစ္ဆာနတ်မျိုးခေါ်၏။နတ်မိစ္ဆာမျိုးခေါ်၏။ဘီလူးခေါ်၏။ သူဘက်ခေါ်၏၊အစိမ်းခေါ်၏။သူရဲခေါ်၏။ တစ္ဆေခေါ်၏။မြေဘုတ်ခေါ်၏။ကျုပ်ခေါ်၏။ ။ခရစ်ယာန်ဘာသာကျမ်း။ဘုရင်ဂျီဘာသာကျမ်း ပသီဘာသာကျမ်းတို့နှိက်၊ အထက်ကောင်း ကင်ဘုံတို့မှာနေကြသောနတ်ကောင်းမျိုးတို့ကို၊ ကောင်းကင်တမန် ခေါ်၏၊ ကောင်းကင် ဗိုလ်ခြေခေါ်၏၊ ထာဝရဘုရားကိုကောင်းကင်ဗိုလ်ခြေ အရှင်ခေါ်၏။ထာဝရဘုရားသည် အမြင့်ဆုံးသော၊ကောင်းကင်ဘုံမှာနေသည်ဟုမှတ်ယူကြကုန်၏၊ထိုကျမ်းတို့၌နတ်ဆိုးမျိုးတို့ကိုနတ်ဆိုးခေါ်၏။ အကြီးဆုံးသောနတ်ဆိုးကိုမာရ်နတ်ခေါ်၏။ စာတန်ခေါ်၏။ နတ်ဆိုးတို့သည်လူတို့နှိက်အမျိုးမျိုးသောရောဂါဥပါဒ်တို့ကိုဖြစ်စေတတ်ကြောင်းသည်ဓမ္မဟောင်း

ကျမ်း။ ဓမ္မသစ်ကျမ်း၊ ခရစ်ဝင်ကျမ်းတခွင်မှာ အ
လွန်ထင်ရှားလှသော၏၊ ၊ခရစ်တော်၏ဘုန်း
တန်ခိုးတို့သည်။ နတ်ဆိုးတို့ကိုနှိမ်နင်းမှု။ နှင်ထုတ်
မှု။ နတ်ဆိုးတို့ပြုလုပ်၍ဖြစ်သောအနာ မျိုးတို့ကို။ ခ
ထာခြင်းပျောက်ငြိမ်းစေမှုတို့တွင် ထင်ပေါ်ကုန်၏
ယခုအခါ၌ခရစ်တော်ဆရာ ရှိခဲ့ ါမူကား။ ကမ္ဘာ
ပေါ်မှာ ကပ်ရောဂါ တို့ကို။ ငြိမ်သွားပျောက်ငြိမ်း
အောင်ပြုပေရာ၏။ ။ဆရာဝန်မင်းတို့သည်။
လောကနိုက်နတ်ဆိုးတို့ရှိမရှိ၊ နတ်ဆိုးတို့ကြောင့်
ကပ်ရောဂါမျိုး ဖြစ်တတ်သည်။ ဟူသောစကား
ဟုတ်မဟုတ်ကိုအမှန်သိနိုင်ကြရန် စုံစမ်းခြင်း အ
မှုကိုဂရုစိုက်ကြဘို့ကောင်းလှပြီ ထင်မိပေသည်။
အကြောင်းမူကား။ ရှေးရှေးကပင် ဆရာဝန်များ
နည်းလမ်းမျိုးတို့နှင့်ကြံ ဖန်၍။ အသေမတွေ့ဘဲ လွန်
ခဲ့သည်လည်း။ နှစ်ပေါင်းရှည်ကြာလှလေပြီ၊ လော
က၌ တခြား တပါးသောအကြောင်းတို့ကြောင့်။
အနာရောဂါဖြစ်ကြမှုသည်အနည်းငယ်မျှကဲ့သို့ရှိ
ခြေသည်။ နတ်ဆို တို့ကြောင့် ဖြစ်မှုသည်ကား။
အလွန်ကြီးကျယ်၏။ ရှေ နိုက်အင်္ဂလိပ် နိုင်ငံများ
မှာပဋ္ဌိတ်ရောဂ ဖြစ်စဉ်အခါမြို့ကြီးများမှာလူအ
ရေအတွက်သုံးပုံတပုံမျှသာ ကျန်ရှိသည်။ တောမြို့

www.dhammaransi.com



တောရွာများမှာ။ အိမ်လုံးကျွတ် အိမ်လုံး ကျွတ် သေကြသဖြင့်။အခမွေခံ ပြတ်ဆုံးသော။ လယ်မြေ ယာမြေများကို။သာသနာပြုဆရာတို့က။ သိမ်းယူ ကြရသည်ဟု။ မှတ်ရကြီးများတွင်၊ ဖတ်ရှုတွေ့ မြင်ဘူးရသည်။နတ်ဆိုးတို့ကြောင့်လူတို့နှိုက် အ နာရောဂါ ဖြစ်မှုသည်။ ဤမျှလောက် ကြီးကျယ် လျက်ရှိခဲ့သည်။ဤဇမ္ဗိယ နယ်ပယ်တို့မှာလည်း ရှေ့သို့ထိုကဲ့သို့ ဖြစ်လာမည်များကို။ စိုးရိမ်ဘွယ် ရှိခဲ့သည်သို့သော်လည်း၊ယခုအခါဆရာဝန်မင်း တို့သည်။ ရှေးအခါထက် ဝိဇ္ဇာသုတလည်းတိုးပွား ကြပေကုန်၏။အလုပ်အကြံဥာဏ်ဝိရိယလည်းကြီး မားကြပေကုန်၏။ရှေးအခါ၌။ကမ္ဘာ ပေါ်မှာထို ရောဂါများသည်၊ ရံခါရံခါ သာပေါ်ပေါက်လာ သည်။ ယခုအခါနှိုက်နိုင်ငံမြို့ရွာတို့မှာဆက်ကာ ဆက်ကာပျံ့လည်၍နေပေ့သည်။ထိုကြောင့်။ အကြံဝိရိယ။ ကြီးမြင့်ကြ ပေကုန်သော ဥရောပ တိုက်သားဆရာဝန်မင်းများတို့သည်။အထက်တ တိယခန်းတွင်ငါတို့ဘော်ပြခဲ့သော နတ်ဆိုးတို့ ကိုနိုင်တတ်သောကြိယာမျိုးများကို ပြုလုပ်စုံစမ်း ကြပါလျှင်။ကပ်ရောဂါမျိုးများကိုလည်းမကြာမီ နိုင်နင်းကြပေကုန်လိမ့်မည်ဟုမြော်လင့်ပါ၏။ ။

ယခုလည်းဆရာဝန်မင်းတို့အါးထုတ်ကြပေသည့်အတွက်။ နိုင်ငံပေါ်မှာပဋ္ဌိတ်ရောဂါ ဝမ်းရောဂါများသက်သာရာရကြပေကုန်၏။ ။ဤကား။ဆရာဝန်မင်းများ၏အသိအလိမ္မာဉာဏ်ပညာဝိရိယ၏အစွမ်းဖြင့် နိုင်ငံ မြို့ရွာတို့၌ ကပ်ရောဂါ ကင်းရှင်းရာ၏သာနည်းလမ်းများကို ပြဆိုခန်းတည်း။

---

## (၆) ဆဋ္ဌမခန်း

နိုင်ငံမြို့ရွာတို့၌ကျရောက်ပေါ်ပေါက် လျက်ရှိသောကပ်ရောဂါမျိုးများသည်၊မြို့သူကြီး။ ရွာသူကြီး။ကော်မိတီလူကြီး၊မြူနီစီပါယ်လူကြီး၊ သမာဓိ မြို့ဝန်မင်း။ အရပ်အုပ်။ အကွက် အုပ်။ အရပ်ခေါင်း၊ ဆယ်အိမ် ခေါင်း။ အရပ် လူကြီး။ လူကောင်းများတို့၏၊အစွမ်းဖြင့် လည်း ကင်းလွတ်တတ်၏၊ ။မိမိတို့မြို့ရွာ၌၊ခြုံနွယ်ပိတ်ပေါင်းဖုံးအုပ်မှေးရှက်။ တောခြုံတက်၍နေသော ဘုရားအိုဘုရားပျက်၊ ကျောင်းအို။ ကျောင်းပျက်၊ တန်ဆောင်းအို၊တန်ဆောင်းပျက်။စရပ်အိုစရပ်ပျက်တံတားအို၊တံတားပျက်။ ရေတွင်းဟောင်း၊ ရေကန်ဟောင်းတို့ကို၊ ရှင်းလင်းသုတ်သင်၊ ပြင်ဆင်

www.dhammaransi.com



ခြင်းအမှုမျိုးသည် မြို့သက်ရွာသက်ရှည်ကြောင်း မြို့ရွာနေသူလူတို့။ အသက်ရှည်ကြောင်းဖြစ်သည့် ဟုမဟာဝင်ကျမ်းများမှာလာ၏၊ ။မြို့တွင်းမြို့ ပြင်။ရွာတွင်းရွာပြင်ရှိနတ်စင်။ နတ်ကွန်း နတ်နန်း တို့ကို။ မြို့ပျက်ယိုယွင်းခြင်းမရှိအောင်ပြုပြင်ခြင်း။ ပူဇော်ပသမြဲ အရိုးအစဉ်အတိုင်းနှစ်စဉ် ပူဇော်ပ သခြင်း၊ ကုသိုလ်အဘို့ကို။ အမျှဝေခြင်းများ သည်။ မြို့ရွာအန္တရာယ်ကင်းရှင်ကြောင်း။ မြို့ရွာ စည်ကားကြောင်းဖြစ်သည်ဟူ၍။ ငါတို့မြတ်စွာ ဘုရားများစွာ ဟောတော်မူပေ၏။အရိုးအစဉ်မရှိ သောလူမျိုး ဖြစ်ခဲ့သော်။ မပူဇော်သော် လည်း ကိစ္စမရှိ။အရိုးအစဉ် ရှိသောလူမျိုး ဖြစ်ခဲ့သော်။ အရိုးအစဉ်မပျက်။ ပူဇော်လျှင်။ ကြည့်ရှုစောင့်မ တတ်ကြကုန်၏။ မပူဇော်လျှင် အန္တရာယ်ကို ပြု တတ်ကုန်၏။ ကြည့်ရှု စောင်မမှု ဆိုသည်ကား။ မြို့ရွာတို့၌။ ခိုးသူထားပြအန္တရာယ်ဘီလူးသူဘက် အန္တရာယ်၊မီးလောင်မှုအန္တရာယ်စသည်ဖြစ်မည် ရှိခဲ့သော်၊နတ်တို့သည်။မိမိတို့အစွမ်းဖြင့်ပယ်ရှား နိုင်လျှင်။ ပယ်ရှားကြကုန်၏။ မပယ်ရှားနိုင်လျှင်။ အိပ်မက်ပြခြင်း။တိတ်နိမိတ်ပြခြင်းတို့ဖြင့်။ လူတို့ သိအောင်ပြုတတ်ကြကုန်၏။အချို့လူတို့၌ပူးကပ်၍

ပင်ပြောကြကုန်၏။ သိကြ၍လူတို့ကား။ အန္တရာယ် အားလျော်စွာ၊ ကွယ်ကာရခံမှု နှင့်ထုတ်မှုများကို မြို့ရွာညီညွတ်စွာ၊ ပြုလုကြသည့်ရှိသော်။ နတ်တို့ လည်းပိုင်းဝန်း၍ ကူညီကြကုန်၏။ လူတို့ကမလုပ် ကြသည်ရှိသော်။ မိမိတို့ချည်းမတတ်နိုင်ကြ။ ကြည့် ၍နေကြရကုန်၏။ မြို့တချို့၊ တကာလဖတယောက်ရှိ၏ သူရဲကြီးတဦး စောင်မ၏စောင့်မပုံကား၊ ထိုမြို့မှာ ပဋိတ်ရောဂါဖြစ်မည်ရှိလျှင်။ တင်ကူးပူးကပ်၍။ ပြောလာ၏။ နင်တို့မြို့မှာ။ ပဋိတ်ဘီလူးတွေရောက် လာကြကုန်ပြီ၊ ပဋိတ်ရောဂါဖြစ်တော့မည်။ အိမ် ပေါ်ခြံပေါက်တို့၌သူးကပ်ကြ။ ညအခါအိမ်ပတ် လည်၌မီးထဲကြ။ အိမ်ထဲ၌မီးထွန်းကြစသည်ဖြင့်ပြော ၏။ ဒန့်ဒလွန့်ဖြစ်မျိုးကိုဂါထာမန်း၍ပေး၏။ အခန့် မတော်ဖြစ်လာခဲ့သော်။ ဤဆေးကိုတိုက်။ မလွန် လျှင်ရလိမ့်မည်ဟုဆို၏။ ရေများကိုလည်း မန်း၍ ထားခဲ့၏ ငါတို့ကား။ ဝမ်းရောဂါသမားတို့တည်း ဝမ်းရောဂါသမားတို့ကို။ ငါနိုင်၏။ နင်တို့အရပ်မှာ ဝမ်းရောဂါအတွက် ငါ့တာရှိစေ။ မဖြစ်စေရဘူး။ ပဋိတ်သမားတို့ကား၊ ဘီလူးကြီးတွေဖြစ်၍ငါတို့မ နိုင်ဘူးဟုပြော၍ ခွါသွား၏။ ထိုမြို့မှာ။ ပဋိတ်ရော ဂါဖြစ်တိုင်းဖြစ်တိုင်း လာ၍ပြောလာ၏။ ထိုအရပ်

www.dhammaransi.com



အကွက်မှာ။ရောဂါလည်းကင်းလွတ်ကြ၏၊ တရံ
ရောအခါ၊ သူ့ဘဝ ပြောင်းတော့မည်ရှိရာ၊ လာ၍
ငါ့ဘဝ ပြောင်းရတော့မည်။ ကောင်းကောင်းနေ
ရစ်ကြဟု နှုတ်ဆက်လာ၏။ အနီးနိုက် ရှိနေသူတို့
က။ဦးမရှိလျှင်။ငါတို့မှာ။ခက်ပါပြီဟူ၍ ညီးညူကြ
ရာ။သူ့ရဲ့တယောက်ကို၊ငါအပ်ခဲ့မည်ဟုဆို၍ ဆွဲ
သွား၏၊ယခု အကြောင်းရှိလျှင်။နောက်သူ့ရဲ့လာ၍
ပြော၏။ ထိုအကြောင်းကို၊ ငါတို့အား ထျော်က်
ထား၏။ ရှက်တတ်သူဖြစ်၍။နာမည် နေရပ်ကို၊ မ
ဘော်လိုက်သည်။ယခုအခါ၌ဤသူကိုနတ်ပူးသည့်
သူရဲ့ပူးသည်ဆိုလျှင်။ အရှုးထင်ကြ၏။နတ်စကား
သူရဲ့စကားပြောလျှင်လူပေါ့ထင်ကြ၏ပူးကပ်သူ
များ ဖုံးဖွက်ကြရ၏။ ဘီလူး သူဘက်တို့ အခွင့်
ကောင်းအံ့ ဖြစ်၏။ ။ဤကား၊မြို့စောင့် နတ်ရွာ
စောင့်နတ်များကို မဆိုထားဘိ။ မေတ္တာရှိခဲ့လျှင်
သူရဲ့သူဘက်များပင်သော်လည်း။ ကြည့်ရှုစောင်
မသေး၏ဟုသက်သေထုတ်ပြချက်ပေတည်း။

ထိုမှ တပါးလည်း။ မြို့အကွယ် အကာ ရွာအ
ကွယ် အကာ။ရပ်အကွယ်အကာ။အိမ်ယာဝင်းခြံ
အကွယ်အကာပြုလုပ်နည်းတို့သည်၊လောကနိုက်

အများပင်ရှိကြကုန်၏။ ရပ်ရကွက်ရတို့နှိုက် ဘုရားဝတ်တက်အသင်းတို့ကို၊ များစွာတည်ထောင်၍၊ မြို့တွင်းရွာတွင်းတို့မှာ၊ ဘုရားရှိခိုးကြသံ၊ ပရိတ်တော်ဂုဏ်တော် ရွတ်ဆိုကြသံ၊ ပဋ္ဌာန်းပါဠိတော်၊ သတိပဋ္ဌာန်ပါဠိတော်၊ ဓမ္မစကြာပါဠိတော်စသော ပါဠိတော်ကြီးများ ရွတ်ဆိုကြသံ၊ ဆူညံအုပ်ကျက်ရှိနေကြအောင်၊ သူကြီးလူကြီးများကခေါင်းတည်ပြု၍ အားထုတ်ကြကုန်ရမည်။ မြို့ရွာတို့နှိုက်သာသနာတော်အရှိန်အဝါမှေးမှိန်ခြင်းဆိုသည်ကား၊ မြို့တွင်း ရွာတွင်းမှာ၊ ထိုအသံမျိုးများဆိတ်ကင်းသည်ကိုဆိုသည်။ သာသနာတော်အရှိန်အဝါမှေးမှိန်သည့်အတွက် ဘီလူးသူဘက်တို့ရဲရင့်ရောင့်တက်သောင်းကျွန်းလျက်ရှိနေကြသည်၊ မြို့တွင်းရွာတွင်းမှာ၊ သာသနာတော်အရှိန်အဝါမှေးမှိန်မှု၊ ဆုတ်ယုတ်မှု၊ ကွယ်ပမှုသည်လည်း၊ မြို့ရွာရှိလူကြီးသူကြီးများ၊ ပျင်းရိသည့်အတွက်၊ သက်သက်တည်း။ ရပ်ရကွက်ရတို့နှိုက်၊ အရပ်လူကြီးများ ပျင်းရိသည့်အတွက်၊ ထိုထိုအိမ်တို့နှိုက် အိမ်ရှင်လူကြီးများ ပြင်းရိသည့်အတွက်၊ ကျောင်းတို့နှိုက်သာသနာအရှိန်အဝါ မှေးမှိန်မှုသည်။ တိုက်ရှင်ကျောင်းရှင်ပုဂ္ဂိုလ်များပျင်းရိသည့် အတွက်

www.dhammaransi.com



သက်သက်တည်း ။လူကြီးသည်၊ လူကြီးကြီး လူကြီးကလေး ၂ မျိုးရှိ၏၊ ကဝ်ဥါဒ် အတွက်လူငယ် နေခဲ့သားတို့ မကြွတ်တတ်၊ မလုပ်တတ် ရှိနေကြရာနိုက်၊လောကဓမ္မ၊နည်းနိဿယကိုဘောဒ်ပြသွန်သင်နိုင်သောလူကြီးသည်၊လူကြီးကြီးမည်၏။ နောက်သားများတက်အသက်အရွယ်လည်းကြီး အသိအလိမ္မာလည်းကြီးသောသူဆိုလိုသည်။ ထိုကဲ့သို့သွန်သင်ရန် မရှိသောလူကြီးသည်၊ လူကြီးကလေးမည်၏၊ အသက် အရွယ်သာ ကြီး၍ အလိမ္မာသေးငယ်သောသူဆိုလိုသည်၊ ။လူကလေးသည်လည်း၊လူကလေးကြီး၊ လူကလေးလူကလေး ၂-မျိုးရှိ၏။သိသာပြီ၊လူကြီးကြီး၊ လူကလေးကြီးများသောမြို့ရွာသည်၊အနှစ်ရှိသောသစ်ပင်တောနှင့်တူ၏၊ လူကြီးကလေးလူကလေးလူကလေးများသောမြို့ရွာသည်၊အနှစ်မရှိသော ကိုင်း တော၊ကြူတောမြက်တောဝါးတောနှင့်တူ၏၊မြို့ရွာတို့၌၊သါသနာဆုတ်ယုတ်မှု၊အန္တရာယ်များပြားမှုများသည် လူကြီး-ကလေးများအတွက်သက်သက်မှတ်၊ ။ ရဟန်းတို့မှာလည်းမထေရ်ကြီးကြီး၊မထေရ်ကြီးကလေး၊ ရဟန်းငယ်ကြီး၊ရဟန်းငယ် ကလေးဟူ၍ လေးမျိုးရှိ၏၊ အကြောင်းနိုင်ငံ မြို့ရွာတို့၌ ကလေး

www.dhammaransi.com



လေးမျိုးထွန်းကားရ၏။ ထိုနိုင်ငံ မြို့ရွာတို့နှိက် ကော်ကြီးသုံးပါး ပေါ်ပေါက်ကျရောက်ခဲ့သော် ခြောက်သွေ့သော ကိုင်းတောကြူတော မြက်တော ဝါးတောတို့နှိက်။ မီးကျသလဲ့သို့ ဖြစ်တတ်၏။ အကြင်နိုင်ငံမြို့ရွာတို့၌။ အကြီးလေးမျိုး ထွန်းကာရ၏။ ထိုနိုင်ငံမြို့ရွာတို့နှိက်ကပ်ကြီးသုံးပါး ပေါ်ပေါက်ကျရောက်ခဲ့သော်၊ အနှစ်ရှိသော သစ်ပင်တောတို့၌ မီးကျသကဲ့သို့ဖြစ်တတ်၏။ ။ငယ်ရွယ်စဉ်အခါနှိက်၊ လောကဓမ္မ၊ ဗဟုသုတဆည်းဘူးလေ့ ရှိကြကုန်သော လူကလေးကြီးတို့သည်။ ကျွန်းပင်ပေါ်ကလေးတို့နှင့်တူကြကုန်၏၊ နောင်၌လူကြီးကြီးဖြစ်ကြကုန်လတ္တံ့။ ထိုလူကြီးကြီးတို့သည်၊ ကျွန်းပင်ကြီးတို့နှင့် တူကြကုန်၏။ ငယ်ရွယ်စဉ် အခါ၌ ထမင်း စားတို့ ကိုသာ လုပ်တတ် ကြ ကုန် ၍၊ လောကဓမ္မ၊ ဗဟုသုတမလေ့ကျက်ကြကုန်သော လူကလေး၊ ကလေးတို့သည်၊ ကိုင်းပင်ပေါက်၊ ကြူပင်ပေါက်။ ဝါးပင်ပေါက်ကလေးတို့နှင့် တူကုန်၏၊ နောက်နှိက်လူကြီးကလေး ဖြစ်ကြကုန်လတ္တံ့။ ထိုလူကြီး ကလေးတို့သည် ကိုင်းပင်အို၊ ကြူပင်အို၊ ဝါးပင်အိုတို့နှင့် တူကြကုန်၏၊ ရဟန်းတို့နှိက်လည်း၍နည်းတူသိမြင်ကြကုန်ရာ၏၊ ။၍ကား

www.dhammaransi.com



မြို့ရွာသူကြီးလူကြီးဟူသော စကား၏အချက်ကို ပြဆိုခြင်းတည်း။

ဒိမိတို့မြို့ရွာ၌။ရောဂါဥပါဒ်ပေါ်ပေါက်ခဲ့သော် ရှေးဦးစွာရောဂါဥပါဒ်မပြိမ်းမီ အတွင်း၌။ သား မိမ်းငါးမိမ်းစား သောက်ခြင်းများကို ရှောင်ကြ ကုန်ရမည်။မြို့ရွာကိုဆောင်အော၍မြို့စောင့်နတ်ရွာ စောင့်နတ်တို့အား။နတ်ပွဲနတ်ကနား ပြုလုပ်ပူဇော် ပသခြင်း။ ဘီလူး သူဘက် တို့အား။ ဗလိနတ်စာ ကောင်းစွာ ကျွေးမွေး ခြင်းကိုပြုလုပ်ကြ ကုန်ပြီး လျှင်။(အိုအကျွန်ုပ်တို့၏ အရှင်နတ်မင်းအပေါင်း တို့။ မြို့နေရွာသားလူအများတို့က။အရှင်နတ်မင်း တို့အားလည်း ကနားနတ်ပွဲ။ ပြုလုပ် ပူဇော်ကြပါ ကုန်ပြီ ဘီလူးသူဘက်၊အစိမ်းသူရဲ အပေါင်းတို့ အားလည်း။ဗလိနတ်စာကောင်းစွာ ကျွေးမွေးကြ ပါကုန်ပြီ။အရှင်နတ်မင်းတို့၏တန်ခိုးတေဇါ။စက် အာဏာတို့ဖြင့်။ ရောဂါဥပါဒ်ပြုလုပ် တတ်ကုန် သောဘီလူးသူဘက်တို့ကို ဤမြို့ဤရွာမှမြန်စွာနှင် ထုတ် ကြပါကုန်လော )နတ်ကနားပွဲ အပြီးတွင် ကျယ်စွာသောအသံဖြင့်ခုကြိမ်ဘတ်(ဟောဘီလူး သူဘက်အစိန်း သူရဲအပေါင်းတို့။ နင်တို့တတွေ အပေါင်းတို့အား၊ကောင်းစွာငါတို့က၊ ကျွေးမွေး

www.dhammaransi.com



ကြကုန်ပြီ၊ ငါတို့မြို့ရွာမှမြန်စွာ ထွက်သွားကြကုန်လော့ဟူ၍။ ဗလိနတ်စာကျွေးမွေးရာတို့၌၊ ကျယ်စွာသောအသံနှင့်သုံးခါတိဘာတ်ကြကုန်ရမည်၊ ဤနတ်ပူဇော်မှု၊ ဗလိနတ်စာကျွေးမှုတို့ကိုအထူး ဂရုစိုက်ကြလေကုန်။ ။နောက်နေ့နံက်ညအခါမှာ၊ မြို့လုံးရွာလုံး၊ အုန်းအုန်း သူတကာ၊ ရိုက်နှက်တီးခေါက်၊ ချိန်းချောက်နှင့်ထုတ်ကြကုန်ရမည်၊ ညအခါ၌၊ မြို့တွင်းရွာတွင်းမှာ၊ နေ့အခါနံက်မြို့ပြင်ရွာပြင်၊ မသင်္ကာရာဌာန တို့၌နှင့်ထုတ်ကြကုန်ရမည်၊ သုံးညသုံးနေ့ပြုလုပ်ကြပါလျှင်၊ ကေန့်ပျောက်ငြိမ်းလတ္တံ့၊ ရန်ကုန်မြို့မန္တလေးမြို့များကဲ့သို့၊ မြို့ကြီးပြကြီးဖြစ်၍လူမျိုးကွဲများဟူ၍၊ တမြို့လုံး မညီတဲ့နိုင်ရှိခဲ့သော်၊ စတုတ္ထခဏ်းတွင်ပြဆိုခဲ့ပြီး သောနည်းလမ်းအတိုင်းပြုလုပ်ကြကုန်ရမည်၊ ထိုသုံးရက်အတွင်းမှာဆယ်နာရီကျော်သည့် နောက်၊ ယောက်ကျားဖြစ်သူတို့သည်မအိပ်ကြကုန်မူ၍၊ လမ်းစဉ်တလျှောက်နံက်မီးထဲ့ခြင်း၊ ဝင်းခြံတွင်းနံက်ဒုတ်ဓါးလက် နက်ကိုင်စွဲ၍၊ လှည့်လည်ခြင်း တို့ဖြင့်စောင့်ရှောက်ကြကုန်ရမည်၊ ။သီဟိုဠ်ပရိတ်ရွတ်နည်း၊ ရှင်အာနန္ဒာပရိတ် ရွတ်နည်းများကို လည်းလျော်ရာပြုလုပ်ကြကုန်ရမည်၊ လူတို့ရွတ်နည်းမှာ

ရပ်ရွာကွက်ရပြု၍။မိန်းမချင်းချင်း။ယောကျ်ားချင်း
ချင်း တကျိုပ်စီ။ တကျိုပ်ငါးစီရ၍။ သရဏဂုံအ
သင်း။ဇာတိဝိသောအသင်း။ သမ္ဗုဒ္ဓေအသင်း။ပဟော
တုပစ္စယောအသင်း။ မင်္ဂလသုတ်အသင်း။ ရတန
သုတ်အသင်းစသည့်ဖွဲ့စည်း၍။ နေ့အခါကပင်နာ
ရီအချိန်ပေး၍။မိမိတို့ရပ်ရွာကွက်ရမှာ ပရိတ်တိုင်
ပွဲကြီးပြုလုပ်ကြကုန်ရမည်။ ညအခါနှင့်မိန်းမအ
သင်းတို့က။မိမိတို့အရပ်တွင်းမှာ ရွတ်ကြရမည်။
ယောကျ်ားအသင်းတို့က လမ်းရှောက်ပရိတ်ရွတ်
၍လိုက်ကြရမည်။မင်္ဂလသုတ်ကိုရွတ်ဆိုသူတို့မှာ
ထိုနေ့ထိုညနှင့်မင်္ဂလသုတ်ကိုသာ ရွတ်ကြရမည်
ကြွင်းသောပါဠိတို့နှင့်လည်းထိုနည်းတူ မြို့တွင်း
မြို့ပြင်မသင်္ကာရာဌာနတို့နှင့်အားစိုက်ကြကုန်ရ
မည်။ ။ကျရောက်သောကပ်ရောဂါမငြိမ်းသ
မျှ။အသွားအလာမရှိကြစေရန်။အချုပ်စကားထား
၍အားထုတ်ကြကုန်ရမည်။

ဤအရာနှင့်။မန္တလေးမြို့ကြီးမှာ။ကပ်ဥပါဒ်ရှိ
နေစဉ်အခါ။မြန်မာသက္ကရာဇ်။၁၂၇၂-ခု။တပို့တွဲ
လဆုတ်-၉-ရက်နေ့တွင်။မြို့သူမြို့သား။အပေါင်းတို့
အား။အန္တရာယ်ကင်းပြုလုပ်ကြရန် နည်းလမ်းကို
ငါတို့ စီမံချက်ထုတ်ပေးဘူးသည်ကား။

www.dhammaransi.com



## မုံရွာမြို့၊ လယ်တီဆရာတော်ဘုရားကြီး၏ အန္တရာယ်ကင်းစိမံချက်များ၊

၁ အောက်နှိုက်ဘော်ပြအပ်သော တံဆိပ် အက္ခရာတံဆိပ် အင်းပုံများကို၊ ကပ်ဥပါဒ် အန္တရာယ်နှင့် စိုးရိမ်ကြောင့်ကြမကင်းရှိကြသောအခါ ကိုယ်အင်္ဂါနှိုက်အမြဲ့ဖွဲ့ထားခြင်း၊ ကျောင်း-စရပ် တိုက်-အိမ်တို့နှိုက်၊ ကပ်ထားခြင်းများကို၊ ပြုကြကုန်ရမည်၊

၂ အဝတ်ဟောင်း အင်္ကျီဟောင်း များကို၊ ဆေးဒါန်း-ဒုဿာ-ကန့် တို့ဖြင့်၊ ထုံစေပြီးလျှင်၊ ညအခါနှိုက်၊ အတွင်းကဝတ်၍၊ အိပ်ကြကုန်ရမည်၊

၃ ဒုဿာ-ဟင်းရိုင်း-ဆေးဒါန်း-ကန့်၏လေးပါးကို၊ ညက်စွာကြိတ်၍၊ မိုင်းကိုင်စက္ကူ၊ ထူထူနှင့်၊ တမတ်ခန့်ထုပ်စည်းပြီးလျှင်၊ ၎င်းနှာကို၊ ကိုယ်မှာ အမြဲဆောင်ထား၍၊ နေထိုင်မကောင်း ရှိသည်ဟု ထင်သောအခါ၊ အနံ့မျှကို၊ ရှုမိအောင် ရှုကြကုန် ရမည်၊ (ပဋိတ်ရောဂါကို၊ အလွန် ကွယ်ကာ နိုင်သော၊ ဝါတ်နှာကြီး ဖြစ်သည်၊) ရုံညင်း စေ့ခန့်

www.dhammaransi.com



နှမ်းစေ့ခန့်မျှ ပေါက်အောင် ရူရ၏။ အလွန်ပြင်းသောနှာဖြစ်၍၊ဧရာဂါမရှိလျှင်များများကြီးမရူရ၊ ဧရာဂါရှိမှ ။ မှို့စေ့ခန့် ရူရသည်၊ ငန်းဆေးထည်းမှာထည်း၊ထည့်၍တိုက်ရသည်။

၄ ပရိတ်ရေ လုပ် နည်း။ ။ဆူဟိ ဝိသော။ ဟောတုပစ္စယောတို့ကို။ မိုင်းကိုင်ဗဟ္ဘူထူထူနှိုက်ငင်း။ပေရွက် ထန်းရွက်တို့နှိုက်ငင်း၊ အပြန်အလှန်မှန်ကန်စွာ ရေး၍၊ သောက်ရေအိုး၊ ချက်ရေအိုး၊ ပြုတ်ရေအိုးတို့၌။ နှစ်ထားပြီးလျှင်၊ထိုရေကို သောက်ခြင်း၊ထမင်းဟင်းချက် ခြင်းတို့ကို၊ပြုလုပ်ကျန်ကြရမည်။

ဟောတုပစ္စယော-အနှုလုံရေးနည်း၊ ။၁-ဟောတု ပစ္စယော။၂-အာရမ္မဏပစ္စယော၊၃-အဓိပတိပစ္စယော၊ ၄-အနန္တရပစ္စယော။ ၅-သမနန္တရ ပစ္စယော။၆-သဟဇာတပစ္စယော၊၇-အညမည ပစ္စယော၊ ၈-နိဿယပစ္စယော၊ ၉-ဥပနိဿယပစ္စယော၊၁၀-ပုရေဇာတပစ္စယော၊၁၁-ပစ္ဆာဇာတပစ္စယော။၁၂-အာသေဝနပစ္စယော၊၁၃-ကမ္မပစ္စယော၊ ၁၄-ဝိပါကပစ္စယော၊ ၁၅-အာဟာရပစ္စ

www.dhammaransi.com



ယော၊ ၁၆-ဈာန်ဂ္ဂိယပစ္စယော။ ၁၇-ဈာနပစ္စယော။ ၁၈-မဂ္ဂပစ္စယော။ ၁၉-သမ္ပယုတ္တပစ္စယော။ ၂၀-ဝိပ္ပယုတ္တပစ္စယော။ ၂၁-အတ္ထိပစ္စယော။ ၂၂-နတ္ထိပစ္စယော။ ၂၃-ဝိဂတ ပစ္စယော။ ၂၄-အဝိဂတ ပစ္စယော။

ဟေတုပစ္စယော-ပဋိလုံရေးနည်း။ ။၁-အဝိဂတပစ္စယော။၂-ဝိဂတပစ္စယော။၃-နတ္ထိပစ္စယော၊ ၄-အတ္ထိပစ္စယော၊ ၅-ဝိပ္ပယုတ္တပစ္စယော၊ ၆-သမ္ပယုတ္တပစ္စယော၊ ၇-မဂ္ဂပစ္စယော။ ၈-ဈာနပစ္စယော ၉-ဈာန်ဂ္ဂိယပစ္စယော၊ ၁၀-အာဟာရပစ္စယော၊ ၁၁ ဝိပါက ပစ္စယော။ ၁၂-ကမ္မပစ္စယော၊ ၁၃-အာသေဝနပစ္စယော။ ၁၄-ပစ္ဆာဇာတပစ္စယော၊ ၁၅ ပုရေဇာတပစ္စယော၊ ၁၆-ဥပနိဿယပစ္စယော။ ၁၇-နိဿယပစ္စယော၊ ၁၈-အညမည ပစ္စယော၊ ၁၉-သဟဇာတ ပစ္စယော။ ၂၀-သမနန္တရ ပစ္စယော။ ၂၁-အနန္တရပစ္စယော၊ ၂၂-အဓိပတိပစ္စယော၊ ၂၃-အာရမ္မဏ ပစ္စယော။ ၂၄-ဟေတုပစ္စယော။

ဇုတိဝိသောအနုလုံရေးနည်း။ ။ဇုတိဝိသော ဘဂဝါ။ အရဟံ။ သမ္မာ သမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ

သမ္ပန္နော၊ သုဂတော။ လောကဝိဒူ။ အနုတ္တရော ပုရိသ ဒမ္မ သာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ။ ဘဂဝါ။

ဣတိပိသော၏ပဋိလုံရေးနည်း။ ။ဘဂဝါ။ ဗုဒ္ဓေါ။ သတ္ထာဒေဝမနုဿာနံ။ အနုတ္တရောပုရိသ ဒမ္မသာရထိ။ လောကဝိဒူ။ သုဂတော။ ဝိဇ္ဇာစရဏသမ္ပန္နော သမ္မာသမ္ဗုဒ္ဓေါ။ အရဟံ။ သောဘဂဝါ ဣတိပိ။

ရင်းပြင်။ ရတနသုတ်ပရိတ်တော်။ သမ္ဗုဒ္ဓေ၊ သဗ္ဗေ ဗုဒ္ဓါဗလပတ္တာ။ သုဝဏ္ဏဘုမ္မိ။ နာညကြွဲဗောဓ္ဓါ-တပသာ။ စသောဂါထာတို့ကိုရင်း။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူသော။ အနုလောမ။ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်။ အဝိဇ္ဇာယတွေဝအသေသဝိရာဂနိရောဓါ။ သင်္ခါရ နိရောဓော ဟူသော။ ပဋိ လောမ ပဋိစ္စ သမုပ္ပါဒ် ပါဠိတော် တို့ကိုရင်း။ ဥဏ္ဏာလုံ ဂါထာ။ ဒြောင်း ကိုးတန် ဂါထာ။ နောက်ကိုးတန် ဂါထာ။ စက်ပရိတ်ဂါထာ၊ စိန္တာမနိဂါထာ။ ပထဝိဇယဿ ဂါထာစသော။ ဂါထာကြီး မန္တရားကြီးတို့ကိုရင်း သုဝဏ္ဏဘုမ္မိအင်း။ ဗုဒ္ဓသအင်း။ ဝေဒါသါကုအင်း စသည် တို့ကိုရင်း။ သောက်ရေအိုး၊ ချက်ရေအိုး

www.dhammaransi.com



တို့နှိုက်ထည့်လျှင်လည်း။ပရိတ်ရေချည်းဖြစ်တော့သည်။ နတ်နှင့်ရွတ်ဘတ်၍ ပြုလုပ်သော ပရိတ်ရေထက်။၎င်းတို့ကို။ပေရွက်–ထန်းရွက် ခဲပြား သွတ်ပြားတို့၌။ ရေး၍စိမ်ထားခြင်းသည်၊ သာ၍တန်ခိုးရှိသည်။ ။ပရိတ်ရေလုပ်နည်းပြီး၏။

၅ ပရိတ်မီး လုပ်နည်း။ ။ပရိတ်ရေနှိုက်ပြဆိုခဲ့ပြီးသော။ပရိတ်တော် ဂုဏ်တော်ပါဠိတော် ဂါထာ မန္တရား အင်းအိုင်များကို၊ ရေနံဆီမှာနှစ်ထား၍။ ကျောင်း–အိမ်တို့နှိုက်။ ညအခါ၊ အမြဲမ်–ထွန်းကြကုန်ရမည်၊ မိမိတို့အရပ်နှိုက်၊ကပ်ဥပါဒ်ရှိနေသောအခါ။ မိမိတို့အိမ်မှာ၊ နေဝင်နေထွက်၊ ထွန်းထားကြကုန်ရမည်။အိမ်ကြီးတိုက်ကြီးဖြစ်ခဲ့လျှင်။ ၂–ခွက်၃–ခွက်စသည် ထွန်းထားကြကုန်ရမည်။ ။ပရိတ်မီးလုပ်နည်းပြီး၏။

၆ မှိုင်းစိရင်နည်း။ ။ဈေးဦးစွာမိမိတို့တိုက်အိမ်ဝင်းခြံတို့၌။အမှိုက်သရိုက်တို့ကို၊စင်ကြယ်စွာရှင်းထင်းကြ ကုန်ရမည်၊ အမှိုက်သရိုက်၊ ရွံ့ပုပ်ရေပုပ်တို့မှ ကင်းရှင်းခြင်းသည်၊ဥပါဒ်အန္တရာယ်ကင်းရှင်းရန်အကြောင်းကြီးတပါးဖြစ်သည်၊ ဖြင်

www.dhammaransi.com




ပွါးရာ ရပ်ကွက်ရှိ။ မိမိတို့အိမ်တွင်း တခွင်လုံးကို၊ မီးခိုးမှိုင်း တိုက်ကြ ကုန်ရမည်။ ကပ်ရောဂါ အခ တွက် နေအိမ်ကိုခေတ္တစွန့်ပစ်ထားသူတို့မှာလည်း ထဘာန်ပြန်ရောက် နေထိုင်လိုသည့်အခါ၊ အမှိုက် သရိုက် ရှင်းလင်း၊ မှိုင်းခိုးတိုက်ရှု ပြီးမှသာ။ ဝင် ရောက်ကြကုန်ရမည်။ ။မှိုင်းလုပ်နည်းမှါ၊ ထင်း အမှိုက်တို့ကိုမီးထည့်၍ ၎င်းမီးနှိုက် သဘွတ်ကြီး ရွက်စိမ်း၊ ဩဇာရွက်စိမ်း တို့ကို၊ များစွာ ထည့်ရ သည်၊ လင်းနေ၊ ဆိပ်ဖူး၊ စစ်တူ တို့ကိုလည်း၊ ထည့် ရ၏။ ဆေးဒန်းမှုန့် ကန့်မှုန့်တို့ကို။ ထည့်နိုင်လျှင် သာ၍ကောင်း၏။ ။မှိုင်းအစီအရင်ပြီး၏၊


၇ အက္ခရာတံဆိပ်ရေးနည်း။ ။ပ-ထ-ရ-မ၊ ၍အက္ခရာ လေးလုံးတို့ကို၊ ခဲမဖြူပြား၊ မီးချစ်ပုံး၊ သွတ်ပြား တို့မှာ၊ ကညစ်များ မကြွစေဘဲ၊ တ ကြောင်းဆွဲနှင့် ပြိုင်ဖြင်တည့်မတ်စွာရေး၊ အရင်းက စ၍ လိပ်ပြီးလျှင်။ ကြိုးတပ်၍၊ အင်္ကျီ၏ အတွင်း၊ ၎က်မောင်းရင်းနှစ်ဘက်တို့၌ဖွဲ့ချည်၍ဆောင်ကြ ကုန်ရမည်။ သူငယ်တို့မှာ။ လည်ပင်းတို့နှိုက်။ ဆွဲ ကြကုန်ရမည်။

www.dhammaransi.com



အက္ခရာ  တံဆိပ်ပုံ

---

အကြောင်း  ဆွဲရေးနည်း

အကြောင်းဆွဲရေးနည်းမှာကြက်ခြေကာစ၍
ခရေးပွင့်အမှတ်နှိုက်ဆုံးစေ။

---

တံဆိပ်အင်းပုံ ။ ၈ ။ တံဆိပ်အင်းစီရင်နည်း။

| | | |
|---|---|---|
| ၁ | ၆ | ၈ |
| ၉ | ၅ | ၄ |
| ၃ | ၇ | ၂ |

ဧကောသမ္မာသမ္ဗုဒ္ဓော။ ဒွေအဂ္ဂသာဝကာ။ တြိပိဋကတ္တယံ။ စတ္တာရိ သစ္စာနိ။ပဉ္စဗုဒ္ဓိယာနိ။ ဆအသာ ဓါရဏာညာဏာနိ။သတ္တဗောဇ္ဈင်္ဂါနိ။အဋ္ဌမဂ္ဂင်္ဂါနိ။နဝလောကုတ္တရာဓမ္မာ။ ။ဤပါဠိအစဉ်ကို ဖြဖြင့်စွာ ရွတ်ဆို၍၊ဇင်းအင်းကို၊မြင်းသွားအတိုင်း ချရမည်။ဧကော သမ္မာသမ္ဗုဒ္ဓော ဆို၍-၁ ကိုချ။ဒွေအဂ္ဂသာဝကာဆို၍-၂-ကိုချ၊ တြိပိဋကတ္တယံဆို၍-၃-ကိုချ။စတ္တာရိသစ္စာနိ ဆို၍-၄-ကိုချ၊

www.dhammaransi.com



အကြွင်းနည်းတူ-၅-၆-စသည် ချလေ၊ ၍တံဆိပ် အင်းကိုခဲပြားမှာချ၍လိပ်ပြီးလျှင်။အင်း ကျိုလည် ၌တွင်းမှာ-၂ ခု- ၃ ခုစသည် သွင်း၍၊ ဆောင် ကြကုန်ရမည်။သူငယ်များကြိုးတတ်၍။လည်ပင်း မှာဆွဲရမည်(မကျော်မနင်းမိကြစေနှင့် ။

၍အလွှာနှိုက်ပြဆိုခဲ့သမျှသော နည်းလမ်းရမှ တပါး။လောကနှိုက် ပဋိတ်ရောဂါကွယ်ကာရန်။ ပရိတ်တော်။ဂုဏ်တော်။ ပါဠိတော် ဂါထာမျိုး။ မန္တရားမျိုး အလွန်ပေါများ၏။(အနည်းနည်း အ ဖုံဖုံ ပြည့်စုံလုံလောက်စွာ ရှာကြံပြုလုပ်၍။အပြီးရှိ ကြစေရမည်)

မြို့ပေါ်ရှိအရပ်အရုပ်အကွက်အရပ်တို့က။မိမိတို့ အရပ်အတွင်းမှာ၊အရပ်သားလူသန် လူမြန်တို့နှင့် အသီး အသီးစည်းကြပ်၍ ထားကြ ကုန်ရမည်။ လေးလေးကိုယ်စီရှိကြစေရမည်၊ လေးလေးဆန် ၂၀၀-အောက် မနည်းရှိကြစေရမည်၊မိမိတို့ အ ရပ်တွင်းမှာ၊ခွေးအလှူ ဆူအရှုခဲ့သော်၊ကျီးပျိုကဲ့ သော်၊အရပ်အရုပ်အကွက်အရပ်တို့က-နီးစပ်ရာ အ ရပ်သားတို့နှင့်၊အလျှင်အမြန်ထ၍ခွေးအရှာ-ကျီး ပျိုရာဌာနကို။ပစ်ခတ်ကြကုန်ရမည်။ခွေး ကျီးတို့


ကို မမှန်စေနှင့်။ အရပ်တွင်းနက်ဘဂုံတားယောက်
သော သူတို့ဂ။ အရပ်တွင်းနက် ဆင်ဝင်သည်။
ကျားဝင်သည်-နွား-ကျွဲဝင်သည်-အိပ်မက် မြင်
ခဲ့သော်ရင်း၊ လူနီ-လူနက်ကြီး-ငွေး တူ-ဝက်တူ-အ
ကောင်ကြီး ဝင်သည်။ ဘယ်ကြီး ဆိုက်သည်-လှေ
သင်္ဘော ဆိုက်သည်-လှည်းတွေ ဝင်သည်-မည်
သည့်ရပ်ကွက်နက်-မီးလောင်သည်-ရပ်သေး ပွဲ
စားတော်ပွဲခံသည်မြင်မက်ခဲ့သော်ရင်း။အရပ်အရပ်အ
ကွက်အရပ်တို့ကို အမြန်ပြောကြား ရမည်။ ထိုနေ
ရာမှာနက် ပစ်ခတ်ကြကုန်ရမည်။ မိမိတို့အရပ်
တွင်း အရပ်ပြင်မှာ၊ မသက်ဘစရာ-သစ်ပင်ကြီး-
ဝါးပင်ကြီး-တိုက်ပျက်-အိမ်ပျက်-စရပ်ဟောင်း
ကျောင်းအိုကျောင်းပျက်တို့၌ဘော်ထေးတို့နှင့်ပစ်
ခတ်၍ပြောတုပ်ဖွယောဂသည်တို့ကိုရင်း။ ထိုထို
မန္တရားအင်းအိုင် များကိုရိုး၊ခဲပြား သွတ်ပြား တို့
ရေး၍ ကပ်ထား ကြကုန်ရမည် -ဘလချင်-တ
ကြိမ်ကျ-မိမိတို့ အရပ်တွင်းမှာ။အနန္တရာယ်ကင်း
ပြုလုပ်မှုကိစ္စကို။ကြောင့်ကြစိုက်ကြကုန်ရမည်။ ။
ရင်းတံဆိပ်အင်းကို။ရိုင်းကိုင်စက္ကူမှာများစွာချ၍
သိန်းရှိ ပြီးလျှင်။ ရင်းပြားကို ရေနှင့် ဖြော်၍။ နေ့စဉ်
သောက်၍။ထားကြကုန်ရမည်။ ။

www.dhammaransi.com



## ၉ · ကျောင်းစရပ်-တိုက်တာနေအိမ်တို့မှာ ဘေးအန္တရာယ်ကင်းရှင်းရန်စီမံချက်

၁ ကျောင်းစရပ် တိုက်တာနေအိမ် အတွင်းမှာ။အမှိုက်သရိုက်တို့ကိုသန့်ရှင်းစေရခြင်း။ ၂ စားကြွင်း စားကျန်-ညှိနံ့ပုပ်သိုး သော အနံ့ အသက်တို့ကိုမရှိစေရခြင်း။ ၃-ပရိတ်ရေ ပက်ဖြန်း ခြင်း။ ၄-ကျောင်းစရပ် -တိုက်တာ နေအိမ် ဝင်းခြံ အတွင်း။ ပရိတ်မီး အမြဲထွန်းခြင်း။ ၅- အန္တရာယ်ကင်း ပရိတ်အင်းတို့ကို၊တိုက်တာ နေအိမ်တို့မှာ ကပ်ထားခြင်း။ ။ပရိတ်အင်းပုံမှာအောက်နိုက် ဘော်ပြပါရှိသည်။ ။



ဍင်းအင်းကွက် နိုက်။( ပဂဗဝ )တို့ ကိုခဲပြားသွတ်ပြား ပေရွက်၊ထန်းရွက် မှိုင်းကိုင် စက္ကူတို့ မှာ၊ကညစ် ခဲတန် မကြွ စေဘဲ။ တ ကြောင်းဆွဲ၍နှင့် ပြီးစီး အောင် ရေး၍။ ဓာတ်ကြီး ဆယ်အဲ့ကို ရုံရမည်။ ။ဍင်းပရိတ် အင်းကို။

www.dhammaransi.com



ကျောင်းတွင်း-အိမ်တွင်းတို့မှာ၊ အရပ် ရှစ်မျက်နှာတို့နိုက်-ရှစ်ခု၊ကျောင်း တံခါး။ အိမ်တံခါးတို့မှာ။အထက်အရပ်။ ဝဲယာ အရပ်တို့နိုက်၊ ၃-ခုစီကပ်ထားရမည်၊ထိုထက် အမြောက်အများကပ်ထားနိုင်လျှင်။သာ၍ကောင်း၏။ ။

အရပ်တွင်း အရပ်ပြင်ရှိ စရပ် တံဆောင်းဘုရားကျောင်းတော်တက် ကျောင်းတို့နိုက်လည်းအတွင်း နိုက် ကပ်ထား ကုန်ရမည်၊ ပြဆိုခဲ့ပြီးသောအန္တရာယ်ကင်း ပြုလုပ်မှု အလုံးစုံသည်၊ ရဟန်းသင်္ဃာရှိကြသောတိုက်တကာတို့မှာ၊ တိုက်နေ-ရဟန်းသင်္ဃာတို့နှင့်၊တိုက်တကာ။ ကျောင်းတကာတို့၏တာဝန်ဖြစ်၏။ ။ရဟန်းသင်္ဃာမရှိသောတိုက်တာတို့မှာ၊ တိုက်တကာ။ ကျောင်းတကာတို့၏။ တာဝန် ဖြစ်၏။တကာ မရှိသော ကျောင်းစရပ် တိုက်တာ တို့မှာ၊ ဆိုင်ရာ အရပ်အုပ်၊ အကွက်အုပ်တို့နှင့်-အရပ်သားတို့၏ တာဝန်ဖြစ်၏၊

အရပ်အုပ်အရပ်လူကြီးတို့က၊အရပ်သား တို့ကိုနှိုးဆော်၍၊ ကြောင့်ကြ စိုက်ထုတ်ကြ ကုန်ရမည်။ ။

ဤအလုံးစုံသောစီမံချက်တို့ကို။ရွာသား၊ယာ်မြို့-ကြည့်ရှောင်သူတို့အား။ခွင့်ပေး၏။ ။

## (၇) သဏ္ဍမ္ခလာ်း။

ထိုထိုမြို့ရွာတို့နိုက်။ ကူးရောက်ဖြစ်ပေါ်လျက်ရှိနေသောကပ်ရောဂါများသည်။ မြို့ရွာရှိလူသန့်လူမြန်ကာလသားတို့၏။ အစွမ်းဖြင့်လည်း ပျောံငြိမ်းတတ်၏။ ။မိမိတို့မြို့ရွာကိုကပ်ဥပါဒ်အန္တရာယ်တို့မှကွယ်ကာ စောင့်ရှောံကြရန်။ အကြီးအကြပ်တို့နှင့်တကွ။ရပ်ရကွက်ရအလိုက်။ကာလသားအသင်းဖွဲ့စည်းတည်ထောင်ကြကုန်ရမည်။ ။တသင်း တသင်းမှာ။ ဘင်ကြီးတလုံး။ ကြေးမောင်းကြီးတလုံး။မီးရှူးမီးထုပ်ကြီးငါးခု။ မီးသိုင်းကြီးငါးခု၊အရိုးငါးတောင်။အချွန်နှစ်တောင် ထွာရှိသောအလံကြားတခု။ ခရာတခု။ ပေါက်ကွဲ(?)ပေါ်တက်ခေါ်သောယမ်းမီးပျောက်သုံးရာစီရှိကြစေရမည်။၎င်းတို့ကိုအရပ်ကထူထောင်၍ပေးကြရမည်။ ။အသင်းသားတယောက်တယောက်လျှင်။မီးအိမ်တလုံးစီ။ နှစ်တောင်ခန့် ရှည်သော။ အုံရင်းနိုက်ကြီးကွင်းတတ်သေါ အလွန်ခိုင်မာသေါသစ်သားဒုတ်ကြီးတချောင်းစီ၊၄ှက်ကြီးတောင်ထားလွယ်ကြီးသဏ္ဍာန်ပြုလုပ်သောသစ်သားထားရှည်ကြီးတခု

စိ၊လော်လွဲလေး တခုစီ၊လောက်လေးဆံ သုံးရာစီ
အပြိုးရှိကြစေရမည်။ ။လောက်လေးကိုင်းတို့၌
(ဥ၊ ဝေသာဝဏ္ဏမဟာရာဇာ၊ ဂဒါရုဓ ယက္ခရန်။
မှန်ဆရာမှန် လံဆရာလံ)။ ဤဂါထာကို တဘက်
အရွန်းမှာရေး၊(ဥ၊ ဝါသုဒေဝစက္ကာပုဓ ယက္ခရန်
မှန်ဆရာမှန်လံ ဆရာသံ) ဤဂါထာကို တဘက်
အရွန်းမှာရေး။၎င်းဂါထါတို့နှင့်လေးကိုင်း လော်
လေးဆန်တို့ကို၎င်း။အခေါက်များမွမ်း၍ထား၊
လူအကျော် အနင်း မရှိရာ၌ထား။ ကပ်ရောဂါအ
တွက်နှင့်သာပစ်ရမည်။ အခြားအခွင့်နှင့်မပစ်ရ။
ဘင်ကြီးမောင်းကြီးတို့နှက်လည်း။ သုဝဏ္ဏဘုမ္မိ
အင်းကို၊လေးဌါနတို့၌လေးအင်းချ။အမင်္ဂလာကိစ္စ
၌မတီးရ။ ။အသင်းတွင်းပါဝင်သူတို့သည်။ သတ်
မျိုးသောက်ခြင်း၊နွားသားကျွဲသား စားခြင်းတို့မှ၊
သုံးနှစ် အနည်းဆုံး ရှောင်ကြဉ်ကြရမည်။ ။မိ
မိကိုယ်နှိက် ဘီလူးသူဘက်တို့မကပ်နိုင် ကြရန်၊
ဆရာကောင်းသမားကောင်းများထံ ကပ်ရပ်၍၊
ဓာတ္တရာယ်အကွယ်အကာများကို ပြု၍ထားကြရ
မည်။နေ့ံနှိက် ဘော်ပြလျက်ပါရှိသော နှစ်ကျိပ်
ရှစ်ဆူဂါထာကြီးခုနစ်ဆူစက်ဂါထာကြီးများကို
အမြဲဆောင်ရွက်ကြရမည်၊ထိုမှတပါးပရိတ်တော်

www.dhammaransi.com



အမျိုးမျိုး။ရာဇဝင်တော်အမျိုးမျိုး။ ဟောတ္ထပဏ္ဍိယော၊ သမ္ဗုဒ္ဓေ။သမ္ဗေဒ္ဓဗုဒ္ဓါ၊ နည်းကြစေသာ စသောပါဠိဂါထာများကိုလည်း၊များစွာရကြစေရမည်၊ထိုမှတပါး၊ဘိလုံးသူဘက်။ဥပါဒ် အဋ္ဌာရာယ်နှင့်စပ်သော ဂါထာမန္တရား ဆေးဝါး အင်းအိုင် တို့ကိုလည်းမှတ်သားလေ့ကျက်ကြရမည်၊နတ်များကိုလည်းရိုသေကြရမည်။ ။မိမိတို့အရပ်မှာပဋိတ်ရောဂါဝမ်းရောဂါများဖြစ်ပေါ်လာလျှင်။သူနာကိုဝိုင်းအုံ၍သူနာကိုလက်နှင့်ကိုင်ကြကုန်၍။စေ့စေ့ကြည့်ပြီးလျှင် မပျောက် သမျှ ငါ မထဟု၊ ဒေါသဘိ မာနဘိ၊ငေါက်ငန်းသံ၊ ခက်ထန်သောစိတ်ကြမ်းနှင့်။မဆုတ်တန်းရွတ်ကြကုန်ရမည်။ ။အသင်းငွေရထား၍၊ အသင်းသဘောတူ ဆေးဝါးများကိုလည်း အပြီး ဘော်ရ စီမံ၍ထားကြ ရမည်၊ အကြီးအကြပ် ဖြစ်သူတို့က၊ ပယောဂနှင့် စပ်သောအချက်အလက်များကို၊ ရှေးအဘိုးကပင်စုံလင်စွာ။နေရာတကျသိတတ်ကျစေရမည်။ ။မြန်မာတို့အလေ့၊အရေးတွေ့မှဉာဏ်ရှာမှုကိုမပြုအပ်ကြရ၊ အရေးတခုရှိလျှင်၊သူတသံငါတသံ၊ဆူဆူညံညံဖြစ်နေမှသည်၊အလွန်ရိုင်း၏၊ဉာဏ်မရှိသော သူတို့၏။တန်ခွန်ပေးတည်း။ထိုအမှုနိုက်ဉာဏ်နှ

ရာဂကျ။မရှိကြသဖြင့်၊ယခု။ဥာဏ်ရှာလျက်။တောင်
လျှောက်ကာလုပ်ကြသော၊လူနုပ် လူသေးတို့၏အမှု
ပေတည်း။ ။ကိုယ်စွမ်းစိတ်စွမ်းနှင့်ယောကျ်ား
ပြီးသူ၊စိတ်တူ ကိုယ်တူ၊လူပျို လူသန် နှစ်ရာ့ငါး
ဆယ့်ခန့်ရှိပါလျှင်။အိမ်ခြေ တထောင်ရှိသော မြို့
ရွာကို။ကပ်ဥပါဒ်မသည့်လာရဲအောင်လုံခြုံစွာအုပ်
ချုပ်နိုင်လတ္တံ့။ ။စိတ်နှလုံးပြုပြင်ခိုင်မာသော
သူကို ယောကျ်ားပြီးသူ ဆိုသည်၊စိတ်နှလုံးမပြုမ
ပြောင့်သောသူ၊မခိုင်မာသောသူများသည်။မိန်းမ
ဘာဝတို့ကလာကြသောသူများဟူ၍မှတ်ရမည်။ ။
ဘိလူးခေါင်း။ ကျားခေါင်း။ နဂါးခေါင်း။ ကဠုန်
ခေါင်း။မျက်နှာဖုံးများ။အင်္ကျီကြားဗောင်းစိကြား
ရှမ်းနီခါးစီး။အချို့မှာရှမ်းနီခေါင်းပေါင်း။ ။ရှမ်းနီ
ပေါင်း သူတို့မှာ။မျက်နှာဖြူ။မျက်နှာနီ။ မျက်နှာမဲ၊
ဆေးချယ်မှု ၃ မျိုး။ ။ဘိလူးခြင်း။ကျားခြင်း၊နဂါး
ခြင်း။ကဠုန်ခြင်း၊မျက်နှာဖြူခြင်း။မျက်နှာ နီခြင်း။
မျက်နှာမဲခြင်း။ဗေးတိုက် တန်းရမည်။ ။အန္တ
ရာယ်ပေါ်ပေါ်လာခဲ့သော်။ ညအခါ၌၊ အကြီးအ
ကြပ်တို့အိမ်မှါစည်ချက်မေါင်းချက်နှင့်၊မြို့ရွာရှိဗ
သင်းရ။အကျန်ရဝေးကြရမည်။ ။ရှေ့သုံး၌အာလံ
ဖိုးနေ့ခံ၊မီးသိုင်း။ဗုင်းနေ့ခံမောင်းကြီး၊ဗုင်းနေ့ခံဘိ

www.dhammaransi.com



လူးတန်း။ဗုဒ်းနေဘိကဋ္ဌနုန်တန်း။ဗုဒ်းနေဘိနဂါးတန်း
ဗုဒ်းနောက်ကျေားတန်း။ဗုဒ်းနောက်မျက်နှာဖြူတန်း
ဗုဒ်းနောက် မျက်နှာနီတန်း။ ဗုဒ်းနောက်မျက်နှာမဲ
တန်း။ဗုဒ်းနောက်ဘင်။ ဗုဒ်းနောက်ခရော။ဗုဒ်းနေဘိ
အကြီးအကြပ်များ။ ။သွားမှု။ရပ်မှု။ တိုးမှုအခ
တီးရပ်မှု။ထိုင်မှု။ထမှုတို့မှာ ခရာချက်နှင့်ထား။ ။
ဖြေးဖြေးသွားမှု။ မြန်မြန်သွားမှု။အပြေးသွားမှုမှာ
ဘင်ချက်နှင့်ထား။ အချက်အလက်၌ လိမ္မာသူ အ
ကြီး အကြပ်က။ ဘင်ခရာတို့ကို အချက်ပေး။မင်း
အိမ်ကိုင်သူတို့မှာ။ပြင်ဘက်ဘေးက။ရှေ့နောက်
တန်းလျက်။ ဝဲရာရံ၍လိုက်။ ဤကား လမ်းသွား
ပုံအစဉ် ပေတည်း။ ။ဤကား အကြမ်းမျှသာ
ဖြစ်သည်။အလုပ်ခွင့်ကိုကြည့်၍။ ဉာဏ်ရှိသူများ
ပြင်ဆင်ခွင့်ရှိသေး၏။ ။နေရာအကျဆုံးနည်း
လမ်းကို။စာတမ်းရေး၍ထားကြရမည်။ ။အလံ
ကိုင်သူ၁။မောင်းကြီးထမ်းသူ-၂။ဘင်ကြီးထမ်း
သူ-၂။ခရာကိုင်-၁။မင်းအိမ်ကိုင်။၆-တို့မှာ။ ဒုတ်
ကြီးကိုပခုန်း၌လွယ်။ဓါးကြီးကို လက်တဘက်၌
ကိုင်။အကြီးအကြပ်တို့မှာ။ဓါးကြီးတခုသာကိုင်။
ဘီလူးစသည်တို့မှာ ဆေးကိုပခုန်း၌စွပ်။ ဓါးကြီး
နှင့်ဒုတ်ကြီးကို လက်တဘက်စီကိုင်။မင်းသိုင်း က

www.dhammaransi.com



စားသူတို့မှာ။ မီးသိုင်းနှင့် ပြီးစေ၊ ယမ်း-မီး-ပျော့
ထုပ်ကိုအကြီးအကြပ်များကကိုင်ကြရမည်၊ ။
ဤကားလမ်းသွားရန်အစီ အစဉ် အကြမ်းတည်း
ဥာဏ်ရှိသူတို့ကအလုပ်ခွင့်ကို ကြည့်၍ ဖြင်ဆင်
ခွင့်ရှိသေး၏။အလွန် နေရာကျ နည်းလမ်းကို စာ
တမ်းရေး၍ထား။

ကပ်ရောဂါဖြစ်နေသောအရပ်မှာ၊နေဝင်လျှင်
မီးလင်းစေရမည်။ထိုအရပ်သို့ရောက်ကြသောအ
ခါနိုက်။ဘယ်အသင်းကဘယ်ကဝင်၍။ဘယ်ကို
နင်း၍။ ဘယ်သို့ထွက်ခဲ့ဟု။ အသီးသီး ပေပုံချ၍။
ထိုအရပ်ကိုကွက်စိပ်ချလျက် နင်းကြရမည်။ထို
အရပ်လူတို့က။ ထိုအရပ် တွင်းမှာ။ မသက်ာရေ
သစ်ပင်၊မသက်ာရာ ဓာနစုကိုရှေ့ကသွား၍ပြကြ
ရမည်။တလင်းသာရာ လမ်းသာရာနိုက် မလိုလှ။
လူသူအရောက် အပေါက်နည်းပါးရာ၊နောက်ဘီ
နောက်ဘေး။ဝင်းပျက်-ခြံပျက်၊အိမ်ပျက်-တိုက်
ပျက်။အထောင့် အကွေ့အထွေ့အရှုပ်ရှိရာ၊သစ်
ပင်ဝါးပင် ခြုံနွယ်ပိတ်ပေါင်းရှိရာတို့၌၊ သာ၍ ခဲ
ကြကျွန်ရမည်။ ။အရပ်ငယ် ဖြစ်ခဲ့လျှင်၊ဘင်

ကြီးမောင်းကြီး၊သူအောင် တီး၍ဝိုင်းဟဲ့ ဆီးဟဲ့စ
သည်ဖြင့်၊အုန်းအုန်းသူ အော်ညာ၍။ ပေပြော်တို့
ကိုအချက်အချက်ဌခွဲ၍တကြိမ် ပတ်မိအောင် ထို
အရပ်ကို ယှည့်လည်ကြရမည်။ ပတ်မိလျှင်ဝေပုံ
ကျတိုင်း၊ထိုအံ့ရပ်သားများက။ရှေ့ကလမ်းပြရာ
သို့။ အကြမ်းတီး အကြမ်းတိုက်။ အကြမ်းအော်
ဟစ်၍ဝိုင်းလိုက်ကျန်ကြရမည်၊ထားပြတွေကိုအ
ကြမ်းဘမ်းသကဲ့သို့၊ဟိုဖြေးဘဟဲ့။သည် ဖြေးဘ
ဟဲ့။ဟိုလာလေဟဲ့။ သည် လာလေဟဲ့။ လိုက်ဟဲ့
ဘမ်းဟဲ့၊ဆီးဟဲ့။မိဘဟဲ့၊ရိုက်ဟဲ့။ထောင်းဟဲ့
ခေါင်းဖြတ်ဟဲ့၊ခါးဖြတ်ဟဲ့၊ ခြေဖြတ်ဟဲ့။ လက်
ဖြတ်ဟဲ့၊ထိုတိုင်း။ ပြုပြုံးအုန်းအုန်းသူ ပြုလုပ်ကြ
ကျန်ရမည်။ယမ်းမီးပြော်တို့လည်းသလွှဲတလွှဲ့ခွဲရ
မည်။ဒုတ်ကြီးတို့နှင့် မပျက်စီးနိုင်သော တုန်းကြီး
တိုင်ကြီးများကို ရိုက်နှက်ကြ ကျန်ရမည်၊ လေံ
လေးတို့နှင့်သစ်ပင်ပေါ်၊ဝါးပင်ပေါ်။ထန်းပင်ပေါ်
ပေပင်ပေါ်သို့ပစ်ကြကုံရမည်၊ဘင်ကြီးမောင်းကြီး
မီးသိုင်းသမားတို့သည်လည်း။နှံ့ပြားအောင်ယှည့်
လည်ကြရမည်၊ မီးမှု။ လေးပစ်မှု၊ ဒုတ်ရိုက်မှုအ
တွက်၊ အပြင်ဒေါသမရှိရအောင်၊ အကြီးအကြပ်
တို့ကအထူးကြောင့်ကြပိုက်ကြကျန်ရုံမည်။

www.dhammaransi.com



ရာယ်ကင်းပြုလုပ်သူ မလိမ္မာမှုကြောင့်။ ရဟန်းရှင်လူ သားများထိပါးနှင့်နာရှိခဲ့သော်။ စစ်ဆေးမေးမြန်း၍ ပြုလုပ်သူကို။ အသင်းမှနှင်ထုတ်ကြ စေတန်းဟုအ ချုပ်ဂတိထားကြ ကုန်ရမည်။ ထိုအရပ်၌ နိုး နိုးပြား ပြားရှိသောအခါ။ ခရောချက်နှင့်လူရ၍၊ လာစဉ်က နည်းလမ်းအတိုင်းပြန်ကြရမည်။ နက်ဘန်နံနက်၌။ မြို့ပြင် ရွာဖြင်မှာ ထိုအရပ်အနီးရှိ သုသာန်သင်း ချိုင်း။တောခြုံပိတ်ပေါင်း၊ စရပ်ဟောင်းကျောင်း ပျက်စသည်တို့နှိုက်။ အကုန်ထွက်၍။ ပစ်ခင်တိုး ခေါက်ချိန်းချောက်နှင်ထုတ်ကြကုန်ရမည်။ သုံးည သုံးနေ့ပြုလုပ်ခဲ့လျှင်။ဘယ်လောက်ကြီးသောကပ် ဥပါဒ်မှမခံနိုင်။ကြောက်ပြောက်ငြိမ်းလတ္တံ့ဟု။ အန္တ ရာယ်ကင်း အသင်းသားတို့မှာ။ တနှစ် တကြိမ် အန္တရာယ်ကင်း စာပြန်ပွဲပြုလုပ် ကြကုန်ရမည်။ ကျွေးမှု။ မွေးမှု။ ဆုလာဘ် ပေးမှုတို့မှာ။ မြို့ရွာက အားထုတ်ကြကုန်ရမည်။ ပရိတ်ကြီးပါဠိ။ အာဋာ နာဋိယသုတ်ကြီး။ မဟာသမယသုတ်ကြီး။ ဥပ္ပါတ သန္တိ ဂါထာကျမ်း။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိ။ ပ ဋ္ဌာန်းပဉ္စာပါဠိ။ ဓါရဏပရိတ်။ စက္ကပရိတ်အစရှိ သည်တို့ကို ပြန်ဆိုကြကုန်ရမည်၊ အာဋာနာဋိယ သော။သုတ်ကြီးပါဠိတော်ကြီးများမှာ၊အထက်

www.dhammaransi.com



အောက် သုံးယောက်စေ၍၊ လေးယောက်စေ၍၊ ငါးယောက်စေ၍။ကျက်ကြကုန်ရမည်၊

## ဤကားတိဘက်နိုင်ငံများမှာပြုလုပ်နည်းများနှင့်အလားတူကာလသားအသင်းတို့ပြုလုပ်ပုံနည်းလမ်းကိုပြဆိုခဲ့သည်။

---

## (၈) အရွမခန်း

ထိုထိုမြို့ရွာတို့နှိုက်၊ကျရောဲ့ဖြစ်ပေါ်လျက်ရှိနေသောကပ် ဆောဂါများသည်၊ ထိုထိုမြို့ရွာရှိရဟန်းတော်၊သဃာတော်။ ဆရာတော်တို့၏၊ အစွမ်းဖြင့်လည်း။ ပျောက်ငြိမ်းတတ်၏၊ ရှေးအခါနှိုက်ရဟန်းဆိုလျှင်။ အယုတ်သုံးအားဖြင့်။ မိမိ၏အပါယ်သံသရာမှကျွတ်လွတ်ရခြင်းဟူသော မိမိကိုယ်ကျိုးကိုလိုရင်းပဓါနပြုကြကုန်၍၊ မြို့ရွာနေသူ၊လူတို့နှင့်စပ်လျဉ်းသောအလှူခံမှု၊ကျောင်းကန်ပရိက္ခရာ၊ဘဏ္ဍာသိမ်းဆည်းမှုတို့ကိုဝေးစွာကြဉ်ရှောင်၍၊ တောတောင်ခိုမှီးလျက်၊ ကြီးမားသောလုဋ္ဌဖြင့်၊အတ္တဟိတ အကျိုးစီးပွားကိုမနေမနားအားထုတ်နေထိုင်ကြကုန်၏၊ ။ယခုကာလ

www.dhammaransi.com



ကား၊ ထိုကဲ့သို့အားမထုတ်နိုင်ကြကုန်သဖြင့်၊ မြို့ရွာနေ လူသူ တို့နှင့်၊ စပ်လျဉ်း သော အလှူခံမှု၊ ကျောင်းကန်ပရိက္ခရာဘဏ္ဍာသိမ်းဆည်းမှုတို့ကို ဂရုစိုက်ကြကုန်၏၊ ရဟန်းတော်တို့၊ နေထိုင်ရန်၊ စားသောက်ရန်၊ ဝတ်ရုံရန်၊ သုံးဆောင်ရန် ကျောင်းကန်၊ တိုက်တာ၊ ဆွမ်း၊ သင်္ကန်း၊ ပရိက္ခရာဘဏ္ဍာများမှာ၊ မြို့ရွာနေသူလူတို့၏ တာဝန်ဖြစ်စေ၊ မြို့ရွာနေသူလူတို့၏၊ ပဗ္ဗဇ္ဇာသံသရာ၊ နှစ်ဖြာကောင်းရန် ကျမ်း ဂန်ပြည့်၊ သွန်သင်ဘော်ပြ၊ ဆုံးမပြောဟောမှုများမှာ၊ ဆရာပြုလုပ်ကြသူ ရဟန်းတို့၏ တာဝန်ဖြစ်စေဟူ၍၊ အပြန်အလှန်၊ ပဋိညာဉ်စာချုပ်၊ ပြုလုပ်ဖွဲ့စည်း၍ထားကြကုန်ဘိသကဲ့သို့၊ လူတို့နှင့် ဘက်စပ်လျက် နေထိုင်ကြကုန်သည်၊ အသက်ရှည်မှု၊ အနာကင်း မှုသည် လည်း၊ ပဗ္ဗဇ္ဇကောင်းကျိုးကြီးနှစ်ပါးပင်တည်း၊ ထိုကြောင့်မြို့ရွာ၏၊ အန္တရာယ်ကင်းရှင်းမှုသည် စွမ်းနိုင်ကြပါလျှင်၊ မြို့ရွာနေရဟန်း တော်တို့၏၊ တာဝန်ပင်ဖြစ်သတည်း၊ စွမ်းနိုင်သည်၊ မစွမ်းနိုင်သည် ဟူသော စကားမှာလည်း၊ လောကဝေဒ ဗဟုသုတ အသိအလိမ္မာဉာဏ်ပညာတို့ကိုရှာကြံလိုက်စား ကြသော ရဟန်းတို့သည်သာ၊ စွမ်းနိုင်ကုန်၏၊ လောကဂုဏ်လော

www.dhammaransi.com



ကချမ်းသာမှုကိုရှာကြံလိုက်စားကြသော သူတို့သည်မစွမ်းနိုင်ကြကုန်။ ထိုသူသည်ယာခုလောကနှင့်ဂုဏ်ရှိ၍၊ချမ်းသာစွာနေရလျှင်ပြီးကြကုန်၏။ လောကနှိုက်ရင်း၊ ဓမ္မနှိုက်ရင်း။ အသိ အလိမ္မာဉာဏ်ပညာနယ်သို့မရောက်ကြကုန်ပြီ။ကာ့ပ်ဉပါဒ် အရေးဆိုက်ခဲ့ သော်။မြို့ရွာကိုမဆိုထားဘိ။မိမိတို့ကိုယ်ကိုပင် ကမ္ဘာသကာတရားနှင့်ပစ်ထားကြရကုန်၏။အရေးနီးခဲ့လျှင်ပြေးဘို့ရာဉာဏ်မျိုးသာရှိကြကုန်၏။အလွန်တရာကြီးကျယ်နက်နဲခက်ခဲလှစွာသောသံသရာအရေးမျိုး။မဂ်ဖိုလ်နိဗ္ဗာန်အရေးမျိုးတို့နှိုက်၊ထိုသူတို့မှာ။ သူတပါးတို့ကိုးစားဘို့ရာအလိမ္မာရှိမရှိကိုသိကြကုန်ရာ၏။ ။မိမိတို့မြို့ရွာနှိုက်ကပ်ရောဂါပေါ်ပေါက်လာရသော်။ထိုရောဂါမပြန့်ပွါးမများပြားမီ။မြို့ရွာရှိ ဆရာတော်သံဃာတော်တို့ အစုံအညီစည်းဝေး ကြကုန်၍၊ဘယ်တိုက်သံဃာတို့က ဘယ်အရပ်။ဘယ်တိုက်သံဃာတို့က။ဘယ်အရပ်ဟု ရပ်ရကွက်ရဝေပုံ၍ကြကုန်ပြီးလျှင်၊မြို့ရွာနေသူကြီးလူကြီး ခေါင်းအကြီးတို့ကိုခေါ်၍၊တမြို့လုံး၊ တရွာလုံး တမျက်ဘလင်းရှင်း လင်းခြင်း၊ သင့်လျော်ရာ ဌာနတို့နှိုက်မဏ္ဍပ်ကနားဆောက်လုပ်ခြင်း။ပရိတ်အိုး။ပရိတ်

www.dhammaransi.com



ချဉ်။ပရိတ်ရေ၊ပရိတ်ပန်း၊ပရိတ်သဲတို့ကိုအသီးအသီးစီရင်ခြင်း၊မြို့ရွာရှိနတ်တို့အား။ နတ်ကနားနတ်ပွဲပြုလုပ်ခြင်း၊ ဘီလူးသူဘက်တို့ကို ဗလိနတ်စာကျွေးမွေးခြင်း။ အိမ်စောင့်နတ်။ ဝင်းစောင့်နတ်။ ခြံစောင့်နတ်။မိရိုးဘလာနတ်တို့ကိုပူဇော်ပသခြင်း ငါးပါးသီလများကိုအထူးလုံခြုံစွာစောင့်ထိန်းကြခြင်း။မိမိတို့ပြုကြသော ကုသိုလ်အဘို့ကို နတ်တို့အားအမျှပေးဝေကြခြင်း ကပ်ဥပါဒ်ရှိနေသည့်အတွင်းမှာ၊သားစိမ်းငါးစိမ်းများကို ရှောင်ကြဉ်ကြခြင်း။အသက်လွှတ်ကုသိုလ်များကိုတတ်အားသမျှပြုလုပ်ကြခြင်း၊ ဂုဏ်တော်များကို စွဲမြဲကြခြင်း။ မေတ္တာပို့များကိုအားထုတ်ကြခြင်း။ဤအလုံးစုံကိုလူတို့အားပြောကြားဆုံးမကြကုန်ရမည်။

ရွတ်ဘတ်ရာမှာ။ ပရိတ်ကြီး။ မဟာသမယ သုတ်ကြီး။ အာဋာနာဋိယသုတ်ကြီး။ဗုဒ္ဓဝင်ပါဠိတော်။ ပဋ္ဌာန်းပါဠိတော်၊ဥပ္ပါတသန္တိကျမ်း၊ဗြဟ္မဇာလသုတ်၄၂ပါးဒိဋ္ဌိခန်း၊သုတ်မဟာဝါ၊မဟာပဒါနသုတ်ကြီး။ ဤပါဠိတော်ကြီးများသည်၊တန်ခိုးအထူးကြီး၏၊ကမ္မဝါဘတ်သကဲ့သို့ စာကိုကြည့်၍ဘတ်၊စာကိုကြည့်၍တပါးကတိုင်ပြီးလျှင် အများကလိုက်ကြလျှင်သာ၍ကောင်း၏၊လူပရိသတ်များ

www.dhammaransi.com



ပါလိုက်ကြစေရမည်။ ။ရှင်အာနန္ဒာနည်းနှင့်ညအခါ နိုက်မြို့လမ်းမ ရွာလမ်းမများကို။လျှောက်သွား၍ ဘတ်ကြရာနိုက်လည်း။တမြို့လုံး တရွာလုံးမှာ။လမ်းစဉ် တလျှောက်ထိန်ထိန်လင်းအောင် မီးထွန်းရေဇေးအိုးတည်း။ မိလစ်ရည်၊ အပျော်ရည်၊ ဆေးလိပ်ကွမ်းရာစခန်းထားထိုသုတ်ကြီးများကို တိုင်၍ဘတ်၊တိုင်သောရဟန်းကိုထမ်းစင်နှင့်ထမ်းလှူပရိတ်သတ် တို့က တညီ တညာ လိုက်၍ အသံကျယ်စွာ ရွတ်ဘတ်ရာ၌ ရပြီးကိုရွတ်ဆိုသကဲ့သို့အလွန်ချောမောစေရမည်။ရှေးအတို့ကပင်ဘတ်ရွတ်ထား ရမည် သုံးရက် အနဲဆုံးဘတ်။ အန္တရာယ် မငြိမ်းသေးလျှင်။မငြိမ်း မခြင်းဘတ်၊ အာဋာနာဋိယသုတ်ကြီးကိုနောက်ဆုံး၌ ပိတ်၍ဘတ်။လှူတို့ကာပရိတ်ရေ၊ ပရိတ်သဲတို့ကိုကာနေ့တခါလဲ၍။မိမိတို့အိမ်ဖြင့်အိမ်တွင်း။ဝင်းတွင်း။ခြံတွင်းတို့မှာအနှံ့အပြားပက်။ပရိတ်ပန်း တို့ကို။အိမ်တံခါးအိမ်နံရံတို့၌။ထိုး၍ထား။လူများမှာလည်းပန်ရ၏။ပရိတ်ချည်တို့ကိုအိမ်ပတ်လည် ဝိုင်း၍ထား၊ သူငယ်တို့မှာလည်း။ ဆည်ပင်း လက်ကောက်ဝတ်တို့၌ ဝတ်၍ထား၊ ။ပရိတ်ခံ။ပရိတ်ဆံပန်း။ပရိတ်ပေါက်ပေါက် တို့ကိုလည်း လုပ်ရ၏။သစ်ဘော်အများ

www.dhammaransi.com



ဖြစ်ခဲ့လျှင်။ ပရိတ်အိုးများကို သင်္ဃာအထယ်ပရိ သတ်အလယ်မှာထားရသည်။ ။ပရိတ်ရွတ်မည်ရှိ လျှင်၊မြို့စောင့်နတ်၊ရွာစောင့်နတ်၊အစရှိသောနတ် များကို။ တိတ်စာရေး၍၊နေ့စဉ်တိတ်။ နတ်နှင့်စပ် သောအမှုများကို၊ပေါ့ပေါ့စားစား မလုပ်ကြရ။ ဤကား။ မြို့ရွာရှိ။ သင်္ဃာ တော်များ။ အန္တရာယ် ကင်းပြုလုပ်နည်းကို။ပြဆိုခဲ့ပြီ။

( ဤသို့သျှင်။ နိုင်ငံမြို့ရွာတို့နှိက်၊ ကပ်ရောဂါ ကင်းရှင်းခြင်းသည်၊နိုင်ငံရှင် အစိုးရမင်းတို့၏ အ စွမ်းဖြင့်ကင်းရှင်းခြင်းဆရာဝန်မင်းများ၏အစွမ်း ဖြင့် ကင်းရှင်းခြင်း။မြို့ရွာသူကြီးလူကြီးများ၏ အ စွမ်းဖြင့်ကင်းရှင်းခြင်း မြို့ရွာရှိကာလသားများ၏ အစွမ်းဖြင့် ကင်းရှင်းခြင်း မြို့ရွာရှိ ရဟန်းသင်္ဃာ တော် များ၏ အစွမ်းဖြင့်။ ကင်းရှင်း ခြင်း ဟူ၍။ ကင်းရှင်းရန် နည်းလမ်း ငါးမျိုးရှိ၏ ထိုတွင်နိုင်ငံ အစိုးရမင်းများ၏အစွမ်းဖြင့် ကင်းရှင်းခြင်းသည် အလွယ်ဆုံးဖြစ်၏။အကြောင်းမူကား၊အစိုးရမင်း များမှာ၊ လက်နက်ကြိယာ ရုံလင်ပြီးဖြစ်၍။ ကြွင်း သော၊၄-နည်းတို့မှာ၊ယခုမှ အသစ်ထူထောင်ရန် များပြား၏။နောက်-၃-နည်းတို့မှာ၊ အစဉ်ထာဝရ ညီညွတ်ရန်ခဲယဉ်း၏။ထို့ကြောင့်အစိုးရမင်းများ

www.dhammaransi.com



၏အလုပ်ကို မှတ်ပြုရာ၏။ ကြွင်းသောနည်း-၄ ပါးတို့ကို။ အမှန်အရန် ပြုရာ၏။ နိုင်ငံအစိုးရမင်း များ၏ဘုန်းတန်ခိုးအာဏာစက်နှင့်ပင် ပြီးစီးနိုင်ပါ စေသတည်း။ )

## (၉) နဝမခဏ်း။

ပဌမခဏ်း၌။ ပြဆိုခဲ့ပြီးသော။ နိမိတ်များ ပေါ် ပေါက်ခဲ့သော်ပြုလုပ်ရန်နည်းကိုပြဆိုခဏ်း။ မြို့ရွာ တို့၌ ခွေးတို့အလူ ဆူအူခဲ့သော်ထိုအရပ်တွင်နေသူ ဘိလူးသူဘက်တို့၊ဝင်ရောက်ကြကုန်ပြီမှတ်။ ။ထို အရပ်သူအရပ်သားတို့က။နားထောင်၍မနေကြရ ခွေးဆူအူရာဌာနနှင့်။အရွဲခဲ ကျောက်ခဲ၊ထောက် လေးတို့နှင့်အတင်းလိုက်၍ပစ်ခတ်ကြကုန်ရမည်။ အရွဲခဲ။ကျောက်ခဲ။ထောက်လေး၊ဒုတ်ထားတို့ကို။ ရှေ့အဘို့ကပင် အသင့်ရှိစေကြရမည်။ ငါတို့မြန် မာလူမျိုးတို့အလေ့၊ထားပြနှင့်တွေ့ခါမှ၊ထားရှာ တတ်၏၊ အနီးအစပ်အရပ်ရှိကာလသားအသင်း တို့လည်း၊ဒုတ်ထားကိုင်စွဲသျှက်၊ ထိုအရပ်ထဲသို့။ လာရောက်၍၊ပစ်ခတ်တီးခေါက်။ ချိန်းချောက်နှင့် ထုတ်ကြရမည်၊ အရပ်ထဲမှာညအခါ၊ အရင်...

မှာနေ့အခါ၊ သုံးညသုံးနေ့ နှင်ထုတ်ကြရမည်၊ ခွေး
အရှုမပျော်သေးသမျှ ထိုအရပ်တွင်းရှိ ယောက်ျား
များညဉ့်အခါနှက် မအိပ်ကြရ။ ဒုတ်သား ကိုင်စွဲ၍
ဝင်းထဲ ခြံထဲမှာလှည့်လည်၍ နေကြရမည်။ အ
ရုံတက်မှအိပ်ကြရမည်၊

မြို့ရွာတွင် တရပ်တကွက်၌။ တခုသောအိမ်
ကိုမီးလောင်ခဲ့သော်၊ မိမိတို့အိမ်က ရေအိုး ကိုယ်
စီနှင့် နေတတ်ကြကုန်၏။ မီးသည် ပြန့်ပွား၍လာ
သည်ရှိသော်။ ရေအိုးကိုပစ်၍ထွက်ပြေးကြကုန်
၏၊ ထိုသို့မနေကြရကုန်၊ မီးလောင်ရာမှာနသို့တမြို့
လုံးတရွာလုံးလာ၍။ မီးသတ်ကြကုန်ရမည်။ ထို
အိမ်နှက်ဝီ၊ မငြိမ်ခဲ့သော်၊ တမြို့လုံးတရွာလုံးမီးမ
ငြိမ်း။ ထိုအိမ်နှက်မီးငြိမ်းမှတမြို့လုံးတရွာလုံးမီး
ငြိမ်းမည်၊ ရောဂါဥပါဒ်တရပ်တကွက်မှာဖြစ်ပေါ်
ရာ၊ ခွေးအရှုရာတို့၌လည်း၊ ထိုနည်းတူမှတ်။ ။ဘိ
လူးသူဘက်တို့သည်။ မြို့တွင်း ရွာတွင်းနှက်သုံး
ရက်လေးရက်သွားလာခွင့်ရကြကုန်သည်ရှိသော်
နေရာထိုင်ရာသွားလမ်း လာလမ်းကို၊ ရကြသိကြ
ကုန်သဖြင့်။ မြို့ပြင်ရွာပြင်သို့ပင်မထွက်ကြကုန်ပြီ၊
မြို့တွင်းရွာတွင်းမှာပင်နေကြကုန်တော့သည်၊ နှင်
[illegible]မှုမရှိဘဲနှစ်ထရှည်ကြာခဲ့သော်၊ စားဘန်များ

www.dhammaransi.com



၍၊လူကျန်လျှင်၊ ဘီလူးမြို့ ဘီလူးရွာ ဖြစ်၍သွားလတ္တံ့။ ။ရွေးအရှုနိမိတ်ပြီး၏။

နေ့အခါကျီးပြုခဲ့သော် ထိုအရပ်တွင်းသို့၊ ဘီလူးသူဘက်တို့ဝင်ရောက်ကြကုန်ပြီမှတ်။ ညအခါ နှက်လှုတ်ဒိပ်ချိန်မှာ။ သစ်ပင်မှဆင်း၍ အရပ်တွင်းသို့ဝင်ရောက်ကြကုန်၏။ ဘီလူးသူဘက်တို့ အဆင်း အတက်မှာကျီးတို့၊ လှုပ်ရှားကြကုန်၏။ နားထောင်၍မနေကြရ၊ အနီး အစပ်အရပ်များပါ ကျီးပြုရာသို့လာရောက်ကြ၍၊ ထိုအရပ်တွင်းနှက် ပစ်ခတ်တီးခေါက်ချိန်းချောက်၍နှင်ထုတ်ကြကုန်ရမည်။ ညအခါ နှက်အိပ်နေရာသစ်ပင်တို့မှ၊ ကျီးတို့မည်ကြလန့်ကြ၊ လှုပ်ရှားကြကုန်သည်ရှိသော် ထိုသစ်ပင်တို့မှာ ဘီလူးသူဘက်တို့ ထက်နေကြကုန်ပြီမှတ်။ နားထောင်၍မနေကြရ၊ ထိုသစ်ပင်တို့ကို အရှဲ့ခဲ ကျောက်ခဲလောက်လေးတို့နှင့်၊ ပစ်ခတ်နှင်ထုတ်ကြကုန်ပြီးလျှင်၊ ထိုသစ်ပင်တို့မှာ (သုဝဏ္ဏဘုမ္မိ ပေတာပဗ္ဗယော)စသည်တို့ကိုပတ်မိအောင် ရေးထားကြရမည်၊ ပျောက်ငြိမ်းသောအခါဖျက်ကြရမည်၊ သစ်ပင်စောင့်နတ်တို့၊ မနေသာရှိတတ်သည်၊ ဆူးခက်တို့ကိုသော်လည်း၊ ထိုသစ်ပင်ကို

www.dhammaransi.com



မှာကပ်ထားကြရမည်။ ။ညအခါ၌ဌက်ဆိုးတို့မြည်တွန်ခဲ့သော်။ ထိုအရပ်တွင်းသို့ဘိလူးသူဘက်တို့။ ဝင်ရောက်ကြကုန်ပြီမှတ်၊ နားထောင်၍။ မနေကြရ၊ ထိုအရပ်၌သုံးရက်တိုင်တိုင်။ ပစ်ခတ်တီးခေါက်၊ ချိန်းချောက် နှင်ထုတ်ကြရမည်၊ ထိုသစ်ပင်မှာ ပရိတ်ဂါထာများရေးထား ကြရမည်။ ။မိမိတို့မြို့ရွာဆိပ်ကမ်းသို့တပ်တွေ့တပ်သဘော်ဆိုက် လာသည်ဟာ အိမ်မက်မြင်မက်ခဲ့သော်၊ထိုမြို့ရွာသို့ ဘီလူးသူဘက်တို့ လာရောက်ကြကုန်ပြီမှတ်။ မြင်မက်သူတို့က၊ မြို့သူကြီးရွာသူကြီးများထံ၊ အမြန်ပြောကြားရမည်။ ။ဗလိနတ်စာကြို့ချက်ပြီးလျှင်။ ငှက်ပျောဘောင်ပေါ်မှာငှက်ပျောရွက်နှင့်တင်၍။ မြစ်ပြင်သို့မျှောပြီးလျှင်၊ တမြို့လုံး တရွာလုံးညီညာ၍။ အရှေ့ကမြစ်ဆိပ်နေခဲ့သော်၊အနောက်ကာစ၍ အရှေ့သို့နှင်ထုတ်ကြရမည်။နေ့အခါ၌ ထိုမြစ်ပြင်မှာ လှေနှင့်လှည့်လည်၍ပရိတ်သဲများကိုကြဲကြရမည်။ထိုမြစ်ဆိပ်နှင့်နီးစပ်သောအရပ်တို့မှာညအခါနှိုက်ယောကျ်ားများမအိပ်ကြဘဲ။ငင်းထဲမြို့ထဲမှာလှည့်လည်၍၊နေကြကုန်ရမည်၊ ။နေ့အခါနှိုက်လည်းသုံးရက်ထေး[illegible]အတွင်းမှာ၊ ထိုမြစ်ရေထဲသို့ဆင်း၍ ရေချိုး

ခြင်းရေခပ်ခြင်းကိုဆင်ခြင်ကြရမည်၊ ။ဤနိမိတ်သည်ယခုအခါနိုက်ဖြစ်ရှိ မြစ်ပည်မြို့ကျေးရွာတို့၌အလွန်ထင်ရှားလျက်ရှိနေကြ၏။

ကုံးမြို့ကုံးရွာတို့နိုက်။တပ်ဆိုက်လာသည်ဟုမြင်မက်ခဲ့သော်။ဘီလူးသူဘက်အပြောက်အများတို့၊ ထိုမြို့ရွာသို့ဆိုက်ရောက်ကြကုန်ပြီမှတ်။ ထွေဆိုက်မြင်မက်ရာ နိုက်ကဲ့သို့၊ ဗသိန္တတ်စာကျွေးခြင်းသုံးနေ့သုံးညနှင်ထုတ်ခြင်းကိုပြုကြရမည်။ ။အိပ်မက်မြင်ရုံမျှမက၊ တပ်ချီ၍ လာသည်ကိုဒိဋ္ဌတွေ့မြင်ကြသူတို့လည်းရှိကြကုန်၏ တပ်လှော်တပ်သဘော်၊တင်ချီမြင်မက်ခဲ့သော်၊ ဘီလူးသူဘက်များပြား၍၊အနားကြီးစွာရောဂါဖြစ်တတ်၏။ ။မြို့တွင်း ရွာတွင်းသို့လူနက်ကြီးများလူနီကြီးများလူဖြူကြီးများ။ ဝက်ကောင်ကြီးများ၊ ခွေးကောင်ကြီးများ။ ရေသူဘက်ကောင် ကြီးများ၊ ကုံးသူဘက်ကောင်းကြီးများ။ ဝင်လာသည်ဟုမြင်မက်သော်ရင်း။ထိုအကောင်းကြီးများကို။အချို့ကတွေ့မြင်ကြသောကြောင့်။ထိုအရပ်တွင်းသို့ဘီလူးသူဘက်တို့ဝင်ရောက်ကြကုန်ပြီးလျှင် အိပ်ပျော်သောအိပ်ကိုရှာကြကုန်၏၊မြင်မက်သူတို့ကအရပ်ကိုအမြန်

www.dhammaransi.com



ပြောကြ၍။နှင်ထုတ်ကြကုန်ရမည်။ကိုယ်တိုင်တွေ့မြင်ကြရာနိုက်။ တွေ့မြင်သူတို့က၊ မြို့ပြင်ရွာပြင်သို့ထွက်အောင် အတင်းလိုက်၍။ ပစ်ခတ်ကြရမည်။ဒိဋ္ဌတွေ့မြင်ကြရာနိုက်။ အလန့်အထိတ်မရှိသူတို့မှာဥပါဒ်မရှိ။ထိတ်ခြင်းလန့်ခြင်းရှိသူတို့မှာဥပါဒ်ဖြစ်ရာကြကုန်၏။လက်နိုက်ပိုးရှိသောသူ။ထားရှိသောသူ။ ကိုယ်နိုက်ဂါထာမန္တာရား။ ဆေးဝါးအင်းအိုင်၊လည်ဖွဲ့။လက်ဖွဲ့ ခြေဖွဲ့ရှိသောသူတို့မှာထိတ်ခြင်းလန့်ခြင်းမရှိကြသော်လည်း။ မကပ်ဝံ့ကြကုန်။ အဟုတ်သဖြင့်၊ သုံးခက်လက်၌ရှိလျှင်ပင်မကပ်ထဲ့ဝံ့ကြကုန်၊နှုတ်နိုက်ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကိုရွတ်ဆို၍။နေသောသူများကိုလည်း မကပ်ထဲ့နိုင်ကြကုန်။ ဝင်းပေါ် ခြံပေါက်၌ ပိုးထဲ့၍ထားလျှင်၊ထိုဝင်းထိုခြံသို့မဝင်ထဲ့ကြကုန်။ ။မြို့ထဲရွာထဲမှာပွဲလမ်းသဘင်ခံသည်ဟုမြင်မက်ခဲ့သော်ပွဲလမ်းသဘင်ခံရာအရပ်မှာ နှင်ထုတ်ကြရမည်နေ့အခါမြို့တွင်း၌ရွာတွင်းသို့။ သစ်ဝင်ခြင်းကျားဝင်ခြင်း၊ ယုန်ဝင်ခြင်း။သမင်ဝင်ခြင်း။ဒရယ်ဝင်ခြင်းတောကြက်တောခါဝင်ခြင်းတို့၌လည်းတပ်ဝင်ရာနိုက်ကဲ့သို့ပြုလုပ်ကြရမည်။ ။ညအခါ၌နွားခြံကျွဲခြံတို့မှာ ။နွားကျွဲလန့်ခဲ့သော်၊ထိုခြံတွင်း

www.dhammaransi.com



သို့ဘီလူးသူဘက်တို့ဝင်ရောက်ကြကုန်ပြီ။ ထိုခြံနှုက်ရှိသမျှသော နွားတို့ကို အနာပေး၍၊ အသွေးအသားတို့ကိုစားသောက်ကြကုန်လတ္တံ့။ နွားကျွဲတို့ကိုထိုခြံမှချက်ခြင်း။ထုတ်၍။ဝေးရာမှာထား။ ထိုခြံတွင်း၌ပရိတ်ရွတ်ခြင်း။ကမ္မဝါဘတ်ခြင်း၊ပရိတ်ရည်။ရှိန်းခိုရည်။အစိုးရမင်းတို့၏၊ ပဋ္ဌတ်အကွယ်အကာသဆေးရည်များပက်ဖြန်းပြီးမှ၊ နွားကျွဲတို့ကိုသွင်းရမည်။ မြည်း။မြင်း။သိုး၊ ဆိတ်တို့နှုက်လည်းထို့နည်းတူမှတ်၊ ။နေ့အခါတောခြုံရှိရာမှ။နွားကျွဲတို့ထန့်ခဲ့သော်။ ထိုတောခြုံမှာ ဘီလူးသူဘက်တို့ရှိနေပြီ။နွားကျွဲတို့ကိုထိုတောမှ အမြန်ထုတ်၍၊ တခြား တပါးသော တောမှာခုနစ်ရက် ရှစ်ရက်ကြောင်း ပြီးမှ ထို တောမှာ တဘန်ကြောင်း ရမည်။နွားကျွဲတို့၏။ဦးချိုတို့၌။ ( ဥုံ ဗုဒ္ဓံ သရဏံ ဟုံ့တာနေသယကျွော၊ရှောင်လေ ရှားလေ )ဟု အမြန်အလျှန် ရေးထားကြရမည်။သချာဂုဏ်အင်းဖြာများကိုလည်း၊ကျွဲနွားတို့ သောက်ရေနှုက် ထည့်ထားကြရမည်၊ ။ဤကားနိမိတ်များတစုံတခုပေါ်ပေါက်ခဲ့သော်၊ ပပြောက်အောင်ပြုလုပ်နည်းတည်း၊ ။ပရိတ်ခြည်။ပရိတ်ရည်။ပရိတ်ပန်း။ ပရိတ်သဲတို့ကိုလည်း၊ နွားခြံ ကျွဲခြံတို့နှုက် အရံအ

www.dhammaransi.com



ကာပြုလုပ်ကြရမည်။ ပရိတ်ခြည်များကို၊ နွားကျွဲတို့၏လည်ဘင်းမှာစွပ်ထားကြကုန်ရမည်။

(၁၀ ဒသမခဏ်း။

ကပ်ရောဂါဆိုက်ရောက်ဖြစ်ပွါးသော နေရာနှိုက်။ နေရာကျပြုလုပ်ကြသဖြင့်။ နေ့ခြင်းညခြင်းပြောက်ငြိမ်းဘူးသောနည်းလမ်းများ။ ။ငါတို့ဘုရားလက်ထက်တော်နှိုက်။ ဝေသာလီပြည်မှာကပ်ဥပါဒ်ကြီးစွာဆိုက်ရောက်ရာ၊အရှင်အာနန္ဒာသည်။တမြို့လုံးလမ်းလျှောက်ဖွည့်ထည်၍၊ ရတနာသုတ်ပရိတ်တော်ကို။ညဉ့်သုံးယာမ် ပတ်လုံးရွတ်သဖြင့်၊ ပြောက်ငြိမ်းဘူးကြောင်း။ ရတနသုတ်နိဒါန်းအဋ္ဌကတာကြီးမှာထင်ရှားရှိပြီ၊ ဤလမ်းလျှော်သွား၍ရွတ်ဘတ်သောနည်းလမ်းသည်။ငါတို့စိရင်သော အန္တရာယ်ကင်း စာအုပ်ငယ် တခုမှာပါရှိ၏။

ဘိပုံရိုဋ္ဌကျွန်းတွင်။ သဃ်ဗောဓိ မင်းလက်ထက် ဘီလူးသူဘက်တို့ အထွက်ကြောင့် ပဋ္ဋိတ်ကပ်ရောဂါ ဆိုက်ရောက်ရာ၊ဘီလူး သူဘက်တို့အားဗလိနတ်စာကောင်းစွာကျွေးမွေးသဖြင့်ပျော်

www.dhammaransi.com



ငြိမ်းဘူးကြောင်း မဟာဝင်အဋ္ဌကထာတွင်လာရှိ၏။ ။ငါတို့မြန်မာနိုင်ငံ၌နှိုက်၊ကျိုက်ထိုမြို့မှာကပ်ဥပါဒ်ဆိုက်ရောက်ရာမြို့စောင့်နတ်တို့အားနတ်ကနားပွဲပြုလုပ် ပူဇော်ကြ၏။ ထိုအခါ လူတဦးကိုပူကပ်၍ပွဲတွင်းသို့ ဝင်လာသောနတ်ကြီးတပါးကဘိလူးသူဘက်တို့ကိုငါတို့ချည်းမနိုင်ဘူး။ မောင်မင်းတို့မြို့သားများထည်းထွက်ကြ၊ငါတို့ကလက်ညှိုးညွှန်ပြမည်။မောင်မင်းတို့က ချွဲကျောက်ခဲအစရှိသောလက်နက်တို့ဖြင့်၊ပစ်ခတ်ကြရမည်ဟုပြောဆို၍၊ ၎င်းနတ် ပူးကပ်သူ မြို့ပြင်သို့ ထွက်ပြီးလျှင်၊ မြို့ပြင်ရှိ၊စရပ် တန်ဆောင်း ကျောင်းဟောင်းတို့ကိုလက်ညှိုးညွှန်ပြ၏။ လူအများတို့ကထိုသူညွှန်ပြရာအရပ်ကို၊ ချွဲကျောက်ခဲအစရှိသောလက်နက်တို့နှင့်ပစ်ခတ်ကြကုန်၏။ တဘန်မြို့အနီးရှိချောင်းရိုးသို့ရောက်သွား၍၊ ချောင်းရိုးဝဲယာရိုးတောခြုံတို့ကိုညွှန်ပြ၏။ ၎င်းညွှန်ပြရာကိုလူအများတို့ကအော်ညာ၍၊ပစ်ခတ်ရိုက်နှက်ကြကုန်၏၊နေ့ခြင်းညခြင်းကပ်ဥပါဒ် ပြောက်ငြိမ်း၏။ ပွဲလုပ်ရသူများတို့သည်ယခုထင်လျှားရှိကြကုန်၏။ ၎င်းကျိုက်ထိုမြို့မှာပင်၊ယခု ၁၂၇၀ပြည့်၊ ဝါဆိုလအတွင်း ပဋိတ်ရောဂါ ဖြစ်လာရာ၊ အမိန့်တော်

ရဂျေ့နေမယောင်ဘိုးရိပ်ဆိုသူကြီးကြပ်၍၊ ဗလိနတ်စာကျွေးမွေးရာတွင်ပျောက်ငြိမ်း၏။

တောင်ငူမြို့မှာရှေးသောအခါနှိုက်၊ကပ်ဥပါဒ်ကြီးစွာဆိုက်ရောက်ရှိနေရာ၊မင်းကလေးဆိုသောနတ်က၊မိန်းမတယောက်နှိုက်ပူးကပ်၍၊ ဆရာတဦးကိုဆရာ၏။ မြို့ရွာ၌ရောဂါဥပါဒ်တွေဖြစ်လျက်နေသည်ကိုအဘယ်ကြောင့် ဆရာကြည့်၍ နေသလဲဟုဆို၏။ ဆရာက။ ဘယ်လို ပြုလုပ်ရမည်လဲဟုမေးမြန်းရာ။သင်တို့ကို ရိက္ခာ ထောက်ပါမည်ငါတို့မြို့ရွာမှထွက်သွားကြပါဟုဆို၍ဆန်စိမ်းအမဲစိမ်း။ ငါးစိမ်းတို့ကို။ ဆိုင်းဝိုင်း တီးပြီးလျှင်။ သုသာန်သို့ပို့ကြရမည်ဟုဆို၏။ဆိုတိုင်းပို့ကြရာ၊ထိုနေ့ပင် ပျောက်ငြိမ်း၏။ ပို့ရသူများ ယခုထင်ရှားရှိ၏။ဆန်စိမ်းငါးစိမ်းအမဲစိမ်းဆိုသော်လည်းသားငါးတို့ကိုသတ်ဖြတ်၍မပြုမလုပ်ရ။ ဈေးတွင်အလိုလိုပေါ်၍ရသောသားငါးများကို သာဆိုလိုသည်။ရင်းတောင်ငူမြို့မှာပင်တရံရောအခါကပ်ဥပါဒ်ဖြစ်လာရာ။ ဗလိနတ်စာတို့ကို ကောင်းစွာကြိုချက်ပြီးလျှင်၊ ငှက်ပျော တုံးတို့ကိုဘောင်ဖွဲ့၍၊ ဗလိနတ်စာ တို့ကို ငှက်ပျောဘက်တို့နှင့် ဘောင်၌တင်၍၊ မြစ်ရေနှိုက်မျှောကြသဖြင့်။ ပျောက်ငြိမ်း၊

ဘူး၏။ပြုလုပ်သူများထင်ရှားရှိကြ၏။ ။နတ်ပွဲ ပြုလုပ်မှု၊ဗလိနတ်စာကျွေးမှုရိက္ခာပေးပို့မှုများကို မထိလေးစား မလုပ်ကြကုန်မူ၍၊ ကောင်းမွန်စွာ ရုံစွာပြုလုပ်အားထုတ်ကြကုန်ရမည်။ ထိုသို့မလုပ် လျှင်ဘီလူးသူဘက်တို့က စိတ်မကျေနပ်ကြဘဲ၊ အညှိုးအစွဲထားတတ်ကြကုန်၏။

ရှေးအခါနှိက်။မိတ္ထီလာမြို့မှာကပ်ဥပါဒ်ဆိုက် ရောက်နေရာ၊မိတ္ထီလာမြို့ဝန်မင်းသည်။မြို့ကိုဆင့် ဆို၍၊ မြို့တွင်း မြို့ပြင် ပစ်ခတ် တီးခေါက် ချိန်း ချောက်၍။ ငါ အုပ်စိုးသော နယ်ပယ်မှာ နင်တို့ မနေကြနှင့်။ အမြန်ထွက်သွားကြဟု၊ အမိန့်နှင့်စာ ဘတ်ကြား၍နှင်ထုတ်ရာ။နေ့ခြင်း ညခြင်းပြောက် ငြိမ်း၏။သိမှိသူများယခုရှိကြသေးသည်။ ။ သက္ကရာဇ် ၁၂၆၄ ခုနှစ်တွင်ဇေရာဝတီမြစ်ညာ။ကာ သာမြို့မှာ၊ကပ်ဥပါဒ်ကြီးစွာဖြစ်နေရာ ကျမ်းဘတ် အကျော်၊မန်းသည်ဆရာတော်ကြီးသည်၊မြို့စောင့် နတ်တို့အား။တိုင်တန်းစာစီရင်၍၊နတ်စင်တခုမှာ ဘတ်စေရာ။နေ့ချင်းညချင်းပျောက်ငြိမ်းဘူး၏။ ။ ထိုတိုင်တန်းစာကိုကပ်ရောဂါဖြစ်နေသူတို့၏ ဦး ခေါင်း ရင်းနှိက်၊ တင်း ရင်းစွာ အာထာ သံနှင့် အထပ်ထပ်ဘတ်၍ပျောက်ငြိမ်းဘူးပါသည်ဟု ဘတ်

www.dhammaransi.com



ရသူ။ ဩျာက်ထား၍၊ကြွားသိရ၏။ ငါတို့စိရင်သော အမိန့် နှင်စာနှင့်။ ထိုထို မြို့ရွာနိုက်။ ငါတို့ကိုယ်တိုင်ကြီးကြပ်ဘတ်နှင်စေ၍ ပျောက်ငြိမ်းမှုသည့်ကား။ယခုအခါ နိုင်ငံမှာထင်ရှား၏၊ ရင်းနှင်စာကို၊လူနာ၏ အနီးနိုက်နေ၍၊ အထပ်ထပ်ဘတ်ရာတွင်။ပျော်ငြိမ်းဘူးသည်လည်းရှိ၏။ ။မြို့လုံးရွာလုံးညီညာ၍။ သုံးရက်သုံးခါ၊ အခုန်းအခုန်းသူညံ့အောင် ပစ်ခတ်တီးခေါက် ချိန်းချောက် နှင်ထုတ်ကြရာ။ပျောက် ငြိမ်းဘူးလေသည်မှာ၊မြန်မာလူမျိုးတို့ အရိုးအစဉ်ဖြစ်၍။ ယခုပင့်တ်ရောဂါ မှာပင်၊ ထိုထိုမြို့ရွာတို့နိုက် ငါတို့လည်း ကိုယ်တိုင်ကိုယ်ကြပ်။ ကြီးကြပ် အားထုတ် ပြုလုပ်တွေ့ကြုံဘူးလှလေပြီ။ကြားလည်းကြားဘူးလှလေပြီ၊ ။ဗုဒ္ဓဘာသာကျမ်းဂန်တို့၌၊ ဒီဃနိကာယ်မှာ လာရှိသော။ အာဋာနာဋိယသုတ်ကြီး။မဟာသမယသုတ်ကြီး။ ဿိလဝန္တရဟန္တာကြီး။ ထုတ်ဘောင်စိရင်တော်မူသော၊ဥပ္ပါတသန္တိဂါထာကျမ်းများသည်၊ မြို့ရွာတို့နိုက်ကပ်ဥပါဒ်များကိုနှင်ထုတ်ဘို့ သက်သက်ဖြစ်သတည်း။ သို့ရာတွင်။ ဤနိုင်ငံမှာအရကျက်၍၊ရွတ်ရိုးအစဉ် ရှိနေသည်ဖြစ်၍ရင်း၊ အလွန်များပြားလျက် ရှိသော၊ ထိုသုတ်ကြီးများ၊ ထိုဂါထာ

www.dhammaransi.com



ကျမ်းများကို၊အရမကျွက်နိုင်ကြသည်ဖြစ်၍ရင်း၊ ယခုအခါနိုက် အသုံးမပြုနိုင်ကြကုန်၊ ။အန္တရာယ်ကင်း စံပြန်ပွဲ ပြုလုပ်ကြပါလျှင်၊ ထိုကဲ့သို့သောသုတ်ကြီးဂါထာကြီး။ မန္တရားကြီးများကို အသုံးပြုနိုင်ကြကုန်လတ္တံ့။ ။စာလွှတ်ရွှတ်မှုထက်စာကို ကြည့်၍ ရွတ်မှုသည်၊ သာ၍ ကောင်း၏။ ပိဋကတ်သုံးပုံကိုပင် အကုန် ဘတ်ရွတ်နိုင်၏၊ ပြုပြုကြီး ဆိုနိုင်၏။ဖြေးဖြေးလေးလေးကြီးဆိုနိုင်၏။ တမြို့လုံးတရွာလုံး ယောကျ်ားမိန်းမအားကုန်ဘတ်ရွတ်နိုင်၏၊ထိုကြောင့်မဟာသမယသုတ်၊ ဥပ္ပါတသန္တိကျမ်းကြီးများသည်။ ကပ်ဥပါဒ်ဆိုက်လာမှ စာရှာ၍ မနေကြ ရအောင်၊ ယခုအခါ စာအုပ်ပြုလုပ်ပြီးလျှင်၊အိမ်တိုင်းမှာရှိစေကြဘို့ ကောင်းလှ၏။ မိမိတို့လည်း၊ဘတ်ကြရမည်၊ ရဟန်းသံဃာတော်များကိုပင့်၍၊ အိမ်မှာ ရှိကြသော မိမိတို့စာနှင့်ဘတ်ကြစေရမည်။ စာနှင့်ဘတ်ကြရာ၌လည်း ချောချောညက်ညက် သွက်သွက်ကြီး သွားစေရမည်။ ။မိမိတို့အရပ်နိုက်ကပ်ဥပါဒ်နှင့်ကြောင့်ကြမကင်းရှိနေကြသော အခါ၊နေ့ဝင်လျှင် တိုက်အိမ်မြင့်မြင့်ပေါ်ကနေ၍၊တညဉ့်လုံးဘတ်ရွတ်ဘို့ ထျော်လှ၏၊ ထို့အတူ မြပဟ္ဓ ဇာလ သုတ်ကြီး။

www.dhammaransi.com



ပဋ္ဌာန်း ပါဠိတော်ကြီးများလည်းဘတ်ကြ ကျန်ရမည်။ ။ရဟန်းသင်္ဃာတော်များကို ပင့်၍စာနှင့်ဘတ်ကြ စေရမည်။ အဠာ နာဋိယ သုတ်ကြီးကိုဘတ်လျှင် ဘီလူးသူဘက်တို့ မှန်းတတ်သည်ဟုဆင်ခြင်ကြကုန်၏။ အကြောင်းမူကား။ ထိုသုတ်နှိုက်ဘီလူးသူဘက်တို့ကိုအစိုးရသော။ နတ်မင်းကြီး နတ်စစ်သူကြီး တို့အများပါရှိ၏။ ဘီလူးသူဘက်တို့ကိုချိန်းချောက်ကျိန်းဝါးသောစကားမျိုးများလည်းပါရှိ၏။ ပရိတ်ကြီးတစောင်လုံးလည်းအဋ္ဌရာယ်ကင်း ရွတ်ဘို့ချည်း ဖြစ်၏။ လောက၌ရှိကြသော၊ ဓါရဏပရိတ်၊ ဆဒိသာပါလသုတ်ရတနာသုတ်နှင့်။အတွင်းအောင်ခြင်း။ အပြင်အောင်ခြင်းများလည်းကပ်ဥပါဒ်ကင်းလွတ်ဘို့ချည်းသက်သက်ဖြစ်၏၊စက်ကြီးတဆဲ့သုံးပါးသည်၊ ပဋိတ်ကပ်ရောဂါမှာ။လူမမာ၏ ခေါင်းရင်းက ထိုင်၍။ ဒေါသသံမာနသံပါပါနှင့်။ အခေါက်ပေါင်းများစွာရွတ်၍၊ ပျောက်ငြိမ်းသူကိုတွေ့ရဘူး၏၊ ပဋိတ်ရောဂါဖြစ်နေသူကိုထါးလက်နက်ဝိုင်းအုံပြီးလျှင်အထက်နှိုက် ဘောပြခဲ့ပြီးသော၊ သုတ္တန်ကြီး၊ ပရိတ်တော်ကြီး။ဂါထာတော်ကြီးများကို။ ရဟန်းအများလူအများတို့ဝန်းဝိုင်း၍ဘတ်ကြရာ၏ လူနာ

www.dhammaransi.com

ကိုရှေ့ထား၍၊ ပရိတ်တော်ဂုဏ်တော်၊ ဂါထာ
မန္တရားများကို ဘတ်ရွတ်ကြရာ၌၊ ငါ၏နှုတ်မှ၊
ထွက်သမျှကုန်သော၊အက္ခရာတို့သည်၊ လူနာ၏၊
ကိုယ်တွင်းသို့အကုန်ရောက်စေမည်ဟု၊လူနာ၏၊
ကိုယ်ခန္ဓာကိုအာရုံပိုက်၍၊စိတ်မာန်တင်းတင်းနှင့်
ရွတ်ကြရမည်။ ။ဩြောင်းကိုးတန်ဂါထာ၊ဥဏ္ဏ
လုံ ဂါထာများလည်း။ လောကနှိုက် အန္တရာယ်
ကင်းအရာမှာထင်ရှား၏အာဋာနာဋိယသုတ်ကြီး
ကိုလူနာ၏ခေါင်းရင်းနှိုက်၊ တင်းရင်းစွာဘတ်၍၊
ပျောက်ငြိမ်းသည်ကို တွေ့ဘူး၏၊ ။ထင်ရှား၏
ဆိုသော်လည်း။ နဂိုရ်က ယုံကြည်အားကိုး စွဲမြဲ
၍။ ရွတ်သောသူတို့မှာသာ ထင်ရှားသည်၊ အန္တ
ရာယ်တွေ့မှရွတ်ဘတ်ကြသောသူတို့မှာ၊ယုံကြည်
စွာစိတ်ချ၍၊ မပျောက်လျှင် ငါမထဟု၊ မာန်နှင့်၊
ရွတ်နိုင်မှထင်ရှားမည်၊ဘီလူးသူဘက်တို့သည်။မ
ခံနိုင်အံ့ရှိခဲ့လျှင်။သူနာကိုလှုပ်ရှားအောင်ပြု၍ရွတ်
မှုကိုနှောင့်ရှက်တတ်ကုန်၏၊အခြေမပျက်ရွတ်ကြ
ရမည်။

# (၁၁) ကောဒုဘ္ဘခဏ်း

## ကပ်ဥပါဒ်အန္တရာယ်ကိုကွယ်ကာရန် ဂါထာကြီးများ။

သမ္ဗေဇုဒ္ဓါ၊ ဗထပဏ္ဏာ၊ ပစ္စေကာနန္ဒ၊ ယံဖလံ၊ အရဟန္တာနန္ဒ၊ တေဇေန၊ ရက္ခံ ဗန္ဓာမိ၊ သဗ္ဗသော နညတြ ဗောဇ္ဈာ တပသာ၊ နညတြိန္ဒြိယာ ဘံ၀ရာ၊ နညတြ သဗ္ဗနိဿဂ္ဂါ၊ သောဏ္ဍိံ ပဿာမိ ပါဏိနံ၊ ။ အရပ်ရှစ်မျက်နှာတို့နိုက်၊ ညတိုင်း သုံးထပ်စီကျအောင်ရွတ်၍၊ အိပ်ယာဝင်းခြံ အကာအရံပြုလေ၊ ထန်းရွက်၌ရေး၍အိမ်လေးထောင့်မှာဆွဲ၊ အိမ်တံခါးပေါက်မှာအထက်ကဆွဲ၍ထား၊ ။တဏှင်္ကရော၊ မေဓင်္ကရော၊ သရဏင်္ကရော၊ ဒီပင်္ကရော၊ ကောဏ္ဍညော၊ မင်္ဂလော၊ သုမနော၊ ရေဝတော၊ သောဘိတော၊ အနောမဒဿီ၊ ၁၀ ။ ပဒုမော နာရဒေါ၊ ပဒုမုတ္တရော၊ သုမေဓော၊ သုဇာတော၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော တိဿော၊ ၂၀ ။ ဖုဿော၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓော၊ ကောဏာဂမနော၊ ကဿပေါ အမှာကံဘဂဝါ၊ ၂၈၊ အဋ္ဌဝီသတိသမ္ဗုဒ္ဓါ၊ ဇုန္ဒိမ

နက္ခတ္တဇုတိန္ဒရာ။ ဈန္ဒိယာဇုတိယာတေသံ၊ အနက္ခရာ
ယာသမေက္ခုမေ။ ။သမ္ဗန္ဓရေပလာယက္ခု၊ ဝိ
သာဝါယကွရကွသာ။ ။နှစ်ကျိပ်ရှစ်သူဂါထာ၊
ဓိန်းမတိုမှာ။ သံဗန္ဓူရေချိသောနောက်ပိုင်းကို မ
ကျက်နှင့်။ ။တဏှင်္ကရော။ တဏှင်္ကရာမြတ်စွာ
ဘုရားရင်း၊ မေဓင်္ကရော၊ မေဓင်္ကရာ မြတ်စွာဘု
ရားရင်း။ သရဏင်္ကရော။ သရဏင်္ကရာဘုရားရင်း
ဒီပင်္ကရော။ ဒီပင်္ကရာဘုရားရင်း။ ကောဏ္ဍညော၊
ကောဏ္ဍညရင်း မင်္ဂလော။ မင်္ဂလရင်း သုမနော သုမ
နရင်း။ ရေဝတော။ ရေဝတရင်း၊ သောဘိတော၊
သောဘိတရင်း အနောမဒဿီ အနောမဒဿီရင်း
၁၀။ ပဒုမော။ ပဒုမမြတ်စွာဘုရားရင်း နာရဒေါ။ နာ
ရဒရင်း။ ပဒုမုတ္တရော။ ပဒုမုတ္တရာရင်း။ သုမေဓော။
သုမေဓမြတ်စွာဘုရားရင်း။ သုဇာတော၊ သုဇာတ
ရင်း။ ပိယဒဿီ ပိယဒဿီရင်း အတ္ထဒဿီ အတ္ထ
ဒဿီရင်း ဓမ္မဒဿီ ဓမ္မဒဿီရင်း။ သိဒ္ဓတ္ထော၊ သိဒ္ဓတ္ထ
ရင်း။ တိဿော၊ တိဿရင်း၊ ၂၀၊ ဖုဿော၊ ဖုဿ
မြတ်စွာဘုရားရင်း ဝိပဿီ ဝိပဿီရင်း၊ သိခီ သိခီ
ရင်း၊ ဝေဿဘူ၊ ဝေဿဘူရင်း၊ ကကုသန္ဓော ကကု
သန်ရင်း။ ကောဏာဂမနော၊ ကောဏာဂမ်ရင်း၊
ကဿပေါ၊ ကဿပရင်း၊ အမှါကံ၊ အကျွန်ုပ်တို့၏

www.dhammaransi.com



ဘဂဝါ။ အရှင်ဂေါတမမြတ်စွာဘုရားရှင်။ ၂၈။ ဆူမေ။ ဤနှစ်ကျိပ်ရှစ်ဆူကုန်သော။ သုံးလူ့ထွတ်ထားသဗ္ဗညုမြတ်စွါဘုရားတို့ကို။ အဟံ။ အကျွန်ုပ်သည်။ ဝန္ဒါမိ။ ရှိခိုးပါ၏။ မေ။ အကျွန်ုပ်၏။ သိသေ။ ဦးခေါင်းနှိက်။ နိစ္စံ။ အမြဲ တိဋ္ဌန္တု။ ကိန်းဝပ်တည်နေတော်မူကြပါစေကုန်သတည်း။ ။အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ။ နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့သည်။ ဇုတိမန္တော။ စကြာဝဋ္ဌာ။ ကဉ္စနာမြေမိုးယဉ်း ဖြန့်ဖြန့်ကြိုးမျှ။ တန်ခိုးတော် အပေါင်းတို့နှင့်လည်း ကောင်းစွာပြည့်စုံတော်မူကြပေကုန်၏။ ဇုတိန္ဓရာ စကြာဝဋ္ဌာ။ ကဉ္စနာမြေမိုးယဉ်း။ ဖြန့်ဖြန့်ကြိုးမျှ တန်ခိုးရှိန်ဝါ။ စက်အာဏာ တို့ကိုလည်း။ ကောင်းစွာ ဝိုက်ထူဆောင်တော်မူကြပေကုန်၏။ တေသံ။ ထို နှစ်ကျိပ်ရှစ်ဆူကုန်သောမြတ်စွာဘုရားတို့၏။ ဇုတိယာ။ စကြာဝဋ္ဌာကဉ္စနာမြေမိုးယဉ်း။ ဖြန့်ဖြန့်ကြိုးမျှ တန်ခိုးတေဇော်အာနုဘော်တို့ကြောင့်ရင်း။ ဇုတိယာ။ ကဉ္စနာမြေမိုးယဉ်း။ ဖြန့်ဖြန့်ကြိုးမျှ။ တန်ခိုးရှိန်ဝါ စက်အာဏာတို့ ကြောင့်ရင်း။ မေ။ အကျွန်ုပ်အား။ အန္တရာယာ။ ခပ်သိမ်းသော။ ဘေးဒဏ်ရန်မာန်။ အန္တရာယ် အပေါင်း တို့သည်။ သမေန္တု။ မငြိမ်ထွယ်။ ပျော်ပျယ်ကင်းငြိမ်းကြ စေကုန်သတည်း။

www.dhammaransi.com



သမ္ဗေ၊ အလုံးစုံကုန်သော၊ ဝိသာစာ၊ မြေထဲခိုးအောင်း။ မြေ၌ချောင်းသည့်၊ မကောင်း ညစ်ညူး၊ မြေဘီလူးတို့သည့်ရင်း၊ သမ္ဗေ၊ အလုံးစုံကုန်သော ယက္ခယက္ခာ၊ မြို့ပြင်မြို့တွင်း၊ ကုန်းကျင်းသစ်ပင်၊ ဥမင်လိုဏ်ခေါင်းဂူဟောင်းစရပ်၊ လူမစစ်သည့်၊ အရပ်ထွေထွေကုန်းမှာ နေအောင်းကုန်း၌ချောင်းသည့်၊ မကောင်းညစ်ညူး၊ ကုန်းဘီလူးတို့သည်ရင်း သမ္ဗေ၊ အလုံးစုံကုန်သော၊ ယက္ခသာ၊ ပင်လယ်မြစ်တွင်း၊ အိုင်အင်းထွေထွေ၊ ရေမှာခိုအောင်း၊ ရေ၌ချောင်းသည့်၊ မကောင်း ညစ်ညူး၊ ရေဘီလူးတို့သည်ရင်း၊ ဒုရေ၊ ငါတို့အိမ်ယာ၊ ငါတို့ရွာမှ၊ ဆုတ်ခွါရှောင်ရှေး၊ ဝေးသောအရပ်သို့၊ ပလာယန္တု၊ အလျှင်မနှေး၊ ပြေးကြစေကုန်သတည်း။ (မိန်းမတို့မှာသမေန္တု၊ အနက်သုံးရုံကျက် ဆုရေးရှိခိုးလုပ်၍ နေ့စဉ်ရွတ်၊) ။ဟာပ်ဥပါန်ရှိထာခဲ့သော်၊ အိမ်ယာဝင်လျှင်မြင့်ရာအရပ်မှမတ်တတ်ရပ်လျက်။ အရှေ့သို့မျက်နှာမူ၍၊ ပုရတ္ထိမာယ ဒိသာယ၊ တဏှက်ရော စသည်ဖြင့်၊ ဆုံးအောင်ရွတ်၊ ထိုနောက် အရှေ့တောင်သို့မျက်နှာမူ၍၊ ပုရတ္ထိမာယ အနုဒိသာယ၊ တဏှက်ရော၊ စသည်ဆုံးအောင်ရွတ်၊ ထိုနောက် တောင်သို့မျက်နှာမူ၍၊ ဒက္ခိဏာယဒိသာယ၊ တ

ဖျွတ်ရော။ စသည်ရွတ်၊ ဤနည်းအတိုင်း အရှေ့မြောက်တိုင်အောင် ဖွည့်ထည်၍ရွတ်၊ ။မိမိတို့ တိုက်အိမ် ဝင်းခြံ၊ ကျောင်းကန် ပရိဝုဏ် တို့ကို၊ ထံတိုင်းသုံး ထပ်ကာရံဘိသကဲ့သို့ ရှိစေရန်၊ ပါဠိ ကိုရှစ်ခေါက်သုံးပြန်ဘတ်ရမည်၊ စိတ်မန်ထန်ထန် အသံပြင်းပြင်းရွတ်။

## ဘုရားရှစ်ဆူစက်ဂါထာကြီး

ဝိပဿီ ဘဂဝါ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တဂုဏော၊ အနန္တပုညော၊ အနန္တညာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။ သိခိဝေဿဘူ။ ။ကက္ကုသန္ဓော။ ကောဏာဂမနော၊ ကဿပေါ၊ ။အမှာကံဘဂဝါ၊ အရဟံသမ္မာသမ္ဗုဒ္ဓေါ အနန္တဂုဏော။ အနန္တပုညော။ အနန္တညာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ သတ္တိမေဗုဒ္ဓါ။ ဘဂဝန္တော၊ အရဟန္တော။ သမ္မာသမ္ဗုဒ္ဓေါ။မယှံဒီပါ။ မယှံနာထာ၊မယှံပတိဋ္ဌာ၊ မယှံတာဏာ၊မယှံလေဏာ၊မယှံပဋိသရဏာ၊ ။ အနန္တဂုဏာ၊ဗုဒ္ဓါဘဂဝန္တော၊အရဟန္တော။သမ္မာသမ္ဗုဒ္ဓါ၊ အနန္တေဟိ၊ ဂုဏစက္ကေဟိမံရက္ခန္တု။ အ

န္တပုညာ ဗုဒ္ဓါဘာဂဝန္တော။ အရဟာန္တော။ သမ္မာ
သမ္ဗုဒ္ဓါ။အနန္တေဟိ ပုညစက္ကေဟိမံရက္ခန္တိ။ ။
အနန္တဉာဏာ ။ ဗုဒ္ဓါဘာဂဝန္တော အရဟာန္တော။
သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိဉာဏစက္ကေဟိမံရက္ခန္တိ၊
အနန္တတေဇာ၊ ဗုဒ္ဓါ ဘာဂဝန္တော၊ အရဟာန္တော၊
သမ္မာသမ္ဗုဒ္ဓါ၊ အနန္တေဟိ၊ တေဇ ံစက္ကေဟိမံ
ရက္ခန္တိ။ ။အနန္တဗုဒ္ဓိမန္တာ၊ ဗုဒ္ဓါဘာဂဝန္တော
အရဟာန္တော၊ သမ္မာသမ္ဗုဒ္ဓါ။ အနန္တေဟိ။ ဗုဒ္ဓိ
စက္ကေဟိမံရက္ခန္တိ။ ။အနန္တဇုတိမန္တာ၊ဗုဒ္ဓါ
ဘာဂဝန္တော၊အရဟာန္တော။သမ္မာသမ္ဗုဒ္ဓါ။ အနန္တေ
ဟိဇုတိစက္ကေဟိမံရက္ခန္တိ။ ကာထာ။မေရက္ခာ။ က
ထာမေပရိတ္တာ၊ ပဋိက္ကမန္တိ။ ဘူတာနိသောဟံ။ န
မောဘာဂဝတော။နမောသတ္တုန္နံ သမ္မာသမ္ဗုဒ္ဓါနံ၊ ။
(အစဉ္စဘာဂဝါစသောဂုဏ်ပုဒ်တို့ကိုသိဒ္ဓိ၊ ဝေသ
ဘူစသော အလယ်ငါးပုဒ်တို့နှင့်လည်း၊ အကျန်
ဘောဒ်ချွတ်)။ ။အဝိဇ္ဇာယ။ တွေ့ဝ။ အသေသ
ဝိရာဂ နိရောဓါ၊လ။ဧဝမေတဿ။ ကေဝလဿ။
ဒုက္ခက္ခန္ဓဿ။ နိရောဓော၊ ဟောတိ၊ ။ဟူသော
ပါဠိတော်သည်၊ ပရောဂ အချုပ်နှိက် ကောင်းဖွ
သည်ဟူ၍။ မိမိတို့အိပ်နှိက်။ သောက်ရေများကို
အခေါက်များစွာမန်း၍ထားရမည်၊

www.dhammaransi.com



## သရထာဂုံအင်း။

(၁)

| သံ | | ဂုံ |
|---|---|---|
| ဗု | ရ | ဿါ |
| ဂ | | ဒွိံ |
| သ | မိ | ထာံ |
| ပ | | မ |

(၂)

| သံ | | ဂုံ |
|---|---|---|
| ဝ | ရ | ဿါ |
| ဂ | | မွံ |
| သ | မိ | ထာံ |
| ပ | | မ |

(၃)

| သံ | | ဂုံ |
|---|---|---|
| သံ | ရ | ဿါ |
| ဂ | | ဃံ |
| သ | မိ | ထာံ |
| ပ | | မ |

(သံ-ဂုံ-ပ-မ-ကို။အင်းလေးထောင့်မှာရ်)

ဤအင်းသရထာဂုံသုံးအင်းအန္တရာယ်ကင်း၊ တနင်္ဂနွေအိမ်မှစ၍ မြင်းသွားချ။ အလယ်ကွက်နိုက် မိမိနံ့ဂထာန်းကိုရေး။ မှိုင်းကိုင်စက္ကူ။ ထူထူနိုက် ညီညွတ်သန့်ရှင်းစွာရေး၍။ ပြာချပြီးလျှင်။ ရေနှင့်ဆေး၍၊ တနေ့တခါသောက်၊ သက်စေ့သောက်မိလျှင်၊ ဘီလူးသူဘက်တို့ မချည်းနိုင်ပြီ၊ များများသောက်နိုင်ထေ တန်ခိုးကြီးလေဟူ၏။ ။ကပ်ဥပါဒ်ရှိခဲ့သော်။ရှာနီချည်ကို ၂ ကျိပ်ရှစ်ဆူဂါထာ။ ခုနှစ်ဆူစက်ဂါထာတို့နှင့်၊ ခုနှစ်ခေါက်စိမန်း၍ ။ဤအင်းကိုလိပ်၍။ လည်ဖွဲ့၊ လက်ဖွဲ့ လုပ်ပြီးလျှင်၊ ပ

www.dhammaransi.com



ရိတ်ချည်ကြိုးနှင့်သိ၍၊ ပျို့ရွယ်သူတို့၏၊လည်ပင်းထက်ကောက်ဝတ်တို့နှိုက်ချည်၍ဆောင်။ ။ရွှေပြားငွေပြားတို့နှိုက်လည်းပြုလုပ်ရ၏။

## ဗောဓိပက္ခိယအင်း၊

စတ္တာရောသတိပဋ္ဌာနာ၊ စတ္တာရော သမ္မပ္ပဓာနာ။စတ္တာရောဣဒ္ဓိပါဒါ ပဉ္စိန္ဒြိယာနိ၊ ပဉ္စဗလာနိ၊ သတ္တဗောဇ္ဈင်္ဂါနိ၊အဋ္ဌမဂ္ဂင်္ဂါနိ။နဝလောကုတ္တရာဓမ္မာ၊ မဇ္ဈေဗောဓိသမ္မာသမ္ဗုဒ္ဓေါ၊ ။ဤပါဠိဗုဒ္ဓမိုဒ်ကို၊ တမိုဒ်တကွက်စီ ရွတ်ဆို၍။

| | | |
|---|---|---|
| ၄ | ၅ | ၈ |
| ၇ | ၁ | ၄ |
| ၄ | ၉ | ၅ |

တနင်္ဂနွေတောင့်ကာစ၍ချ၊ ။အထက်အင်းနည်းအတိုင်းစီရင်၍ဆောင်၊ အကွယ်အကာကောင်းလှ၏။

---

* တနင်္ဂနွေထောင့်ဆိုရာနှိုက်၊အထက်အင်းကထောင့်ကိုဆိုသည်။ရင်းထောင့်က၊မြင်းသွား ချရမည်၊အလည်ကွက်နှိုက်နောက်ဆုံးမှချရမည်၊

(စတုရမ်းလေးထောင့်ညီညီချ၊)

www.dhammaransi.com



## အဋ္ဌာရသအင်း

| | | | |
|---|---|---|---|
| ၇ | ၆ | ၃ | ၂ |
| ၃ | ၂ | ၇ | ၆ |
| ၆ | ၇ | ၂ | ၃ |
| ၂ | ၃ | ၆ | ၇ |

| | | | |
|---|---|---|---|
| ဉ | သ | ည | က |
| ည | က | ဉ | သ |
| သ | ဉ | က | ည |
| က | ည | သ | ဉ |

ဥုံ-ဘုမ္မိ-နေ-လ စက္ကံ-သွားဟ။ ။ငင်းမန္တာန်နှင့်။ချည်ကို၃၇ခေါက်မန်း၍။ ပရိတ်ချည်လုပ်။ခဲပြား၌ဖြစ်စေ၊ထန်းရွက်၌ ဖြစ်စေ။ငင်းအင်းကို ရေး၍။ စိရင်ပြီးလျှင်။ငင်းချည်ကြိုးနှင့်ခြေချင်းဝတ်မှာ ဖွဲ့ချည်လေ။ငင်းအင်း၌။အာထက်တန်း ဂဏန်း အခရ။

အဋ္ဌာရသနှာဘောဒ်နည်းကား။

| | |
|---|---|
| ၁ နှဋ္ဌာ | ၃ ဆေးဒါန်း |
| ၂ ဟင်းရိုင်း | ၄ ကန့် |

ငင်းလေးပါးအမှုစီညက်ဝွာကျိုတ်၍ထား။ပဋ္ဌတ်ကပ်ရောဂါ ဖြစ်ပွါးသူကို။ နှာခေါင်းတွင်းနှိုက်၊ ထက်ပံမှို့စေ့ခန့်ပေါက်အောင်မှုတ်။ ။

---

အထက်၌ပြထားသောအင်းသည်။ ၄ ကွက်စိစေ့အောင်ရေတွက်သော ၁၈ ချည်းရသောကြောင့်။ အဋ္ဌာရသအင်းဟုခေါ်သည်

www.dhammaransi.com



## ဝမ်းနှုတ်ဆေးဆိုးနည်း။

| | | | | | |
|---|---|---|---|---|---|
| ၁ | ဒန္တာ | ၇။ | ၃ | ဆေးခါးမ်း | ၃။ |
| ၂ | ပိုင်းရှိန်း | ၆။ | ၄ | ကန် | ၂။ |

ဝမ်းအတိုင်း ဆေး၍၊ အထက်နည်းအတိုင်း ပြုလုပ်လေ။

—○—

## မျက်စည်းနည်း။

| | | | |
|---|---|---|---|
| ၁ | ဓိန် | ၅ | ဒန္တာ |
| ၂ | ဆေးခါးမ်း | ၆ | ပိုင်းရှိန်း |
| ၃ | ကန် | ၇ | လက်ကျား |
| ၄ | ဖဝက်သာ | | |


ဝမ်း ၇ ပါးအမျှစီ။ အလွန် ညက်စွာ ကျိတ်ပြီးလျှင်၊ဘူးပုလင်းမှာထည့်၍ထား။ ပဋိတ် ရောဂါ ရောက် သူမှာ။ တောင် လုံးကျော် မြစ် ကိုသွေးပြီးလျှင်၊ဝမ်းအရေနှင့်၇ပါးဆေးနဲ့ထည့် ၍မျက်စဉ်း ခတာခတာခတ်။ ။ဝမ်း သတ္တဝဂ္ဂတို့ ဆေးများကို၊ရဆေး၍၊တိုက်တွင်းအိမ်တွင်းမျိုး နှင့်၊ဆီးခိုးမှိုင်းတိုက်လျှင်ကောင်းသည်ဟူ၏။ ။ ပြဆိုခဲ့ပြီးသော၊ဆေးနည်းများကို၊ ရောဂါမရောဲ ပိတင်ကူး၍ရဆေးပြီးလျှင်၊ကိုယ်မှာအမြဲဆောင် ထားကြရမည်။ ။

www.dhammaransi.com



တေ ဇ သု နေ မ ဘူ စံ နှ ဝိ ဝေ။

ဒင်းအင်း(စမ ၄ လုံး) အင်းကို တခါတည်းနှင့်



ပြီး အောင် ရေး၍။ ကွမ်းရွက် ၃ ရွက် မှါတအင်းစီ၍၊ဒင်း အရံ ဂါထာ နှင့်။ ကွမ်းရွက်ကို၊ ၃၇ ခုဝ်မန်း။ ဒင်းကွမ်း ရွက် ပြုတ် ရေ ကို တိုက်။ မျှောက်နေကြပ္ပ၏။ ။အထက်အင်းများ ကိုလည်း။ ဤနည်းတူပြု၍တိုက်လေ။ ။

---

ငန်းဆေးနည်း။

၁ ဒေါက်ရုပ်မြစ်

၂ ဇောကရုပ်မြစ်

၃ ညောင်နီမြစ်

ဒင်းသုံးပါးအမျှစ်။ အလွန်ညက်စွာ ပြု၍ထား။ ပဋိတ်ရောဂါကပ်ရောက်သူကို။ အထက်အင်းဖြာ များထဲ၌နိုင်နိုင်တိုက်။ ဩဇာနံ့ အစားမှား။ ရေချိုး မှား။ အပြင်းဖျားဟူသမျှပင်ကောင်းသည်ဟူ၏။ ။

www.dhammaransi.com



## ဇင်းနဝင်းငန်းဆေးတနည်း

| | | | | | |
|---|---|---|---|---|---|
| ၁ | ဆင်ငိုမြက် | ၅ | ၆ | ဂျင်း | ၅။ |
| ၂ | သနပ်ခါးခေါ် | ၅ | ၇ | ကွမ်းစားဂရုံး | ၅။ |
| ၃ | ကွမ်းရွက် | ၅ | ၈ | နနွင်း | ၅။ |
| ၄ | ကျပ်ခိုး | ၃ | ၉ | လေးညှင်း | ၃ |
| ၅ | ဆား | ၃ | | | |

ဇင်း၉ပါးကိုရေကျပ်ချိန် ၅၀ ခန့်နှင့်၊ ထက်ဝက်မျှကျန်အောင်ကျို၍၊လဘက်ရေ သောက်သကဲ့သို့ပူပူသောက်၊မျက်နှာကိုဆေးအခိုးရိုက်စေရမည်၊ပျောက်နေကြပြဟူ၏။ ၊

## လျှာပွတ်ဆေး။

၁ ငြုပ်မိုးမျှော်
၂ နနွင်းစိမ်း
၃ ကျပ်ခိုး

ဤသုံးပါးအမျှစီ၊အလွန်ညက်စွာကျိတ်၊ပဋိတ်ရောဂါကပ်ရောသူမှာ၊လျှာလိပ်၍ဝင်၍သွားမည်ရှိလျှင်၊ ဇင်ဆေးမှာဆားအနည်းငယ်ထဲ့၍၊ လျှာရင်းကိုနာနာပွတ်လေ၊ ၊ပဋိတ်ရောဂါ၊ဝမ်းဘရောဂါကပ်ရောက်သူ၏၊ ခေါင်းရင်းနှိုက်ထိုင်ပြီးလျှင်

www.dhammaransi.com



နှစ်ကျိပ်ရှစ်သူ ဂါထာကြီး။ ခုနှစ်သူ စက်ဂါကြီး များကို၊ မိတ်မာန်ထန်ထန်နှင့်၊ အခေါ်ပေါင်းများ ဝါရွတ်ရမည်။ နှုတ်လွတ်မရလျှင်၊ စာကိုတွင်တွင် ဘတ်ရမည်၊ အများဝိုင်းအုံ၍ ဘတ်ကြလျှင်သာ၍ ကောင်း၏၊ အထက်နှိုက်ဘော်ပြခဲ့သော၊ အဋ္ဌာရ သနှာဆေး။ သဗ္ဗာကဗ္ဗတံ၊ မျက်စည်းဆေးတို့ကို၊ ကိုယ်နှိုက်အမြဲဆောင်ထားကြရမည်ရေနှင့်ဖျော် ၍။ တိုက်တွင်းအိမ်တွင်းမှာပက်ဖြန်း၍ ထားကြရ မည်။ ။ဤစာအုပ်နှိုက်ထုတ်ဘော်၍ပြဆိုခဲ့သော ဂါထာမန္တရားဆေးဝါးအင်းအိုင်ဂုကား၊ အလွန် ညံ့ဖျင်းလှသော သူတို့ပင်၊ သိမှတ်ပြုလုပ်နိုင်ရန် လွယ်လည်း လွယ်လှ၏၊ ပျောက်လည်း ပျောက် ငြိမ်းဘူးလှလေပြီဟု ပြောဆိုကြသော နည်းလမ်း များပေတည်း။ ။အဖျားအနာမရှိဘဲ။ အစနှိုက်မူး ဝေခြင်း။ နောင်နှိုက်အလွန်အိပ်ချင်ခြင်း ဖြစ်၍အိပ် ရာမှာသေဆုံးတတ်သောပဋ္ဌိတ်ရောဂါ တမျိုးဖြစ် ထာခဲ့သော်၊ သူနာကို မအိပ်စေမူ၍ပြဆိုခဲ့ပြီးသော နှာဆေး။ မျက်စည်း ဆေး။ လျှာပွတ် ဆေးငန်း ဆေးတို့နှင့်နိုင်နင်းစွာကုသလျှင်ပျော်ငြိမ်း၏။ ။

ဘိလူးသူဘက်၊ အစိမ်းသူရဲတို့ကိုအစာကျွေးမွေး ၍ကုသခြင်း၏၊ အကြောင်းအရာကို ဘော်ပြပေ

www.dhammaransi.com



ဒွံ့။ အထူးဂရုစိုက်၍ ကြည့်ရှုမှတ်သားရန်အချက် ကြီးပေတည်း။

ကပ်ရောဂါမျိုးမည်သည်၊ ဘိလူးသူဘက်။ အစိမ်းသူရဲ တို့ကြောင့်သက်သက်ဖြစ်၏။ လူနာ၏ ကိုယ်တွင်း၌ ရောက်နေသောပရောဂကို ထုတ်နိုင်မှဆေးကုလို့ရသည်၊ မထုတ်နိုင်လျှင်ဆေးကု၍ မရ။ ပယောဂကိုထုတ်မှုသည် အစါကွဲ၍ထုတ်နည်း။ ပရိတ်တော်။ ဂုဏ်တော်၊ ဂါထာမန္တရား။ ဆေးဝါးအင်းအိုင်တို့ကိုပြုလုပ်၍ထုတ်နည်း။ တန်ခိုးကြီးသောနတ်များကိုတိုင်ကြားအပ်နှံ၍ ထုတ်နည်းဟူ၍အမျိုးမျိုးရှိ၏။ ဘယ်နည်းမျိုးနှင့်ပင်ထုတ်သော်လည်း။ အစာပေးမှုကို၊ မလွှတ်ကြရကုန်။ အကြောင်းမူကား။ သဠ္ဌပြဲ‌ပြင်နည်း၊ ထမ်းစရာ။ နိုင်နင်း အောင်လုပ်နိုင်ကြပါလျှင်တော်၏၊ မနိုင်နင်းလျှင် သာ၍ဆိုးတတ်ကြကုန်၏ (ကွဲ့နှစ်ကောင်ခတ်ရာ၌ မြေစာမြက်မခံနိုင်) ဆိုဘိသကဲ့သို့။ လူနာမခံနိုင်ရှိ တတ်သည်။ အစာပေးမှုသည်မူကားအလုပ်လည်း လွယ်၏။ တခါမြင်ဘူး ကြားဘူးရလျှင်။ လူတိုင်း လုပ်တတ်ကြ၏၊ ပယောဂများနှင့်လည်းကြေလည် ၏။ ထို့ကြောင့် ပဋိတ်ရောဂါဖြစ်စေ၊ ဝမ်းရောဂါ ဖြစ်စေ၊ တစုံ တယောက်သောသူမှာ ဖြစ်လာခဲ့သော်

www.dhammaransi.com



သိလျှင်သိခြင်း။ဆာန်များနှင့်လျှင်မြန်စွာကိုးပြီးလျှင်
ထိုဆံကိုပင်အမြန်ချက်၍အမြန် ကျွေးမွေးကြကုန်
ရမည်။အကိုးအကျွေး နောက်ကျ၍သူတို့ အမှုက
ထက်လွန်ခဲ့လျှင်။ကျွေးမွေးကုသသော်လည်း မရ
နိုင်ရှိတတ်သည်။ ကုသ၍ရပါသော်လည်း။ လူနာ
အလွန်ပင်ပန်းပြီးမှရတော့သည်။သတိ ထားကြ
ကုန်။ ။ဥပမာကား။မြွေဆိုးကိုက်သောသူ
မှာ။ မြွေဆိပ်၏။ အမှုထက် ပယောဂတို့၏။ အမှု
သည်သာ၍ခက်၏။ပယောဂကိုနှင်ထုတ်နိုင်မှဆေး
ကုလို့ရသည်ဟုအများသိကြ၏။ မြွေကိုက်သော
သူထက်ပင်။ဤကပ်ရောဂါဖြစ်သူတို့မှာ။ ပယော
ဂတို့၏။အမှုသာ၍သာ၍ခက်ဖြစ်ခဲ၍ ပယောဂအချက်
အလွန်အားကြီးလှ၏။ လူနာတယောက်မှာပင် ပ
ယောဂအများဝိုင်းဝန်းလျက်ရှိတတ်ကြ၏။ ဝမ်း
ရောဂါပရောဂတို့သာ။ ပဋ္ဌိတ်ရောဂါ ပယောဂ
တို့သည်သာ၍တန်ခိုးကြီးကြကုန်၏။ တော်တော်
ပရိတ်ရွတ်မှု။ဂုဏ်တော်ရွတ်မှု။ ဂါထာမန္တရား။
ဆေးဝါးအင်းအိုင်း မှုများကိုမထိကြကုန်။ တော်
တော်မြို့စောင့်နတ်။ရွာစောင့်နတ်။အိမ်စောင့်နတ်
များတို့သည်။သူတို့ကိုမနိုင်ကြကုန်။လူတို့အလျပ်
မှာကျည်ရုံမျှသာတတ်နိုင်ကြကုန်၏။ တန်ခိုးကြီး

www.dhammaransi.com



ဟုသောမြို့စောင့်နတ် ရွာစောင့်နတ်များတို့မှ သာ နိုင်ကြကုန်၏။နိုင်ကြကုန်သောသည်။ သူတို့ကိုရှိသောသူကိုမှ ကြည့်ရှုကြကုန်၏။ ရှိသောသူပင်ဖြစ်သောသည်။သူတို့ကိုအတိုင်အကြား နောက်ကျ၍၊ ကျွန်းလွန်ပြီးမှ သိကြဖြန်လျှင်၊ မတတ်နိုင်ကြကုန်ပြီ၊ ။ထိုကြောင့် ကပ်ရောဂါဖြစ်တတ်ကြရာ။ မြို့ရွာသူမိန်းမတို့သည်။မြို့စောင့်နတ်ရွာစောင့်နတ်၊ အိမ်စောင့်နတ်။ ဝင်းတွင်း ။ခြံတွင်းရှိ ရုက္ခစိုရ်းနတ်များကို။ သတင်းကြီးနေ့များတို့၌။ ထမင်းဦး ဟင်းဦး၊ မုန့်ဦး။ပဲဦး။သစ်သီးပန်းမှန်။ ဆေးကွမ်း ထက်ဘက်ဦးများတို့နှင့်။တရားသဖြင့်ပူဇော်ပသ ခြင်းများကို။ မမေ့ မလျော့ကြရကုန်။နတ်များတို့ ကိုတရားသဖြင့်ပူဇော်ပသခြင်းသည်၊ သရဏဂုံ ပျက်သည် မဟုတ်၊ ငါတို့မြတ်စွာဘုရား ချီးမွမ်း တော်မူသော အမှုပင်ဖြစ်သည်၊တရားဘျမ်းဂန်တို့ ၌။မလိမ္မာသူတို့နာနာဝါဒပြောဆိုကြသည်များကို နားမထောင်ကြစေနှင့်။ အသက် အန္တရာယ်ကြီး ဖြစ်သည်၊ ။ကပ်ရောဂါဆိုက်ရောက်ခဲ့သော၊အခါမလွန်မီ။ဘိလူးသူဘက်တို့အား။ အစာကျွေးမှု များကို။နေ့မဆို။ညမဆိုမြန်မြန် ပြုလုပ်နိုင်ကြရန်။ ဆန်စ။ငွေစ။သားရေစ၊မုန့်မှုန့်စများကိုအိမ်နှိုက်

www.dhammaransi.com



အသင့် ရှိကြစေရမည်၊ အစာကျွေးမွေးပုံများကို မေးမြန်း၍ ထားကြကုန်ရမည်၊ ဆို့မှမိမိတို့က ပေါက်ဖွားကြသောသားငယ် သမီးငယ်များကို အသက်ရှည်အောင်စောင့်ရှောက်နိုင်ကြကုန်မည်။ ။ (ကောင်းကောင်းသတိထားကြလေကုန်။)

အစာကျွေးနည်းကား၊ ။ဆန်တစထယ်တခွက်ကိုချက်။ ရန့်မှုန့်ကို ရေနှင့် နယ်၍။ လူနာကိုယ်နှိုက်ခြေဖျားခေါင်းဖျားတိုင်အောင်ရန့်မှုန့်လုံးကို လိမ့်။လူရှုပ်လုပ်။ထုံးနည်းများသုတ်၊ ။ဖက်ခွက်ကြီးနှိုက်ထမင်းကိုထည့်။ သားစိမ်းငါးစိမ်းများလည်း၊ တမတ်ဘိုးသုံးမူးဘိုးဝယ်၍ ထမင်းပေါ်မှာထဲ့။ရန့်ရှုပ်ကိုလည်းထဲ့။သားရေကို မီးဖုတ်၍ ထဲ့၊ လူနာ၏ ဆံပင်ခြေသည်း လက်သည်းများလည်းထဲ့ လူနာမျက်နှာစာနှိုက်ပြ၍ထား။ (အရှင်သူရဲမင်း တို့အား။ ဤသူနာ၏ ကိုယ်စား ပြု၍။ ကောင်းစွာကျွေးမွေးပါသည်၊ လိုက်ကြပါ။ လာကြပါ။စားသုံးကြပါ။သောက်သုံးကြပါ။ဝ ဝ စား၍ ဝေးဝေးသွားကြပါ)ဟု။ သုံးခါဆို၍။ဝင်းပြင်ခြံပြင်လွှတ်ထပ်ရာအရပ်နှိုက် ချထား၍ ကျွေးမွေးရမည်။

www.dhammaransi.com



မြေစာကျွေးနည်းမှာ။ ။ဆန်နှင့်အမဲမိမ်း၊ငါး မိမ်းများကိုရော၍ ဖြူ ံးစပ်ကြို၊ဖက်ခွက်မှာထဲ ။ ယခင်အတိုင်း။ ရန့်ရပ်၊သားရေ မီးဖုတ် များကို လည်းထဲ့။ လူနာ၏ခြေရင်းနှိက်ထား၍ ဆိုမြဲဆို၊ ခြေများ ရွေ့ရှား၍ လာ ထတ်၏။ ဝင်ဖြင်မြဲဖြင် နှိက် ထမိုက်-နှစ်မိုက်ခန့်တွင်းတူး၊ အထက်မြေ ကိုတပုံ၊အောက်မြေကို တပုံထား၊ ဖက်ခွက်ကို တွင်းနှိက်ထဲ့ အထက်မြေကိုအချင်ဘို့၊အောက် မြေကိုနောက်မှဘို့၊ ပို့သူတို့မှာ ထက်၌ ဓါးကိုင် ၍သွားကြရမည်။ ။ပြန်၍မဝင်နိုင်စေခြင်းဌာ၊ လူနာ၏ ထည်ပင်းထက်ခြေတို့နှိက်။ အကွယ်အ ကာမြန်မြန်လုပ်၍ထား၊ ယောက်ျားဖြစ်သူတို့က၊ မိမိတို့နှိက်ရှိသော ဗုဒ္ဓ ံသရဏံ ဂစ္ဆာမိ၊အစရှိ သောပရိတ်တော်၊ ဂုဏ်တော်ပါဠိတော် ဂါထာ မန္တရားမျိုးကိုအခေါက်များစွာရွတ်မန်း၍၊ပရိတ် ရေ၊ပရိတ်ချည်၊မန္တန်ရေ၊မန္တန်ချဉ်ပြုလုပ်ကြလေ ကုန်၊ပရိတ်ရေမန္တာန်ရေ၊ပရိတ်ချည်၊မန္တာန်ချဉ် များကိုပြုလုပ်ရန်၊ပရိတ်မန္တာန်များကိုရွတ်သော အခါနှိက်၊ငါ၏နှုတ်ကရွတ်သမျှသောအက္ခရာတို့ သည်၊ဤရေထဲ ဤချည့်ထဲမှာအကျန်ရော်စေမည် ဟုရေချည်တို့၌အာရုံပိုက်၍၊စိတ်မန်တင်းတင်းနှင့်

www.dhammaransi.com



ဖြင်းဖြင်းရှတ်။ ။ညအခါနိုက်လူနာကိုလွှတ်၍မ ထားကြရ၊လူနာနားမှာဓါးတဝင့်ဝင့်နှင့်စောင့်နေသူတယောက်နှစ်ယောက်၊အမြဲရှိစေရမည်၊ညအခါမှာဥစ္စာထုပ်ကိုသူခိုးချောင်းသကဲ့သို့၊လူနာကိုပယောဂတို့ကတချောင်းတည်း ချောင်းလျှက်နေကြကုန်၏၊လူနာကဘယ်နေရာကို၊ပါကြီးကို မြင်ပါသည်ဆိုလျှင်၊ထိုနေရာကိုဓါးနှင့်ရမ်း၊ မီးစနှင့်ရမ်း ဆူးခက်နှင့်ရမ်း၊ ပရိတ်ရေပက်၊ မန္တာန်ရေပက်၊ဆေးလိမ်းမှုဆေးတိုက်မှုကိုလည်း ညအခါ၌သာ၍လုပ်လေ။ ။သူနာတို့ကိုယ်ခန္ဓာမှာ၊ဘီလူးသဘက်တို့က၊ အလျှင်ဦးခဲ့လျှင်၊ ပရိတ်မန္တာရေး ဆေးဝါးအင်းအိုင်တို့ကမတိုးတဲ့နိုင်ကြကုန်ပြီ၊ ပရိတ်မန္တာရေး ဆေးဝါအင်းအိုင်တို့က အလျှင်ဦးခဲ့လျှင်၊ ဘီလူးသဘက်က မတိုးတဲ့ နိုင်ကြကုန်ပြီ။ ထိုကြောင့်သူတို့ကိုရှေးဦးစွာအစာနှင့်မြှား၍၊ သူနာမှအပသို့ထုတ်ကြရသည်။ ။မွှေကိုက်နာ၊ပငိုတ်နာ၊ဝမ်းရောဂါ၊ဤသုံးပါးတို့နိုက်အစာကျွေး၍တောထုတ်မှုကိုအမြဲပြုကြကုန်ရမည်။ ။တောထုတ်မှုကိုဂရုမစိုက်ကြကုန်သည့်အတွက်၊ ယခုအခါ၌၊သို့ကထောက်သေကြေပျောက်ကြ ကုန်ရသည်။နွားကျဲ့မြင်းတို့နာကြရာနိုက်လည်း။ တော

www.dhammaransi.com



ထုတ်မှုကိုဂရုစိုက်ကြစေကုန်။ ။ပယောဂနှင့် စဝ်သောကာရိယာများကိုမလိမ္မာသူတို့ကြားခဲ့မြင်ခဲ့လျှင်။ ရယ်ဘွယ်ဖြစ်၏။ ရယ်သူရှိလျှင်ပြုသူရှက်၍ပျက်ကွက်သဖြင့်။ အခွင့်မကျောဘဲ။ အကျိုးနဲ့အကျိုးယုတ်ဖြစ်၍သွားတတ်၏။ ။နှစ်ဆိုးတို့ပြုလုပ်၍ဖြစ်တတ်သော။ ကပ်ရောဂါမျိုးမည်သည်။ နေရာကျဲလုပ်တတ်ပါလျှင်။ တမတ်တန်။ ငါးမူးတန်၊ သာမန် ပြုလုပ်ကာမျှဖြင့် ပင် ပျောက် ငြိမ်းတတ်၏။ နေရာကျမလုပ်ခဲ့လျှင်၊ တအိမ်လုံးပြုတ်ပြုတ်ပြုန်းအောင် သေဆုံးတတ်၏။ ထိုကြောင့် ဟုတ်မဟုတ်ကို မချမသိတဲ့နိုင်သော အရာမျိုး၌ ငါမယုံကြည်၊ ငါအယူမရှိဟု အလေးမပြု ဂရုမစိုက်ဘဲမနေကြရကုန်။ဟုတ်လျှက်နှင့်မပြုခဲ့သော်။ တအိမ်လုံး ဒုက္ခဖြစ်ရာ၏၊ ပြုခဲ့သော် တအိမ်လုံး ချမ်းသာရာ၏။ မဟုတ်ဘဲနှင့်ပြုခဲ့သော်သည်း။ တမတ်တန်ငါးမူးတန်၊တအုပ်တန်၊ ၂ကျပ်တန်ကုန်ကျ၍၊အကျိုးမနဲ့နိုင်၊ပညာသတိရှိကြစေကုန်။ ။ ဤစာအုပ်ကို တွေ့ရှိကြလျှင်။ ထုတ်ပြခဲ့ပြီးသည့်၊ အနုရောယ်ကင်း ဂါထာဆေးဝါးများကို။ အမြန်အားတုပ်ပြုလုပ်ပြီးစီးရှိကြစေရမည်။ ။ဤမှကြွင်းကျန်သောဘီလူး သူဘက်တို့ကိုနိုင်နင်းရန်။

www.dhammaransi.com



ကပ်ဥပဒ်မျိုးတို့ကို ပျောက်ငြိမ်းစေနိုင်ရန်၊ အန္တ ရာယ်ကင်း နည်းလမ်းများတို့ကို မှုကား၊ အန္တ ရာယ်ကင်းစာပြန်ပွဲတွင်ပြန်ဆိုကြရန်စိမံချက်စာ အုပ်မှာပြည့်စုံစွာပါရှိထတ္တံ့။

---

## (၁၂) ဒွါဒသမခဏ်း

### အင်္ဂုတ္တိုရ်ပါဠိတော်မှာ၊ ငါတို့မြတ်စွာဘုရား ဟောကြားတော်မူအပ်သောကာပ် သုံးပါးအကြောင်း

တရံရောအခါ၊ မဟာသာလမြဲ့ာဟ္မဏာ တဦး သည်၊ မြတ်စွာဘုရားအား လျှောက်ထားသည် မှာ၊ ၊ရှေးရှေးသောအခါန္တိက်၌ဇမ္ဗူဒိပါကျွန်း သည်၊လူတို့ဖြင့်အခြားမရှိသကဲ့သို့၊ ပြည့်လျှက်ရှိ ၏၊ နိဂုမ်းမြို့ရွာ၊ရာဇဓာနီ၊ မင်းနေပြည်တို့သည် ကြက်ပြန်တကျ၊ နီးစပ်လျှက်ရှိကြကုန်၏ဟု၊ ဆ ရာစဉ်ဆက်တို့ပြောဆိုကြသည်များကို ကြားနာ ဘူးရပါသည်၊ယခုမှာမူကား၊ လူတို့သည်အလွန် ကုန်ပျောက်နည်းပါးလျှက် ရှိကုန်သည်၊ အဘယ် အကြောင်းကြောင့်၌မျှလောက်ကုန်ပျောက်နည်း

www.dhammaransi.com



ပါး၍ ပါကုန်သနည်းဟူ၊ မြတ်စွာ ဘုရားအား လျှောက်ထားလေ၏။ ။မြတ်စွာဘုရားသည်။ အကြောင်းသုံးပါးကို ထုတ်ဆော်၍ ဖြေတော်မူ ပေ၏။ ။အကြောင်း သုံးပါး ဆိုသည်ကား။ သတ္တန္တရကပ်တပါး၊ ဒုဗ္ဘိက္ခန္တရ ကပ်တပါး၊ ရောဂန္တရ ကပ်တပါး၊ ။ယခုအခါ၌လူသတ္တဝါတို့သည်၊အဓမ္မရာဂ၊ဝိသမလောဘ၊မိစ္ဆာဓမ္မ ဟူသောအယုတ်တရား အားကြီးကြကုန်သော ကြောင့် ဤကပ်ဥပါဒ်ကြီးသုံးပါးတို့သည်၊ကမ္ဘာ ပေါ်မှာမကြာမကြာပေါ်ပေါက်လာကုန်၏။ ။ ထိုသုံးပါးတို့တွင်။ သတ္တန္တရကပ်ဆိုသည်ကား။ တပြည်နှင့်တပြည်၊တမြို့နှင့်တမြို့၊တရွာနှင့်တရွာ၊ တယောက်နှင့်တယောက်၊ထိုက်ခိုက်ကြမှု၊ သတ် ဖြတ်ကြမှုကိုဆိုသတည်း။ ဒုဗ္ဘိက္ခန္တရ ကပ်ဆို သည်ကား။ မိုးခေါင်သဖြင့် အစာရေစာငတ် မွတ်ခေါင်းပါးမှုကိုဆိုသတည်း။ရောဂန္တရ ကပ် ဆိုသည်ကား၊ လောကနိုက်ရှိကြကုန်သော။ ရေ ဘီလူး မြေဘီလူး၊ကုန်း ဘီလူးတို့၏၊ထကြွသောင်း ကျန်းမှုတို့ကြောင့်၊ကပ်ရောဂါတို့၏ ဖြစ်ပေါ်မှုကို ဆိုသတည်း၊ ။ဤကပ်ဥပါဒ်ကြီးသုံးပါးတို့သည်၊ ကမ္ဘာပေါ်မှာမကြာမကြာဖြစ်ပေါ်လာသဖြင့် လူ

သတ္တဝါတို့များစွာသေသဆုံးခြင်းတိုးကြကုန်သည် ဖြစ်၍။မြို့ပြ-ပြည် ရွာတို့သည်။ ဆုတ်ယုတ် ပျက်ပြားကြကုန်သဖြင့်။ တိုင်းသုဉ်းပြည်သုဉ်း။မြို့သုဉ်း ရွာသုဉ်း။မြေပြင်အတိ တောအတိ ခြုံအတိဖြစ်၍ ကုန်ကြသောကြောင့်။ယခုအခါ ကမ္ဘာပေါ်မှာလူ သတ္တဝါတို့လွန်စွာနည်းပါးကြကုန်၏ဟုဖြေတော် မူသည်။

အဓမ္မရာဂဆိုသည်ကား။ ။ယောကျာ်းမိန်း မတို့မှာ။မိမိတို့ဆိုင်ရာနှင့်။အာရုံမပြေကြ ကုန်မူ၍ တခြားတပါးနှင့်။စွန်းငြိကြူးလွန်ကြသော ရာဂ တရားကိုဆိုသတည်း။

ဝိသမလောဘဆိုသည်ကား။ ။ပစ္စည်း ဥစ္စာတို့ နှင့်။သူ့ဘို့ကိုယ့်ဘို့ မှတ်ခြင်း မရှိကြဘဲ။ကိုယ့် ဘို့ကိုသာလုရက် ဆွဲငင်ကြသော။လောဘတရား ကိုဆိုသတည်း။

မိစ္ဆာဓမ္မဆိုသည်ကား။ ။တိရစ္ဆာန်သတ္တဝါ ကိုသတ်မှုသည်။ အပြစ်မရှိ။ သေရည် သေရက် သောက်မှုသည် အပြစ်မရှိ။ဖုံစရှိသောမိစ္ဆာ တ ရားမျိုးကိုဆိုသတည်း။ ။အဓမ္မကထာဖွင့်သော တရားများသည်။ယခုအခါ၌ မထင်ရှားဖွယ်သေး။

ထိုကပ်ဥပါဒ်ကြီးသုံးပါးတို့တွင်။ဤစာအုပ်မှာ

www.dhammaransi.com



ရောဂနိုရကပ်ဥပါဒ်ကြီးသည်သာလိုရင်းဖြစ်၍၊ ထိုရောဂနိုရကပ်ကြီး၏၊ အကြောင်း အရာပ၊ဋ္ဌ တော်လိုရင်းကိုပြဆိုလိုက်အံ့။ ။ယက္ခဝါဠေ အမနုဿေ။ဩသဒ္ဓမနိ တေနု၊ဗဟူ၊မနုဿါ၊ကါ လင်္ကရောန္တိ။ ။ပါဠိတော်၊ ။ယက္ခာတိ ယက္ခာဓိပတိနော၊ အဋ္ဌကထာ။ ။ယက္ခာ။အဓိ ကြီး အကဲဖြစ်ကြကုန်သော နတ်ဘီလူးတို့သည်၊ ဝါဠေ။သတ်မှုစားမှုနှင့်။ရက်စက်ရက်ရဲ။ ရိုင်းမဲ့ ကြမ်း ကျုပ်ကုန်သော၊ အမနုဿေ။ သားရဲသံ ဘက်တို့ကို။ ဩသဒ္ဓမနိ။ ပေါက်လွှတ် လျှောက် လျှား၊ ပစ်၍ထားကြကုန်၏။ တေနု။ထို့ကြောင့်။ ဗဟူ။ များစွာကုန်သော။မနုဿာ။လူသတ္တဝါတို့ သည်။ကာလင်္ကရောန္တိ။သေဆုံးပျက်စီးကြကုန် ၏၊ ။လူ့လောကနှင့် လူဘို့အသက် အနှစ် ငါးရာတန်းမှအထက်။ အယုတ်တရား ၃-ပါးတို့ မရှိသေးမီ ရှေးအခါနှင့်၊ အထက်ကောင်းကင် ဘုံကြီးတို့နှင့် နေကြကုန်သော နတ် သကြား ဗြဟ္မာတို့သည်။ လူတို့ကိုကြည်ညို လေးမြတ်ကြ ကုန်၏။ ယခုအခါနှင့် အင်္ဂလိပ် အစိုးရမင်းတို့ သည်၊နိုင်ငံကိုအုပ် ချုပ်ကြကုန်သကဲ့သို့။ လူ့လော ကကို ကြည့်ရှုစောင့်ရှောက်ကြကုန်၏၊ လူတို့ကို

www.dhammaransi.com



အထိအပါးမရှိရအောင်နတ်ဆိုးနတ်ဝါးတို့ကို။ အ
တင်းအကြပ် နှိပ်ကွပ်အုပ်ချုပ်ကြကုန်၏။ ထိုအ
ခါလူ့လောကမှာ၊ ကပ်ရောဂါဟူ၍၊ တစုံတခုမျှမ
ရှိ၊ လူတို့အသက်အနှစ်ငါးရာတန်းမျှ။ အောက်နိုက်
လူတို့၌ အယုတ်တရုံးကြီးသုံးပါးဖြစ်ပေါ်၍ လာ
၏။ ထိုအခါမှစ၍ အထက်ကောင်းကင်ဘုံကြီးတို့
၌နေကြကုန်သော နတ်သိကြားဗြဟ္မာတို့သည်။ လူ
တို့ကိုမကြည့်ညိုကြကုန်ပြီ။ လူလောကကိုမကြည့်
ရှုကြကုန်ပြီ၊ နတ်ဆိုးနတ်ဝါးတို့ကို။ ပေါက်လွှတ်
လျောက်လျှားပစ်၍ထားကြကုန်၏။ နတ်ဆိုးနတ်
ဝါးသူရဲ သူဘက်တို့သည်။ လူတို့နေရာသို့လာ
ရောက်ကြကုန်၍၊ လူသတ္တဝါတို့အား ကပ်ရော
ဂါအမျိုးမျိုးတို့ကိုပေး၍၊ အသွေးအဆီတို့ကို စား
သောက်ကြကုန်၏။ လူတို့ကို မရှုသာရှိခဲ့သော်။
ကျွဲ-နွား-မြင်း-သိုး-ဆိတ် သတ္တဝါတို့အား။ ကပ်
ရောဂါအမျိုးမျိုးတို့ကိုပေး၍။ အသွေးအဆီတို့ကို
စားသောက်ကြကုန်၏။ ထိုကပ် ဥပါဒ် အလှည့်အ
လှည့် ကြုံကြိုက်ရာမြို့ရွာတို့နိုက်၊ လူသတ္တဝါ။ ကျွဲ
နွား သတ္တဝါတို့သည်။ တသုတ်တသုတ်မှာပင်။
အရာ အထောင် အသောင်းများစွာသေဆုံးကြ
ကုန်၏။ ထိုကြောင့် ယခုအခါနိုက်။ လူသတ္တဝါ

www.dhammaransi.com



တို့သည်အလွန်ကျန်ပျောက်နည်းပါးလျက်၊ တော
နယ် ခြိုနယ်တို့သည်၊ ကျယ်ပွါးများပြား ကျန်၏
ဟူ၍။ ငါတို့မြတ်စွာ ဘုရား ဖြေကြား တော်မူ
၏။ ထိုဘီလူး သူဘက် အနိဋ္ဌာရုယ်တို့ကို၊ ကွယ်
ကာရန်ကုစားရန်ဆေးဝါးမန္တရားပညာတို့သည်
လည်း၊ငါးရာတန်းမှစ၍၊ဇမ္ဗူဒီပနယ်ပယ်အတွင်း
မှာ များစွာ ပေါ်ပေါက်ရှိနေကြကုန်၏။ ဗုဒ္ဓဘာ
သာဝင်လူမျိုးများဖြစ်ကြပါကုန်လျက်၊ ကြားဘူး
နားဝမရှိကြသည့်အတွက်၊ ဘီလူးသူဘက်တို့အ
တက်ကြောင့် ကပ်ရောဂါဖြစ်သည်ကိုမယုံကြည်
ကြကုန်သော သူတို့သည်၊ ဤပါဠိတော်ကြီးကို
ငြင်းပယ်ရာရောက်ကြကုန်၏။

ခရစ်ရန်ဘာသာ၊ ဘရင်ကျီဘာသာလူမျိုးများ
ဖြစ်ကြပါကုန်လျက်၊ ဘီလူးသူဘက်တို့အတတ်
ကြောင့် ကပ်ရောဂါဖြစ်သည်ကို၊ မယုံကြည်ကြ
ကုန်သော သူတို့သည်။ ဓမ္မဟောင်းကျမ်း၊ ဓမ္မ
သစ်ကျမ်း၊ကျမ်းစာများကိုငြင်းပယ်ရာ ရောက်
ကြကုန်၏။ ခရစ်တော်၏၊ ဘုန်းတန်ခိုးကိုလည်း၊
ချိုးဖျက်ရာရောက်ကြကုန်၏။

သမ္မာကျမ်းစာအုပ်တွင်၊ ရှင်မသဲ ခရစ်ဝင်
ကျမ်းစာမျက်နှာခံ ပါတ် (၈)ဂဏန်း၊ အကြောင်း

အရာ(၁၆)ဂဏာန်းမှ စ၍ရင်း။ ပဋိညာဉ် တရားတော်သစ် ကျမ်းစာအုပ်တွင်။ စာမျက်နှာနံပါတ် (၂၃) ဂဏာန်း။ အကြောင်းအရာ (၁၆) ဂဏာန်းမှစ၍ရင်း။ ထိုကျမ်းစာအုပ်တို့နှိုက်နတ်ဆိုးတို့ကို နှိုင်နင်းမှုတို့ဖြင့်။ ခရစ်တော်၏။ ဘုန်းတန်ခိုးတို့ကို အမျိုးမျိုးဘော်ပြါရှိကြကုန်၏၊ နတ်ကောင်းတို့ကိုမူကား။ ထိုကျမ်းစာတို့မှာ ကောင်းကင်တမန် ဟူ၍ခေါ်ကြကုန်၏။ ကောင်းကင်ဗိုလ် ခြေဟူ၍ လည်းခေါ်ကြကုန်၏၊ ထာဝရ ဘုရားကိုသည်း။ ကောင်းကင်ဗိုလ်ခြေ၏၊ အရှင်ဟူ၍၊ ဆိုကြကုန်၏။ ။ကောင်းကင်တမန်တို့သည်ချည်းကပ်၍။ ခရစ်တော်ကို လုပ်ကျွေးကြရသည်ဟု ထိုကျမ်းစာတို့မှာလာရှိ၏။ ။ခရစ်တော်ကဲ့သို့ နတ်ဆိုးတို့ကို မနှိုင်နင်း ကြကုန်သောသူတို့ သည်ကား။ နတ်ဆိုးတို့ကို အသုံးပြုလို ကြကုန်သည့်ရှိ သော် ( သိုး- နွား- ကြက်-ဝက် )စသည်တို့ကိုသတ်၍။ အသီအသွေးတို့ကို အမြဲကျွေးမွေး၍ အသုံး ပြုကြကုန်၏။ ။လောကနိုက်ပါစ်နတ်ခေါ်သော နတ်ဆိုးတန်ခိုးကြီး တို့သည် ရှိကြကုန်၏။ ခရစ်ဝင်ကျမ်းတို့မှာ၊အချို့ကို (ဗေလ ဇေဗုလ) ဟူ၍ခေါ်၏။ ထိုနတ်ဆိုးတန်ခိုးကြီးတို့ကို အသုံးပြု လိုကြ

ကျန်သောသူတို့သည်။ ယစ်ပလ္လင် တည်ဆောပြီး လျှင်။(နွား-သိုး-ဆိတ်) အစရှိသောတိရစ္ဆာန်တို့ ကိုနေ့စဉ်မပြတ် သတ်၍ ။ အဆီ အသွေးတို့ကို။ ကျွေးမွေးကြကုန်၏၊ တိရစ္ဆာန်တို့ကိုမီးရှို့၍၊ အ အခိုးအနံ့ဖြင့်ကြိုင်အသင်းတို့ကိုပေးကြကုန်၏။အ ကျွေး အမွေးလစ်လပ်ခဲ့သော်၊ ကျွေးမွေးသူ၏။ ပ ရိတ်သတ်ကိုပင်ကပ်ဥပါဒ်ဖြစ်ပွါစေ၍ စားတတ် ကြကုန်၏၊ ။ဤယစ်ပူဇော်မှုကြီးများသည်။ရှေး အခါနှိက်အလွန်ကြီးကျယ်၏၊ ။တိုင်းရှင်ပြည့် ရှင်မင်းတို့သည်၎င်း။ဥစ္စာနေနှင့် ပြည့်စုံကြကုန် သောသူဌေးကြီး ပုဏ္ဏားကြီးတို့သည်၎င်း။ ရံဘန် ရံခါ။ငါးရာတထောင်၊နွားကောင်သားကောင်တို့ ကိုသတ်၍၊ ကျွေးမွေကြကြောင်း၊ ဗုဒ္ဓဘာသာ ကျမ်းဂန်များမှာ လာ၏၊ တယောက် တနယောက် သော နတ်ဆိုး တန်ခိုးကြီးတို့နှိက်၊ အခြံအရံနတ် ဆိုးပေါင်း။ အထောင် အသောင်း ရှိကြ ကုန်၏။ ကျွေးမွေးသောသူ၏။ အလိုကိုလိုက်ကြ ကုန်၏။ ကျွေးမွေးသူအလိုရှိ ရာအမှုတို့ကို မိမိတို့တန်ခိုးရှိ သလောက်ပြုလုပ် ရွက်ဆောင်ကြကုန်၏၊ သူတပါး တို့၌ ရောဂါဥပါဒ်ကိုဖြစ်စေမှု၊ ကပါးသောနတ် ဆိုးတို့ပြုလုပ်သော ရောဂါများကို။ ခံအချင်ပျော်

www.dhammaransi.com



ငြိမ်းစေမှု၊ အတိတ်- အနာဂါတ်အကြောင်းအရာ များကိုပြောကြားမှုပေတည်း ။သူတို့၏အရာ မဟုတ်ပေသော၊အံ့ဘွယ်သရဲအမှုကြီးများကို ပြု လုပ်၍ပြကြကုန်၏။ ။တန်ခိုးကြီးသောနတ် ကောင်းကြီးများနှင့် ပေါင်းဘက်မိသော သူများ သည်ကား၊နတ်ဆိုးကြီးတို့နှင့်ပေါင်းဘက်ကြသူ များထက်သာလွန်၍ တန်ခိုးကြီး၏၊ သူဘပါးတို့ ၏စိတ်အကြံကိုသိတတ်၏။အတိတ်အနာဂါတ်အ ကြောင်းအရာမျိုးကို။ အတန်အရာ သိနိုင်၏။ ရော ဂါများကိုလည်း ဆေးကိုပေး၍၊ ခဏခြင်းပျောက် ငြိမ်းစေနိုင်၏။ လူသေကိုပင် ၊ရှင်အောင် ပြုလုပ် နိုင်သည်ဟုကျော်စောတတ်၏၊ ဤကဲ့သို့သောသူ များသည်။ကမ္ဘာပေါ်မှာ ထိုထိုမြို့ရွာတို့နိုက်ရံခါ ရံခါပေါ်ပေါက်လာတတ်ကြ၏၊ သမာဓိနတ်မှော် ခေါ်သောပညာကြီးတမျိုးပေတည်း။ ။အချို့ သောသူတို့သည်၊ နတ်ဆိုးနတ်ကောင်းတို့ ပြုကြ သော၊ အံ့ဘွယ်သရဲမှုကြီးများကိုလူအများတို့၏။ ကိုးကွယ်ရာဘုရားတန်ခိုးတော်ပြုလုပ်၍ပြောဆို တတ်ကြကုန်၏။ ထိုသူတို့ကို လူအများက၊ မိမိ တို့ကိုးကွယ်ရာဘုရား၊ အမြဲစောင်မ သူဟုထင် မှတ်ကြကုန်၏၊ထိုသူတို့ကို ဘုရားကဲ့သို့ကြောက်

ရှိ ခံနိုင်ခြင်းမှိကြကုန်၏၊ ။လောကရေးနှိုက် အကြံအဘန်ကောင်းကြပေသောယောကျ်ားကြီးများ၏။ဟူသည့်ပတ်ဥာဏ်မျိုးပေတည်း။ ဤကဲ့သို့ အကြီးအကျယ်ကျူးမွေးကြသူတို့မှိ ကြသော အခါနှိုက်။ထိုနတ်ဆိုး အပေါင်းတို့ သည်လည်း။ ကမ္ဘာပေါ်မှာ ထိုထိုနိုင်ငံမြို့ရွာတို့သို့ ဟူသည့်အသည့် ကာ။ကပ်ဥပါဒ်အမျိုးမျိုး။ တို့ကိုပေး၍။ အသွေးအသ ဆိတ်တို့ကိုရှာကြံစားသောက်ကြကုန်၏။ မရှသာရှိ ခဲ့သော်။ ဘါးစိမ်း-ငါးစိမ်း။ စသည်တို့ကိုရှာကြံ စားသောက်၍။မျှတနေထိုင်ကြကုန်၏၊

(ဤကါးပဋိတ်ကပ်ရောဂါ။ဝမ်းရောဂါစသော ကပ်ရောဂါ အမျိုးတို့သည်။ ဘီလူးသူဘက် တို့ ကြောင့်ဖြစ်ကုန်သည်ဟူသောစကားသည်။ ဘာ သာတိုင်းမှာပင် ထင်ရှားရှိနေ ကြောင်းကို ပြဆို ချက်တည်း။)

လောကနှိုက် အချို့သောသူတို့သည်မူကား။ ဘာသာကျမ်းများကို မယုံကြည်ကြကုန်။မိမိတို့ ပညာစွမ်းနှင့်စမ်းသပ်၍ တွေ့ရှိမှသာ ယုံကြည်ကြ ကုန်၏။ ထိုသူတို့သည်သေလွန်ကြသည်မှ။နောင် ဘဝအရေးနှိုက်။ အဖြောင့်အမှန် လိမ္မာနိုင်ကြရန်

www.dhammaransi.com



အခွင့်မရှိကျန်၊အကြောင့်မှုကား။ ဤလောကကြီးမှာပကတိသောလူတို့၏၊ညာဏ်စွမ်းပညာစွမ်းနှင့် မသိနိုင် မမြင်နိုင်သော အရာသည်။ အနန္တများပြားလျက်ရှိသတည်း၊ ထိုကြောင့်၊ ဘာသာဆိုလျှင်။ လုံးလုံးပစ်ပယ်၍ လည်းမသင့်။ ဟုတ်မှန်သော ဘာသာကိုရှာကြံမှုအလုပ်သည်။ မဆုတ်သာမရှောင်သာ။မနေသာမှုကြီးဖြစ်သတည်း။ ။ အကြောင်းမူကားယခုဘဝအရေးထက်။ နောက်ဘဝအရေးသည်၊သာ၍ကြီးလှ၏၊တခါတိမ်းပါးခဲ့သော်၊ ဘဝအထောင်မက မြုဇ်မြော၍ သွားတတ်ကြ၏၊သတိရှိကြစေကုန်။

—o—

## (၁၃) တေရသမခန်း။

သုတ္တနိပါတ်ပါဠိတော်မှာ။ငါတို့မြတ်စွာဘုရားဟောတော်မူသည်ကား။ဩက္ကာကမင်းလက်ထက်မတိုင်မီ၊ ရှေးအခါ၌လူတို့သည်၊ နွားတို့ကိုမိမိတို့၏။ဆွေ ခင်း မျိုးရင်းတို့နှင့်အတူ ကြည်ဖြူလေးမြတ်ကြကုန်၏။ ထိုအခါ အထက်ကောင်းကင်ဘုံတို့၌ရှိနေကြကုန်သော သမာဒေဝနတ်တို့သည်၊လူလောကကိုအလေးဂရုပြု၍ကြည့်ရှုစောင့်

www.dhammaransi.com



ရှောက်ကြကုန်၏။ ။ဘိလူးသူဘက်တို့သည်။ လူတို့ကိုထိပါးခွင့် မရကြကုန်၊ ထိုအခါ လူလောကမှာရောဂါ ဥပါဒ်ဟူ၍မရှိကြ။ ။ဩက္ကာကမင်းလက်ထက် တိုင်ရောက်သောအခါ၊ မိစ္ဆာပုဏ္ဏားတို့ပေါ်ပေါက်လာကုန်၍၊ တိရစ္ဆာန်သတ္တဝါမည်သည်၊ လူတို့သုံးဆောင်ဘို့ ဖြစ်ပေါ်ကြကုန်၏။ တိရစ္ဆာန်သတ္တဝါတို့ကို သတ်ဖြတ်စားသောံသော်လည်း၊အပြစ်မရှိ။ နွားတို့၏အသားဖြင့်ပုဏ္ဏားတို့ကို၊ ကျွေးမွေးသောသူသည်၊ ကောင်းကင်ဘုံသို့ ရောက်၍ထာဝရချမ်းသာကို ခံစားရ၏ဟု၊ ကျမ်းစာရေးသားပြီးလျှင်၊ကမ္ဘာဦးကျမ်းဆို၍။ဩက္ကာကမင်းထံဆက်သွင်းကြကုန်၏။ ။ဩက္ကာကမင်းသည်၊ ယုံကြည်ခြင်းရှိသဖြင့်၊နွားတို့ကိုသတ်၍ ပုဏ္ဏားတို့ကို ကျွေးမွေး၏၊ လူအများတို့သည်၊ စားကြကုန်၏။ ထိုကျမ်းစာမှလာသောမိစ္ဆာအနွယ်သည်၊ ယခုထက်တိုင်ရှိနေ ကြ၏။ ။နွားကိုသတ်ကြသူ။ နွားသားကိုစားကြသူတို့ပေါ်ပေါက်သောအခါမှစ၍၊သမါဒေဝနတ်တို့သည်၊လူလောကကိုမကြည့်ရှုကြကုန်ပြီ၊ ။ပင်လယ်နိုက်နေကြသော၊ ပင်လယ် ရေဘီလူး၊ ကျွန်းငယ်နေ ရေဘီလူး၊ ထာဝရ တည်သော

www.dhammaransi.com



ရေအိုင် ကြီးများနှိက် နေကြသော ရေဘီလူး။ သဲကန္တာရ။ တောကန္တာရ ကြီးများနှိက်ရင်း။ တောင်ကြီး တောင်ငယ်များ၌ရင်း။ တိုင်ပြည်မြို့ ရွာတည်ထောင်၍နေကြကုန်သော။ တောဘီလူး။ တောင်ဘီလူးတို့သည်လည်း။ လူထုထစ်ရာ။ မြို့ရွာ နယ်ပယ်သို့ ရံခါရံခါထွက်လာကြကုန်၍။ အခနေ အထိုင်မလုံမခြုံမသန့်မရှင်း။ ရုပ်ထွေးလူးလဲရာ ပြည်ရွာမြို့ပြတို့ကိုစားခွင့်ရကုန်၏။ မြို့ပြပြည်ရွာ နေမြေဘီလူး။ ကုန်းဘီလူး။ ရေဘီလူး တို့သည် လည်း။ ထို့အထူစားခွင့်ရကုန်၏။ ။ထိုအခါမှစ ၍ လူတို့၌။ ကိုယ်တွင်းမှဖြစ်သောရောဂါမျိုး။ဘီ လူးသူဘက်တို့အတွက် ကိုယ်ပမှာဖြစ်သောရော ဂါမျိုးတို့သည်။ ပေါ်ပေါက်လာကုန်၏ဟူ။ငါတို့ မြတ်စွာဘုရားဟောတော်မူသည်။လောကနှိက်ရှိ နေကြကုန်သောကပ်ရောဂါဟူသမျှတို့သည်။နွား သတ်ရုံ သားသတ်ရုံတို့ကိုအစွဲပြု၍။ ဖြစ်ပေါ်လာ ကြကုန်သည်ဟုဆိုလိုသည်။ ။ဩက္ကာကမင်း ကားကန္တားဦး မဟာသမတမင်းမှစ၍။ငါတို့ဘု ရားထက်ထက်တိုင်။ မဟာဝင်ကျမ်းများမှာ။မင်း ပေါင်း သုံးသိန်း။သုံးသောင်းငါးရာခြောက်ဆယ် ကိုးယောက်မျှလာရှိသောမင်းဆက်တို့တွင်။ ရှစ်

www.dhammaransi.com



သောင်း လေးထောင် ကျော်မျှသော မင်းတို့၏ နေဝံနှိုက်။ သာကီဝင်မင်းဆက်မပေါ်မီ၊ ဩက္ကာ ကမင်းနွယ်မင်းဆက်ပေါင်းသုံးရပ်ရှိသည်တွင်။ ဘယ်ဩက္ကာကမင်းဖြစ်မည်မသိသာရှိ၏။ ။ ဤပါဠိတော်ကိုထောက်ခြော်၍။ နွားသားစားသူတို့ ကိုသမာဒေဝနတ်ကောင်းနတ်မြတ်တို့သည်။ အ လွန်ရန်ကြကြောင်းကို သိအပ်၏။ ကိုယ်စောင့် နတ်တို့သည်လည်း။ ထိုကိုယ်ကို ရန်ကြကုန်၏။ အိမ်စောင့်နတ်တို့သည်လည်း၊ ထိုအိမ်သူအိမ်သား တို့ကိုရန်ကြကုန်၏၊ ရွာစောင့်နတ်၊ ရပ်စောင့်နတ် မြို့စောင့်နတ်၊ တိုင်းစောင့်နတ်၊ ပြည်စောင့်နတ်တို့ သည်လည်း။ နွားသားစားသောသူကို။ ထိုအတူ ရန်ထားကြကုန်၏။ ။ဘိလူးသူဘက်အစိမ်းသူ ရဲတို့မှုကား။ လူတို့၏အသွေးအသားကို အလွန် ကြိုက်ကြကုန်သကဲ့သို့။ နွားတို့၏အသွေးအသား ကိုလည်းအလွန်ကြိုက်ကြကုန်၏။ ယဇ်ကြီးပူဇော် ကြကုန်သောသူတို့သည်၊ နွားတို့ကိုများစွာသတ် ကြရကုန်၏၊ နွားသားကိုစားသောကြကုန်သော လူတို့၏အသွေးအသားတို့ကိုမူကား။ ဆိုဘွယ်ရာ မရှိပြီ၊ ။ထိုကြောင့်၊ ယခုအခါကပ်ဥပါဒ်မှလွှတ် ကင်းကြ လိုကုန်သောသူတို့သည်။ နွားသားစားမှု

www.dhammaransi.com



ကိုကြည့်ရှောင်ကြကုန်ရာ၏။ ။ထိုထက်တတ်နိုင်ကြပါကုန်မူကား။ အသားစားမှုများကိုကြည့်ရှောင်ကြကုန်ရာ၏ ။နွားသားကြိုက်လျက်သေလွန်ကြကုန်သောရှင်လူအပေါင်းတို့သည်။ ယေဘုယျအားဖြင့်။ ဘိလူးသူဘက်ဘဝသို့ချည်းရောက်ကြရိပ်ထင်ကြကုန်၏။

(အကြင်မြို့ရွာတို့၌။ဤစာအုပ်ကိုရှုတ်ဘာ တ်သူများကြကုန်၏ ထိုမြို့ရွာကို ဘိလူး သူဘက်တို့ရှောင်ကွင်းကြကုန်လတ္တံ့။အကြောင်းမူကား။ ဤမြို့ဤရွာသည်ငါတို့ပြုလုပ်သောအမှုကိုသိကြကုန်၏။ ။ပညာရှိကြီးအပေါင်းတို့ကောင်းကောင်းစုံစမ်းကြရန်။နိုင်ငံအရပ်ရပ်သို့။ဤစာအုပ်ရောက်ဘို့ကောင်းလှပေ၏။)

ဤတွင်၍ကား။ ။မော်လမြိုင်မြို့၊ကျိုက်သံလံတောင်ထိပ်။ အောင်လံတိုင် ဘုရားအနီးတွင်။ မော်လမြိုင်မြို့သူ မြို့သားတို့ ဆောက်လုပ်သော။ အောင်လံတိုင်ဝါဆိုကျောင်း၌။ သတင်းဝါကပ်ဆိုနေထိုင်စဉ်အခါ။ သုတ်ပါထေယျ ပါဠိတော်သိဂါလောဝါဒသုတ်နိုက်။ဆရာဖြစ်သူတို့က။ တပည့်ဖြစ်သူတို့အား။ ပြုရသော ကျင့်ဝတ်တရားငါးပါးလာရှိသည်တွင်။ နောက်ဆုံးကျင့်ဝတ်တ

ရားနိုက်။ (ဒိသာသု။ပရိတ္တာဏံ။ကရောန္တိ)ဟူ၍။ ငါတို့ဘုရားဟောကြားတော်မူသည်နှင့်အညီ။ တပည့်ဖြစ်သူတို့အား။ သွားလေရာ။နေလေရာ။ရှစ်မျက်နှာအရပ်တို့၌ ဥပါဒ်အန္တရာယ် အကွယ်အကာဂါထာမန္တရား။ဆေးဝါးအင်းအိုင်တို့ကို။ဆရာဖြစ်သူများက။ သင်ကြားပြုလုပ်ပေကြရမည်ဟူသော။ ဘာသာကျင့်ဝတ်တရား။ ထင်ရှားရှိသည့်အတိုင်း။ယခုအခါကမ္ဘာပေါ်မှာ။ ထိုထိုနိုင်ငံမြို့ရွာတို့၌ဖြစ်ပေါ်၍နေသော။ပဋိတ်ကပ်ရောဂါဝမ်းရောဂါအစရှိသော ကပ်ရောဂါမျိုးတို့၏ အကြောင်းအရာများကို။ ကွယ်ကာရန် နည်းလမ်းများနှင့်တကွ။ပြဆိုသောကျမ်းဖြစ်၍ (ရောဂန္တရဒီပနီ) အမည်ရှိသောဤစာကျမ်းသစ်သည်။ မြန်မာသက္ကရာဇ် ၁၂၇၀-ခုနှစ်ကဆုန်လဆန်း ၃ရက်နေ့တွင်အောင်မြင်ပြီးစီးသတည်း။

ယခု။၁၂၇၃ခုနှစ်တွင်။မန္တလေးမြို့တော်၌။နေဝံ ထပ်စိမ်ချက်များ။ကိုထည့်သွင်း၍။အသစ် တဘန် ပုံနှိပ်လုပ်ဆောင်ပါသတည်း။

ဤတွင်ရောဂန္တရဒီပနီကျမ်းပြီး၏။

မန္တလေးမြို့၊ ဆိုင်းတန်းရပ်နံပါတ်(၇)ဗလ(၁၀)-ပါးဆေးဆိုင်က၊ ဘော်စပ်သောအစွမ်းကောင်းဆေးများကို-မိတ်ဆွေတို့အကျိုးငှါဘောပြကြော်ငြာလိုက်ပါသည်။ ။

၁ ဗလ(၁၀)ပါးဆီးဆေး။
ဆီးရောဂါကိုနိုင်ပါသည်။
၂ စမုံပြုဆေးရည်။
ဝမ်းကျရောဂါကိုနိုင်ပါသည်
၃ အဇီဏ္ဏလေဆေးရည်။ ၆
လေရောဂါကိုနိုင်ပါသည်။
၄ ပိတ်သုခဆေးရည်။ ၆၄၈
ကာလသားရောဂါကိုနိုင်ပါသည်။
၅ ဇီဝသုခဆေးလုံး။ ၆-၄-၈
အသက်ရှည်ဆေးဖြစ်ပါသည်။
၆ ဂိဝါသုခဆေးရည်။ ၈-၆
ချောင်းဆိုးရောဂါကိုနိုင်ပါသည်။
၇ ကြံ့သုခဘန်း
အကိုက်ရောဂါကိုနိုင်ပါသည်။
၈ ဓါတ်ကြံ့ထေးပါဆေးရည်။ ၁၂
မီးယပ်ဒူလာရောဂါကိုနိုင်ပါသည်။

နာဂရာဇာခန်းဆေး။ ၆
ရေ-အစားများနှင့်အဖြာကိုနိုင်ပါသည်။
၁ သူငယ်နာဆေး။ ၈-ပဲ
၁ ဂန္တိသာရဆေးမှုန့် ၁၂-ပဲ
ရင်ဘတ်နာလေနာကိုနိုင်ပါသည်။
၂ ဒန္တသုခဆေးမှုန့်။ ၄-ပဲ
သွားနာကိုနိုင်ပါသည်။
၃ စက္ခုသုခဆေးရည်။ ၄-ပဲ
မျက်စိနာများကိုနိုင်ပါသည်။
၄ ဒေဝဩသဓဆေးလုံး။ ၇
ပါးပေါက်နာကျပ်နာကိုနိုင်ပါသည်။
၅ လေမျိုး(၈၀)ဆေးရည်။ ၆
၁၆ သုခဗသလေဆေးကျော် ၆
အကိုက်အခဲနှင့်အညောင်းအညာများကိုနိုင်ပါသည်။
၁၇ ခေါင်းကိုက်ဆေးမှုန့် ၁-ပဲ
၁၈ ပန်းနာဆေးမှုန့် ၂-ပဲ
ပန်းနာမှန်သမျှကိုနိုင်ပါသည်။
၁၉ ဒီဃာယုဆေးဝိဇ္ဇာ ၁၂၀
ရောဂါကြီးများကိုနိုင်၍လူဝစေတတ်ပါသည်။

www.dhammaransi.com



၂၀ သေဉ္စာဆေးခဲ ၁၂

လေနာရောင်ဘတ်နာများကို နိုင်ပါသည်။

၂၁ ကာယဗလဒူလာဆေး ၆-၈

ဒူလာကြီးကိုနိုင်ပါသည်။

ဤဆေးများ၏အကျိုးကို ဘော်ပြသောဖြေ

ငြာအချပ်ကိုအလိုရှိပါကအဘိုးမရှိပို့သပါမည်

လိုရှိသောမိတ်ဆွေတို့ကမှာထားတော်မူပါ။

ဆရာသိန်း။

ဗလဆာယ်ပါးဆေးဆိုင်

ဆိုင်းတန်း